ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 28 September 2017 (၉၀၆၁)

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့သို့ ကြွချီအပူဇော်ခံ

စာမျက်နှာ - ၃

သဘာဝသယံဇာတများကို နိုင်ငံသားတိုင်း တန်ဖိုးထား မြတ်နိုးတတ်ရန် လိုအပ်

စာမျက်နှာ - ၇

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အိမ်ရာစီမံကိန်းများမှ တိုက်ခန်းများကို နိုင်ငံ့ဝန်ထမ်းများအား အရစ်ကျရောင်းချပေးသွားမည်

စာမျက်နှာ - ၁၁

မြန်မာ-ဗြိတိန် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များ ဆွေးနွေး

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ Minister of State ၊ The Rt. Hon Mark Field MP အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၇

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးမှ အာရှရေးရာနှင့် ပစိဖိတ်ဒေသဆိုင်ရာ Minister of State ၊ The Rt. Hon Mark Field MP အား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗြိတိန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စ၊ လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကိစ္စနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်ကိစ္စများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြေသားစမ်းသပ်ခြင်း(ရေအောက်)လုပ်ငန်း ဆောင်ရွက်နေစဉ်။

ဒလတံတားတည်ဆောက်ရေးစီမံကိန်း မြေသားခံနိုင်ဝန်စမ်းသပ်ခြင်းလုပ်ငန်း ပြီးစီး

ဒလ စက်တင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးကို ဖွံ့ဖြိုးတိုးတက်စေမည့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား(ဒလ)တည်ဆောက်ရေးစီမံကိန်းကို စတင်တော့မည်ဖြစ်၍ မြေသားစမ်းသပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြေသားခံနိုင်ဝန်စမ်းသပ်ခြင်းလုပ်ငန်းဖြစ်သည့် ရန်ကုန်ဘက်အခြမ်းဖြစ်သော ဘုန်းကြီးလမ်းတစ်လျှောက်ကို လည်းကောင်း၊ ကမ်းနားလမ်း ဘယ်ဘက်အခြမ်းနှင့် ညာဘက်အခြမ်းကို လည်းကောင်း၊ ဒလဘက်အခြမ်းဖြစ်သော ကမာကဆင့်ရပ်ကွက်ရှိ လှေဆိပ်ထိပ်မှ နာရီစင်အဝိုင်းအထိကို လည်းကောင်း၊ မြစ်အတွင်းနှင့် ကမ်းစပ်တစ်ဖက်စီအတွက်လည်းကောင်း ပွိုင့်စုစုပေါင်း ၆၄ (Bore hole)တွင်းအတွက် မြေသားစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားခြင်းဖြစ်ပြီး ပွိုင့် ၁ (Bore hole)တွင်း၏အနက်မှာ မီတာ ၇၀ ဝန်းကျင်စီရှိကာ ပွိုင့်အကျယ်မှာ မီလီမီတာ ၁၀၀ စီရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by EUROMONEY 2017

ကြေးမုံ

ထင်ဟပ်ရမည့် မျှတသော မျှော်လင့်ချက်များ

ရခိုင်ပြည်နယ်၏အရေးကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက စက်တင်ဘာ ၂၈ ရက်တွင် ဆွေးနွေးကြမည်ဟု သိရှိရပါသည်။ အဆိုပါ အစည်းအဝေး၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်က ဤကိစ္စရပ်အပေါ် တင်ပြချက်တစ်ရပ်ပြုလုပ်မည်ဟုလည်း ကြားသိရပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို၏ တင်ပြချက်သည် ပြဿနာ၏ ပကတိသဘောသဘာဝကို ထင်ဟပ်၍ ပြဿနာ၏ အဖြေရှာဖွေရေးကို ဦးတည်စေမည်ဟု မျှော်လင့်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်၏ပြဿနာကို အဖြေရှာဖွေနိုင်ရေးအတွက် နည်းလမ်းတို့ကို ရှင်းလင်းချပြပြီးဖြစ်ပါသည်။ ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးလာသည်ဆိုသော ဘင်္ဂါလီမျိုးနွယ်တို့ကို ၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ညှိနှိုင်းရရှိခဲ့သည့် အခြေခံမူလေးရပ်နှင့်အညီ ပြန်လည်လက်ခံမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းစွာ ပြောကြားပြီးဖြစ်ပါသည်။ အဆိုပါ အခြေခံမူလေးရပ်မှာ ပြန်လည်ဝင်ရောက်လာသူတို့သည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူများဖြစ်ရပါမည်။ ၎င်းတို့ကိုယ်တိုင် ပြန်လည်ဝင်ရောက်လိုသူများဖြစ်ရပါမည်။ ကွဲကွာနေသောမိသားစုများ၏ မိသားစုဝင်တို့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဗဟိုအဆင့်ရှိသော တရားရုံးမှ ထောက်ခံချက်ပါရှိရပါမည်။ တစ်ဖက်နိုင်ငံတွင် ထပ်မံမွေးဖွားသော ကလေးတို့သည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သော မိဘနှစ်ပါးမှ မွေးဖွားသည့်ကလေးတို့ဖြစ်ရပါမည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဤကဲ့သို့ ခိုင်မာသောဖြေရှင်းရေး လုပ်ငန်းစဉ်တို့ကို ချပြပြီးဖြစ်ကြောင်း တင်ပြလိုရင်းဖြစ်ပါသည်။ ဤအချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ တင်ပြချက်၌ ထင်ဟပ်မည်ဟု မျှော်လင့်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ ဖြစ်သင့်ဖြစ်ထိုက်သူတို့ကို နိုင်ငံသားအခွင့်အရေးပေးမည်ဟု ပြတ်ပြတ်သားသား ပြောကြားပြီးဖြစ်ပါသည်။ ဤအချက်ကိုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ တင်ပြချက်တွင် ထင်ဟပ်မည်ဟု မျှော်လင့်ပါသည်။ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ လိုလားချက်သည် နိုင်ငံသားအခွင့်အရေးမဟုတ်၊ အမည်ဆန်းတပ်ထားသော တိုင်းရင်းသားအခွင့်အရေးဖြစ်သည် ဆိုသည်ကိုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မမေ့မလျော့ထောက်ပြမည်ဟု မျှော်လင့်ပါသည်။ တိုင်းရင်းသားအခွင့်အရေးတောင်းဆိုခြင်းသည် အချုပ်အခြာအာဏာပိုင်နယ်မြေ တောင်းဆိုခြင်းဖြစ်သည်မှာ ထင်ရှားပါသည်။ ရခိုင်ပြည်နယ်ရှိ ကိုးကွယ်ရာ ဘာသာမတူ၊ လူမျိုးကွဲပြားကြသော လူ့အသိုင်းအဝိုင်းတို့၏ လူ့အခွင့်အရေးတန်းတူရရှိရေးကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ထောက်ခံတင်ပြသကဲ့သို့ ရခိုင်လူမျိုးတို့၏ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာတို့ ဆုံးရှုံးသွားမည့်အပေါ် စိုးရိမ်နေသော သောကကိုလည်း စာနာနားလည် တင်ပြမည်ဟု မျှော်လင့်ပါသည်။ သမိုင်းအချက်အလက်တို့အပေါ် မျှတသောစိတ်ထားဖြင့် မှန်ကန်စွာ သုံးသပ်သူတိုင်းသည် လူမျိုးတို့၏ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာတို့အား ထိန်းသိမ်းလိုသော စိတ်ဓာတ်ကို လေးစားအသိအမှတ်ပြုကြမည်သာ ဖြစ်ပါသည်။ "ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့တို့၏ လုပ်ရပ်သည် စာဖွဲ့စရာမဟုတ်၊ လူမျိုးတုံးသတ်ဖြတ်နေသည်ဟူသော သတင်းတို့သည်သာ အလေးအနက်ထားစရာ" ဟူသော တစ်ဖက်သတ်အမြင်တို့ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ တင်ပြချက်တွင် ပယ်ချထားမည်ဟု မျှော်လင့်ပါသည်။ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်ပြဿနာဖြေရှင်းနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည့်သတင်းအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အလေးအနက်ထားတင်ပြမည်ဟု မျှော်လင့်ပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ တင်ပြချက်သည် မျှတသော ဤမျှော်လင့်ချက်တို့ကို ထင်ဟပ်နိုင်စွမ်းမရှိပါက ရခိုင်ပြည်နယ်၏ ပြဿနာဖြေရှင်းရေးကို လမ်းချော်သွားစေမည်ဖြစ်ကြောင်း လေးနက်စွာ သတိပေးထောက်ပြတင်ပြအပ်ပါသည်။ ။

သီပေါမြို့နယ်၌ လူသွားလမ်း ပလက်ဖောင်းတည်ဆောက်

သီပေါ စက်တင်ဘာ ၂၇

သီပေါမြို့နယ် စည်ပင်သာယာရေးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေကျပ် ၃၆ သိန်းကျော် ကုန်ကျသည့် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းရှေ့ ၂၅၅ ပေရှည် လူသွားလမ်းပလက်ဖောင်း တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ဗဟိုအဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

ဗဟိုအဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ (၂၀၁၆)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ပြန်လည်သုံးသပ်ရာတွင် တစ်နိုင်ငံလုံး၏ လုပ်ငန်းများအဖြစ် မမေ့မလျော့ ဆန်းစစ်လွှမ်းခြုံစဉ်းစားရန် လိုအပ်ကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူးများက မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြသည်ဟု ခံယူစေလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက သားဖွားဆရာမများ၏ လုပ်ငန်းအစီရင်ခံစာပုံစံများ လျှော့နည်းပြီး အမြန်ဆုံး အသုံးပြုနိုင်ရန် ဆောင်ရွက်စေလိုကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်း၏ အလုံးစုံပါဝင်သော မြို့နယ်ကျန်းမာရေးစီမံကိန်း၌ အဓိက အရေးကြီးပြီး မဖြစ်မနေ လုပ်ဆောင်ရမည်များကိုသာ သေချာထည့်သွင်း ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ကျန်းမာရေးစီမံကိန်းများတွင် အခြေခံကျန်းမာရေးဝန်ထမ်းများအား အဓိက ပါဝင်ဆောင်ရွက်စေလိုကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းနောက် ဗဟိုအဆင့်လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ (၂၀၁၆)ကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆန်းစစ်ရန်၊ အမျိုးသားကျန်းမာရေး စီမံကိန်း (၂၀၁၇-၂၀၂၁)နှစ်အလိုက် အကောင်အထည်ဖော်မည့် စီမံကိန်းနှင့် ပတ်သက်၍ ညှိနှိုင်းရန်၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တို့တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်၍ အတည်ပြုချက်ရယူရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး စက်တင်ဘာ ၂၈ ရက်အထိ သုံးရက်တာ ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

■

မြန်မာစာပေ၊ ဝတ္ထု၊ ဘာသာပြန်နှင့် သတင်းရေးသားနည်းပညာ သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စာပေတံခွန်အသင်းတို့ ပူးပေါင်းကျင်းပသည့် မြန်မာစာပေ၊ ဝတ္ထု၊ ဘာသာပြန်နှင့် သတင်းရေးသားနည်းပညာ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူမှုဗဟိုပြု Community Center ၌ ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းတို့က လူငယ်များ အသိပညာဗဟုသုတ တိုးပွားလာစေရန် ယခုကဲ့သို့ သင်တန်းများ အထူးလိုအပ်ကြောင်း၊ မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးစေရုံသာမက ဘဝအလင်းအသိတရား ပိုမိုကျယ်ပြန့်လာစေကာ နိုင်ငံတော်နှင့် လူမျိုးအတွက် အကျိုးပွားစေသော အရာများကို အနုပညာဖြင့် ဖန်တီးထုဆစ်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ ကျော် တက်ရောက်ပြီး ဘာသာရပ်အလိုက် သင်တန်းဆရာများက စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **(ညဏ်ဟိန်း)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်(ရွှေဈေး)	၉၃၆၅၀၀	-	၉၃၆၅၀၀		
မန္တလေး(ရွှေဈေး)	၉၃၆၅၀၀	-	၉၃၆၅၀၀		

စက်သုံးဆီဈေးနှုန်း

			ရန်ကုန်	မန္တလေး
(က)	ဒီဇယ်	တစ်လီတာ	၇၁၀/၇၃၀ ကျပ်၊	၇၅၀/၇၆၀ ကျပ်
(ခ)	အောက်တိန်း ၉၅	တစ်လီတာ	၇၆၀/၇၇၅ ကျပ်၊	၈၀၀/၈၈၀ ကျပ်
(ဂ)	အောက်တိန်း ၉၂	တစ်လီတာ	၇၂၀/၇၄၀ ကျပ်၊	၇၈၀/၇၉၀ ကျပ်
(ဃ)	အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၂၅/၇၅၀ ကျပ်၊	၇၇၀/၇၈၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၉၀/၆၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅/၇၁၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၁၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၃၆၀.၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၆၀၄.၀
(ဂ)	တရုတ်	တစ်ယွမ်	=	၂၀၄.၈၂
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၀.၉၂၇
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၂၃.၃၁
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၀.၇၇၆
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၂၁၀.၀
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၉.၃၉
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၇၁.၉
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၃.၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့သို့ ကြွချီအပူဇော်ခံ

ညောင်ရွှေ စက်တင်ဘာ ၂၇

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များသည် အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီကြွချီ အပူဇော်ခံလျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့သို့ ရောက်ရှိအပူဇော်ခံရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်၍ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များကို ကရဝိက်ဖောင်တော်ဖြင့် လင်းကင်းကျေးရွာစံကျောင်းတော်မှ ရိုးရာဆွဲလှေ ၃၇ စင်းဖြင့် ညောင်ရွှေမြို့သို့ ပင့်ဆောင်ပူဇော်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် ဖောင်တော်ဆိုက်ပြာသာဒ်ဆောင်သို့ ရောက်ရှိခဲ့သည်။

ထို့နောက် ကရဝိက်ဖောင်တော်ပေါ်မှ ဘော်ယာဉ်ပေါ်သို့ ပင့်ဆောင်ရာ ပထမကိုယ်ပွားတော်မြတ်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း၊ ဒုတိယကိုယ်ပွားတော်မြတ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ တတိယကိုယ်ပွားတော်မြတ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ စတုတ္ထကိုယ်ပွားတော်မြတ်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများကလည်းကောင်း ပင့်ဆောင်ကြသည်။

ယင်းနောက် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များကို ဘော်ယာဉ်ဖြင့် ညောင်ရွှေမြို့တွင်းသို့ လှည့်လည်အပူဇော်ခံသည်။

ထို့နောက် ဖောင်တော်ဦး ဘုရားပွဲတော် အင်းလေးရိုးရာလှေပြိုင်ပွဲကို ကျင်းပရာ အမျိုးသား ၄၆ ဦး တက်လှေပြိုင်ပွဲတွင် ကေလာနောက်တောင်အသင်းက ပထမ၊ စမ်းဘဲအင်းအသင်းက ဒုတိယ၊ အမျိုးသားရာကျော် လှေပြိုင်ပွဲတွင် ရေသာအင်းအသင်းက ပထမ၊ ရွှေပြည်သာအသင်းက ဒုတိယ၊ အမျိုးသမီး ၂၆ ဦး တက်လှေပြိုင်ပွဲတွင် မိုင်းသောက်အင်းအသင်းက ပထမ၊ အိုင်ထောင့်ကြီးအသင်းက ဒုတိယနှင့် အမျိုးသားတစ်ဦးချင်း လှေပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များ သုံးညတာ ကိန်းဝပ်စံပယ်တော်မူမည့် အဋ္ဌဒိသာဓမ္မဝိဟာရ ဒေသစာရီစံကျောင်းတော်တွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **သတင်း-နေမျိုးသူရိန်**

ဓာတ်ပုံ-စိုင်းအယ်ဘဲ(ညောင်ရွှေ)

အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ၏ လှုပ်ရှားမှုများကို စီမံခန့်ခွဲမှုဥပဒေနှင့်ပတ်သက်၍ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၇

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် Plan International Myanmar မှ Country Director, Mr.Kelly Stevenson နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် (J)ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့များ၏ လှုပ်ရှားမှုများကို စီမံခန့်ခွဲမှုဥပဒေနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ ဒလတံတားမှ

မြေသားစမ်းသပ်ခြင်း (Soil Test) လုပ်ငန်း လုပ်ဆောင်နေသည့် SUNTAC TECHNOLOGIES ကုမ္ပဏီလီမိတက် Operation မန်နေဂျာ ဦးမင်းသက်ဇော်က "မြေသားစမ်းသပ်ခြင်း (Soil Test) လုပ်ငန်းကို ဇူလိုင်လကုန်လောက်ဆောင်ရွက်ပြီးစီးဖို့ မျှော်မှန်းခဲ့ပေမယ့် အခြားအခက်အခဲနဲ့ ရာသီဥတုအခြေအနေအရ လုပ်ငန်းဆောင်ရွက်ရာမှာ ခက်ခဲမှုတွေရှိခဲ့လို့ ဒီစက်တင်ဘာ ၆ ရက်က ဆောင်ရွက်ပြီးစီးသွားတာပါ။ နိုင်ငံတကာမှာလည်း မြစ်တစ်ခုရဲ့ တစ်ဖက်တစ်ချက်စီမှာ ကြည့်လိုက်မယ်ဆိုရင် စည်ကားလှပစွာရှိနေပြီး ခေတ်မီတဲ့ပုံစံကို တွေ့မြင်ရနိုင်ပါတယ်။ ဒီတံတားကြီးတည်ဆောက်ပြီးစီးသွားပြီဆိုရင်တော့ ရန်ကုန်ဘက်ခြမ်းရော ဒလဘက်ခြမ်းပါ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးပါ အစစအရာရာ အဆင်ပြေလာမှာပါ။ ပြီးတော့ မြစ်ကို လှေနဲ့ဖြတ်သန်းပြီး အလုပ်လုပ်ကိုင်နေကြရတဲ့ ပြည်သူတွေရဲ့အသက်အန္တရာယ်ပါ လုံခြုံစိတ်ချရစေမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးပါက ရန်ကုန်ဘက်ခြမ်းနှင့်ဒလဘက်ခြမ်းတို့တွင် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နေ့စဉ်မြစ်ကို လှေဖြင့်ဖြတ်သန်းအလုပ်လုပ်ကိုင်နေကြသော ပြည်သူများ၏ အသက်အန္တရာယ်ပါ လုံခြုံစိတ်ချရစေမည်ဖြစ်ကြောင်း၊ လမ်းအသုံးပြုသူများ အဆင်ပြေစေရန် ဆောင်ရွက်နေသော ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်ရန်အတွက် ပြီးခဲ့သည့် ဧပြီလနောက်ဆုံးပတ်က မြေသားစမ်းသပ်ခြင်း(Soil Test)လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်ရေးစီမံကိန်းမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ

ယစ်မျိုးအက်ဥပဒေနှင့် မြေသိမ်းအက်ဥပဒေတို့ အသစ်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျင့်သုံးလျက်ရှိသော ယစ်မျိုးအက်ဥပဒေနှင့် ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေကို အသစ်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနအကြီးအကဲများနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဥပဒေရေးရာအကြံပေးကော်မတီဝင်များ၊ ဆက်စပ်ဌာနဆိုင်ရာများမှ အကြီးအကဲများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းမှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၅၄ ဦး တက်ရောက်ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထဲရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်က ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုင်တွယ်ကျင့်သုံးလျက်ရှိသော ဥပဒေတစ်ခုချင်းအလိုက် ခေတ်ကာလနှင့် လျော်ညီမှု ရှိ/မရှိ ဆန်းစစ်ရာတွင် ပြင်ဆင်ရန် သို့မဟုတ် အသစ်ရေးဆွဲရန်လိုအပ်ကြောင်း အကြံပြုလာခြင်းကြောင့် ယစ်မျိုးအက်ဥပဒေနှင့် မြေသိမ်းအက်ဥပဒေတို့အား အသစ်ပြန်လည်ရေးဆွဲရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း၊ ယစ်မျိုးစီမံခန့်ခွဲမှုနှင့် ယစ်မျိုးခွန်ကောက်ခံခြင်းကို ကိုလိုနီခေတ်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို တာဝန်ယူဆောင်ရွက်နေသည့် ခရိုင်ဝန် (ကော်လိတ္တော်အရာရှိ)နှင့် နယ်ပိုင်၊ မြို့ပိုင်များစသည့် အုပ်ချုပ်ရေးအရာထမ်းများက တာဝန်ယူ ဆောင်ရွက်ခဲ့ကြကြောင်း၊ ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးစနစ်သစ် စတင်သည့်အခါ ယစ်မျိုးဌာနကို ဖျက်သိမ်းပြီး ယစ်မျိုးစီမံခန့်ခွဲရေးကို ပြည်တွင်းအခွန်များဦးစီးဌာနက လည်းကောင်း၊ တားဆီးနှိမ်နင်းရေးကို ပြည်သူ့ရဲတပ်ဖွဲ့၊ ယခုမြန်မာနိုင်ငံရဲတပ်ဖွဲ့က လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်မှစ၍ ယစ်မျိုးစီမံခန့်ခွဲခြင်းနှင့် ယစ်မျိုးခွန်ကောက်ခံခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြန်လည်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေသည် နှစ် ၁၀၀ ခန့် ကြာမြင့်နေပြီ ဖြစ်သည်က တစ်ကြောင်း၊ ခေတ်ကာလပြောင်းလဲလာသည့်အလျောက် စီးပွားရေးဆောင်ရွက်မှုပုံစံနှင့် ထုတ်လုပ်မှုနည်းစနစ်များ ပြောင်းလဲလာခြင်းတို့ကြောင့် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေသစ်တစ်ရပ်ရေးဆွဲရန် လိုအပ်လာသည်ကို တွေ့ရှိရကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ တရားမဝင်ယစ်မျိုးလုပ်ငန်းများ မရှိစေရေး၊ ကျန်းမာရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေး၊ ရသင့်ရထိုက်သည့်အခွန်များ အပြည့်အဝရရှိရေးတို့အတွက် ဆက်နွှယ်သည့်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်အလို့ငှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဘက်စုံထောင့်စုံက ဖြည့်စွက်ထည့်သွင်းရေးဆွဲရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐

ယူကရိန်းနိုင်ငံရှိ စစ်ဘက်ဆိုင်ရာကုန်သိုလှောင်ရုံ ပေါက်ကွဲမှုကြောင့် ဒေသခံများကို ရွှေ့ပြောင်းပေးရ

ကီယက်ဗ် စက်တင်ဘာ ၂၇

ယူကရိန်းနိုင်ငံအလယ်ပိုင်း ဗင်နက်ဆရာဒေသတွင် တည်ရှိသော စစ်ဘက်ဆိုင်ရာ ပင်မသိုလှောင်ရုံတွင် စက်တင်ဘာ ၂၆ ရက်က အင်အားပြင်းထန်သော ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူအများအပြား ရွှေ့ပြောင်းပေးရပြီး လမ်းများ ပိတ်ထားရကြောင်း ယူကရိန်းအာဏာပိုင်များက ပြောကြားကြသည်။

ယူကရိန်းနိုင်ငံ မြို့တော် ကီယက်ဗ်၏ အနောက်တောင်ဘက် ကီလိုမီတာ ၂၅၀ ခန့်အကွာ ကလီနစ်ဗကာမြို့အနီးရှိ စစ်လက်နက်ပစ္စည်းများ သိုလှောင်ရုံတွင် စက်တင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၅၀ တွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းကြောင့် အနီးဝန်းကျင်ရှိ မြို့ငယ်တွင်နေထိုင်သည့် ဒေသခံများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယူကရိန်းပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် စစ်ဘက် သိုလှောင်ရုံတွင် ခဲယမ်းမီးကျောက်တန်ချိန် ၁၈၈၀၀၀ ခန့် သိုလှောင်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ပြောကြားသည်။ ယင်းပေါက်ကွဲမှုကြောင့် ထိခိုက်သေကျေမှုသတင်းများ လတ်တလောတွင် မရရှိသေးပေ။ ယခုဖြစ်ပွားသည့် လက်နက်သိုလှောင်ရုံ ပေါက်ကွဲမှုသည် ယူကရိန်းနိုင်ငံ၌ ယခုနှစ်အတွင်း သုံးကြိမ်မြောက် ဖြစ်ပွားသည့် ပေါက်ကွဲမှုဖြစ်သည်။ ယခုနှစ်မတ်လနှင့် စက်တင်ဘာလအတွင်း ဒွန်နက်စ်ဒေသနှင့် ခါကော့ဗ်ဒေသတို့တွင် သီးခြားစီဖြစ်ပွားသော လက်နက်သိုလှောင်ရုံ ပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

ဆင်ဟွာ။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝပ်ထရာအား ထောင်ဒဏ် ငါးနှစ်ချမှတ်

ဘန်ကောက် စက်တင်ဘာ ၂၇

ထိုင်းနိုင်ငံတရားရုံးချုပ်က ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝပ်ထရာအား ထောင်ဒဏ် ငါးနှစ်ချမှတ်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

စက်တင်ဘာ ၂၇ ရက်တွင် တရားခွင်သို့ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း တက်ရောက်ခဲ့ခြင်းမရှိသော်လည်း သူ့အား ထိုင်းနိုင်ငံတရားရုံးချုပ်က ထောင်ဒဏ်ငါးနှစ် ချမှတ်ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းအနေဖြင့် တာဝန်ထမ်းရွက်စဉ်ကာလအတွင်း လယ်သမားများအား အမတော်ကြေးငွေများပေးသဖြင့် နိုင်ငံ၏ ဘဏ္ဍာငွေများ ထိခိုက်လျော့နည်းစေသည်ကို လျစ်လျူရှုခဲ့သည့်အတွက် တရားရုံးချုပ်က ထောင်ဒဏ်ငါးနှစ်ချမှတ်ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်းဦးဆောင်သည့် အစိုးရအဖွဲ့က လယ်သမားများထံမှ ဆန်များကို ဈေးကွက်တန်ဖိုးပမာဏထက် ကျော်လွန်ကာ ဝယ်ယူခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းသည် ဆန်စပါးဝယ်ယူရန် လိမ်လည်ချုပ်ဆိုထားသည့် စာချုပ်စာတမ်းများကို သတိပြုမိခဲ့သော်လည်း တားဆီးခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်စေခဲ့သည်ကို တရားရုံးချုပ်က စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

တရားခွင်ကြားနာမှုကို ဩဂုတ် ၂၅ ရက်တွင် ပထမဆုံးအကြိမ်ကြားနာခဲ့သော်လည်း ဝန်ကြီးချုပ်ဟောင်း လာရောက်ခဲ့ခြင်းမရှိခဲ့ပေ။ ရက်အနည်းငယ်အကြာတွင် ၎င်းအနေဖြင့် ထိုင်းနိုင်ငံမှ အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရှိခဲ့ရသည်။

စီရင်ချက်ချမှတ်မှုကို အဆုံးသတ်နိုင်စေရန်အတွက် ဝန်ကြီးချုပ်ဟောင်း ယင်လတ်အနေဖြင့် အယူခံဝင်နိုင်ရန် တရားခွင်သို့ လာရောက်ရန်လိုအပ်သည်။

ယင်လတ်ရှင်နာဝပ်ထရာ၏ အကိုဖြစ်သူ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာသည် ကိုးနှစ်အကြာက ထိုင်းနိုင်ငံမှ ထွက်ခွာသွားခဲ့သည်။

ထိုသို့ သက်ဆင်ရှင်နာဝပ်ထရာနှင့် သက်ဆင်ယင်လတ်ရှင်နာဝပ်ထရာတို့နှစ်ဦး ထိုင်းနိုင်ငံမှ ထွက်ခွာသွားခြင်းကြောင့် နိုင်ငံအတွင်းရှိ ၎င်းတို့အား ထောက်ခံသူများကို ကူညီမှုများပေးရန် အခွင့်အရေးဆုံးရှုံးသွားပြီဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

အင်န်အိတ်ချ်ကေ။

လေကြောင်းအာကာသစက်မှုလုပ်ငန်းဖွံ့ဖြိုးရေး အာကာသအေဂျင်စီ ဩစတြေးလျ ထူထောင်ပြီ

ကင်ဘာရာ စက်တင်ဘာ ၂၇

ဩစတြေးလျနိုင်ငံသည် လေကြောင်းအာကာသ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် အာကာသအေဂျင်စီကို ထူထောင်လိုက်ပြီဖြစ်ကြောင်း အဒီလိတ်မြို့၌ ကျင်းပသော(၆၈)ကြိမ်မြောက် နိုင်ငံတကာလေကြောင်း အာကာသဆိုင်ရာ ညီလာခံတွင် ဖက်ဒရယ်အစိုးရအဖွဲ့က တရားဝင် ထုတ်ပြန်ကြေညာလိုက်သည်။

ကမ္ဘာတစ်ဝန်းတွင် လေကြောင်းအာကာသ စက်မှုလုပ်ငန်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာချိန်တွင် ဩစတြေးလျနိုင်ငံသည်လည်း ယင်းလုပ်ငန်းကဏ္ဍ၌ ပါဝင်လှုပ်ရှားသင့်ကြောင်း၊ အာကာသနည်းပညာရပ်များ အသုံးချရေးနှင့် ပြည်တွင်းအာကာသစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်သော ကာလရှည် မဟာဗျူဟာအစီအစဉ်တစ်ရပ်ကို အမျိုးသားအာကာသအေဂျင်စီက ရေးဆွဲချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်း၊ တီထွင်ဆန်းသစ်မှုနှင့် သိပ္ပံရေးရာဝန်ကြီး မီချယ်လီယာ ကက်ရှ်က ပြောကြားသည်။

အမျိုးသားအာကာသအေဂျင်စီသည် လေကြောင်းအာကာသစက်မှုလုပ်ငန်းရေးရာများနှင့် ပတ်သက်၍ ပြည်တွင်း၌ ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်မည့်အပြင် နိုင်ငံတကာရှိ လေကြောင်းအာကာသလုပ်ငန်းများနှင့်လည်း တွေ့ထိဆက်ဆံသွားမည်ဖြစ်ကြောင်း ဝန်ကြီး ကက်ရှ်က ပြောကြားသည်။

ဩစတြေးလျနိုင်ငံသည် အာကာသနယ်ပယ်တွင် ဆယ်စုနှစ်ပေါင်းများစွာ ပါဝင်လှုပ်ရှားခဲ့လင့်ကစား အာကာသအေဂျင်စီကို ထူထောင်ခြင်းမှာ ယခုတွင်မှ ဖြစ်သည်။ ဩစတြေးလျနိုင်ငံသည် ၁၉၆၇ ခုနှစ်ကပင် ဂြိုဟ်တုလွှတ်တင်သည့် ကမ္ဘာ့ပထမဆုံးသော နိုင်ငံများတွင် ပါဝင်ခဲ့သည်။ နောက် နှစ်နှစ်အကြာတွင် ဩစတြေးလျနိုင်ငံရှိ အမေရိကန် နာဆာလေ့လာစောင့်ကြည့်ရေးစခန်းတစ်ခုက လမျက်နှာပြင်ပေါ် အမေရိကန် အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်းက ပထမဆုံးသော ခြေလှမ်းများ လှမ်းခဲ့ပုံကို ရိုက်ကူးထားသည့် ရုပ်မြင်သံကြားပုံရိပ်များ လက်ခံရယူခြင်းနှင့် ထုတ်လွှင့်ခြင်းတို့ ပြုလုပ်ခဲ့သည်။

အသစ်ထူထောင်သည့် အာကာသအေဂျင်စီနှင့်ပတ်သက်၍ ဘတ်ဂျက်အသုံးစရိတ်၊ အကောင်အထည်ဖော်မည့် အာကာသအစီအစဉ်များ စသည်တို့နှင့်ပတ်သက်၍ အသေးစိတ်မသိရှိရပေ။

ဩစတြေးလျနိုင်ငံ၏ အာကာသစက်မှုလုပ်ငန်းနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်နိုင်ရေး၊ ပဋိညာဉ်စာတမ်းတစ်ခု ရေးဆွဲနိုင်ရေးတို့အတွက် ကျွမ်းကျင်သူ ပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ခန့်အပ်လိုက်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

ဆင်ဟွာ။

ကာဒစ္စတန် ပြည်သူ့ဆန္ဒခံယူပွဲ ဒေသတွင်းနိုင်ငံများ ဆန့်ကျင်

ဘဂ္ဂဒက် စက်တင်ဘာ ၂၇

အီရတ်နိုင်ငံမြောက်ပိုင်း ကာဒစ္စတန်ဒေသ၌ စက်တင်ဘာ ၂၅ ရက်က လွတ်လပ်ရေးကို တောင်းဆိုသည့် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်းကို ဒေသတွင်းရှိ နိုင်ငံများက ဆန့်ကျင်ကြပြီး ကာဒစ္စတန်ဒေသန္တရအစိုးရအဖွဲ့အား ပြစ်ဒဏ်ခတ်မည်ဟု ခြိမ်းခြောက် ပြောဆိုလျက်ရှိကြကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

ကာဒစ္စတန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် နိုင်ငံတကာ၏ ကန့်ကွက်မှုများရှိနေသည့်ကြားမှ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခဲ့ခြင်းသည် သစ္စာဖောက်သည့် လုပ်ရပ်ဖြစ်ကြောင်း တူရကီသမ္မတ တေယစ် အာဒိုဂန်က စွပ်စွဲပြောကြားသည်။

ကာဒစ္စတန်ဒေသ အကြီးအကဲ မာဆွတ် ဘာဇာနီအား ပြည်သူ့ဆန္ဒခံယူပွဲရလဒ် အကောင်အထည်ဖော်ခြင်းကို စွန့်လွှတ်ရန်လည်း သမ္မတအာဒိုဂန်က ပြောကြားသည်။

ထိုစဉ်အတွင်း အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ် အဘာဒီကလည်း ကာဒစ္စတန်ခေါင်းဆောင်ကို အကျပ်ကိုင်လျက်ရှိသည်။ ကာဒစ္စတန်ဒေသဆိုင်ရာ လေဆိပ်များ၏ ထိန်းချုပ်မှုကို အီရတ်အာဏာပိုင်များထံ သုံးရက်အတွင်း လွှဲပြောင်းပေးအပ်ရန် ဝန်ကြီးချုပ် အဘာဒီက တောင်းဆိုသည်။ ယင်းတောင်းဆိုချက်ကို မလိုက်လျောပါက လေကြောင်းလမ်း ပိတ်ဆို့မှု ပြုလုပ်မည်ဟု ဆိုသည်။



ပြည်သူ့ဆန္ဒခံယူပွဲရလဒ်နှင့် ပတ်သက်၍ ဆွေးနွေးနိုင်မည် မဟုတ်ဟုလည်း အီရတ်ဝန်ကြီးချုပ်က အတိအလင်း ပြောကြားခဲ့သည်။

တူရကီသမ္မတ အာဒိုဂန်ကလည်း ကာ့ဒ်ပြည်သူ့ဆန္ဒခံယူပွဲကို အမျိုးသားလုံခြုံရေး ခြိမ်းခြောက်မှုအဖြစ် ထုတ်ဖော်ပြောကြားခဲ့သည်။ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် စီးပွားရေးနည်းလမ်းများမှသည် စစ်ရေးနည်းလမ်းအထိ ရွေးလမ်းများကို စဉ်းစားထားသည်ဟု ဆိုသည်။

အီရတ်မြောက်ပိုင်း၌ လွတ်လပ်ရေးကြေညာခြင်းဖြင့် တူရကီနိုင်ငံရှိ ကာ့ဒ်တို့ကလည်း သူပုန်ထလာနိုင်သည့်အရေးအတွက် သမ္မတ အာဒိုဂန်က စိုးရိမ်ပူပန်လျက်ရှိသည်။

ရိုက်တာ။

■

မြန်မာ့ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ မြန်မာ့ပြည်တွင်း ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်များ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး စာတမ်းဖတ်ကြားကြမည့် စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် မြန်မာ့ပြည်တွင်း ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်များစာတမ်းကို ပြည်တွင်း၊ ပြည်ပသတင်းအချက်အလက်နှင့် နည်းပညာဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်သန့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျ၊ ဦးစီးအရာရှိ ဒေါ်ခင်ချောရဲနှင့် ဒုတိယဦးစီးမှူး ဦးစိုင်းနေလင်းထွန်းတို့က ဖတ်ကြားကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

"မြန်မာ့ ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်ချက်များ" ခေါင်းစဉ်ဖြင့် ခေတ်အဆက်ဆက်အစိုးရများ၊ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များ၊ ယခင်အစိုးရလက်ထက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်လက်ထက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်များနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ သုံးသပ်ချက်နှင့်အကြံပြုချက် များကို စာတမ်းရှင်များက အပိုင်းလေးပိုင်းဖြင့် ဖတ်ကြားရှင်းလင်းတင်ပြသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် "ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့်ပတ်သက်သည့် စာတမ်း" ဖတ်ပွဲကို စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ်၊ ၂၅/၂၀၁၇

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစိုးအောင်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

ဝင်္ကပ်မြစ်ရေ စိုးရိမ်ရေမှတ်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၇

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝင်္ကပ်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဝင်္ကပ်မြစ်ရှိ ငါးသိုင်းချောင်းမြို့အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

(ကြေးမုံ)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်သည့် (၂၉) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်သည့် (၂၉) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို ဌာနချုပ်)တွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။ ထို့နောက် ဒီမိုကရေစီအရေးတော်ပုံအဆင့်ဆင့်တွင် ကျဆုံးသွားခဲ့ရသော ရဟန်း၊ ရှင်လူ၊ ကျောင်းသားပြည်သူတို့အား ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ရှစ်စက္ကန့်ငြိမ်သက်ကြသည်။

သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး အဖွဲ့ဝင် ဦးဟံသာမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးသည် ဒီမိုကရေစီခေါင်းဆောင်များနှင့် ဒီမိုကရေစီပါတီများ၊ အဖွဲ့အစည်းများကို မွေးဖွားပေးခဲ့ပါကြောင်း၊ ထို့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် သမိုင်း၏တောင်းဆိုမှုအရ ပြည်သူလူထု၏ ဆန္ဒနှင့်ယုံကြည်မှုအရ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အလားတူ လူထုခေါင်းဆောင်၊ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည်လည်း လူထုတိုက်ပွဲနှင့်အတူ ပေါ်ထွန်းရှင်သန်လာခဲ့ရခြင်းဖြစ်ပါကြောင်း၊ ယနေ့သည် တန်းတူညီမျှမှုနှင့် လွတ်လပ်မှုကို တန်ဖိုးထားချီတက်နေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်ပါကြောင်း၊ အခြားတစ်ဖက်မှာလည်း ရှုပ်ထွေးသိမ်မွေ့သည့် စိန်ခေါ်မှုနှင့် ဖိအားများကို ရင်ဆိုင်နေရပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကို ကာကွယ်နေရဆဲဖြစ်ပါကြောင်း၊ အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်သမားများကို မစေ့စပ်စတမ်း တိုက်ပွဲဆင်နေကြဆဲဖြစ်ပါကြောင်း။

အကြမ်းဖက်ဝါဒသည် ယဉ်ကျေးသည့် လူ့အဖွဲ့အစည်းအတွင်းက အခြေခံအကျဆုံး စည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် စေတနာနှင့် ရည်ရွယ်ချက်မကောင်းသည့် မီဒီယာလုပ်ကြံမှုများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် ပုံမှားရိုက်စွပ်စွဲချက်များနှင့် မိမိနိုင်ငံ၏ပုံရိပ်ကို ပုံပျက်ပန်းပျက်ဖြစ်အောင် လိမ်ညာအကွက်ဆင်မှုများကို အမှန်တရားနှင့် ယှဉ်ပြီး ခုခံချေဖျက်နေရဆဲဖြစ်ပါကြောင်း၊ အကြမ်းဖက်ဝါဒမှန်သမျှကို တန်ပြန်တိုက်ခိုက်ချေမှုန်းရေးသည် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကြရမည်ဖြစ်ပါကြောင်း၊ အခြေအမြစ်မရှိသည့် လှည့်စားမှုများသည် ရေရှည်မတည်တံ့နိုင်သလို အမှန်တရားသည် အချိန်တန်ပါက ပွင့်ပွင့်လင်းလင်း ထင်ရှားလာမည် ဖြစ်ပါကြောင်း၊ မည်သည့်အခြေအနေမျိုးမှာဖြစ်ဖြစ် မိမိတို့အဖွဲ့ချုပ်သည် ပြည်သူလူထု၏ ကိုယ်ပိုင်စွမ်းရည်သတ္တိများနှင့် တရားမျှတစွာ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဆုံးဖြတ်နိုင်စွမ်းများအပေါ်တွင် စိတ်ချယုံကြည်မှုအပြည့်ရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရဲရင့်တည်ကြည်သည့် စိတ်ဓာတ်၊ မွန်မြတ်သည့် မေတ္တာတရားအခြေခံထားပြီး နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူနှင့်အတူ ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်သည့် (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ကြေညာချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာ ဒေါ်မေဝင်းမြင့်က ဖတ်ကြားပြီး အခမ်းအနားသို့ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့် အခြားနိုင်ငံရေး အဖွဲ့အစည်းများမှ ပေးပို့သော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ အင်မတန်မှ အားကောင်းခိုင်မာတဲ့ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးရပ်တည်ချက်ကြောင့် ဒီလိုရှင်သန်ရပ်တည်နိုင်တာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုတာ (၈၈) အရေးတော်ပုံကြီးနဲ့အတူပေါက်ဖွားလာတဲ့ နိုင်ငံရေးပါတီကြီး တစ်ခုဖြစ်ပါတယ်။ အဲဒီပါတီကြီးဟာ ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ရတယ်။ နောက်ဆုံးမှာတော့ ပြည်သူလူထုရဲ့ ထောက်ခံမှုအားနဲ့ ရှေ့ကိုရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ကတော့ ဒီမိုကရေစီဖက်ဒရယ်ပေါ်ထွန်းလာတဲ့အထိ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု အဆိုပါ အခမ်းအနားသို့တက်ရောက်လာသူ ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) မှ ဦးဂျင်မီက ပြောသည်။

ယနေ့ အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ဝါရင့်နိုင်ငံရေးသမားများ၊ သံတမန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် လူငယ်ညီလာခံကျင်းပရေး ဗဟိုကော်မရှင်၊ ညီလာခံကျင်းပရေး ဗဟိုလုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်ကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲကို အဆိုပါရုံးချုပ်၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် လူငယ်အဖွဲ့ဝင်အသစ်များ စုဆောင်းမှုနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ၊ ရရှိလာမည့် လူငယ်အဖွဲ့ဝင်အသစ်များအနက် လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များ မွေးထုတ်မည့်လုပ်ငန်းစဉ်များနှင့် လူငယ်ညီလာခံအဆင့်ဆင့် ကျင်းပနိုင်ရေးစသည့် အချက်များကို အဓိကထားဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဇော်ကြီး)

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၄/ခ)ရှိ တောင်သူ ဦးမောင်မောင်စိုး၏ တစ်နိုင်တစ်ပိုင်မျိုးစေ့ထုတ် ဆင်းသုခစပါး ခြောက်ဧကစိုက်ခင်းတွင် ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသောင်းကြိုင်၊ ဒု-ဦးစီးမှူးများ၊ စခန်းနယ်မြေတာဝန်ခံ ဒေါ်မိုးမိုးနွယ်နှင့်တာဝန်ကျဝန်ထမ်းများ တတိယအကြိမ် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၆ ရက်က ဆောင်ရွက်စဉ်။ **ကျော်ကျော်(IPRD)**

အာရှကလေးပန်းချီပွဲတော်သို့ ပါဝင်ယှဉ်ပြိုင်ကြပါစို့

မောင်ကျော်(ပညာရေး)

အာရှတိုက်သားများ၏ နေ့စဉ်ဘဝကို တစ်ကမ္ဘာလုံးရှိကလေးများအားလုံး သိရှိနားလည်နိုင်သည့် အခွင့်အလမ်းတစ်ရပ်ပေးရန်ရည်ရွယ်ချက်ဖြင့် ကလေးသရုပ်ဖော်နေ့စဉ်မှတ်တမ်း အာရှကလေးပန်းချီပွဲတော် (၂၀၁၇-၂၀၁၈)ကို ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ အောက်တိုဘာ ၃၁ ရက်တွင် အသက်(၆)နှစ်မှ (၁၂)နှစ်အတွင်းရှိ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အာရှပြည်သူများက မြန်မာနိုင်ငံရှိ ကလေးတို့၏ နေ့စဉ်အကြောင်းအရာများကိုလည်း သိလိုကြသည်။ ကလေးတို့၏ ဘဝအကြောင်းကို အာရှတိုက်ရှိ အခြားသော ကလေးများအား ကလေးတို့ရေးဆွဲထားသော သရုပ်ဖော်နေ့စဉ်မှတ်တမ်းဖြင့် ကလေးတို့ကိုယ်တိုင် မိတ်ဆက်အသိပေးနိုင်ရန်အတွက် ကလေးတို့၏ သရုပ်ဖော်နေ့စဉ်မှတ်တမ်းဖြစ်သည့် **"ဒါတွေဟာ ကျွန်ုပ်၏ဘဝပါ"** သရုပ်ဖော်မှတ်တမ်းများရေးဆွဲရန် ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများသည် အာရှတိုက်ရှိ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ကလေးသူငယ်များနှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံနှင့် ဒေသများမှာ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဘရူနိုင်းဒါရုဆလင်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ တောင်ကိုရီးယား၊ လာအို၊ မလေးရှား၊ မော်လ်ဒိုက်၊ မွန်ဂိုလီးယား၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်ဝမ်(တရုတ်)၊ ထိုင်း၊ တီမော၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံများနှင့် ဒေသများဖြစ်သည်။

ပန်းချီပြိုင်ပွဲအတွက် ပြိုင်ပွဲခေါင်းစဉ်မှာ "Here is my life" (ဒါတွေဟာကျွန်ုပ်၏ဘဝပါ) ဖြစ်သည်။ ပြိုင်ပွဲဝင်သူသည် မိမိ၏နေ့စဉ်ဘဝအကြောင်းအရာများထဲမှ ကြိုက်နှစ်သက်ရာ အကြောင်းအရာများကို ရွေးချယ်၍ ရေးဆွဲယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူသည် နေ့စဉ်ဘဝတွင် ကြုံတွေ့ရသည့် အကြောင်းအရာများ၊ သဘာဝ၊ ရာသီဥတု၊ ကြိုက်နှစ်သက်သောအားကစား၊ မိသားစုနှင့် မိတ်ဆွေသူငယ်ချင်းများအကြောင်း စသည်တို့ကို အာရှရှိမိတ်ဆွေသူငယ်ချင်းများအား သိမြင်နားလည်နိုင်စေရန်အတွက် ရေးဆွဲပြိုင်ပွဲဝင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် တစ်ဦးလျှင် ပန်းချီကားငါးချပ် ရေးဆွဲယှဉ်ပြိုင်ကြရမည်။

ပြိုင်ပွဲဝင်ရာတွင် A4 စာရွက် (အရှည် ၂၉၇ မီလီမီတာ × အကျယ် ၂၁၀ မီလီမီတာ) အရွယ်အစား စာရွက်ပေါ်၌ ရောင်စုံခဲတံ၊ ပန်းချီဆေး စသည်တို့ကို အသုံးပြုပြီးရေးဆွဲနိုင်သည်။ ပြိုင်ပွဲဝင် ပန်းချီစက္ကူအလျားဘက်တွင် ဒေါင်လိုက်သုံးမျိုး အညီအမျှချိုး၍ အပေါ်ဘက်နှစ်ချိုးပေါ်တွင် ပန်းချီရေးဆွဲရမည်။ အောက်ဘက် တစ်ချိုးပေါ်တွင် ပန်းချီကား၏ ခေါင်းစဉ်နှင့် ရေးဆွဲသည့်ရက်စွဲကို ဖော်ပြ၍ ထိုပန်းချီနှင့်သက်ဆိုင်သော အကြောင်းအရာကို စာကြောင်းရေ သုံးကြောင်းမှ ငါးကြောင်းခန့်ဖြင့် ပေါ်လွင်အောင်ရေးသားဖော်ပြရမည်ဖြစ်သည်။ **ပြိုင်ပွဲဝင်ကလေးကိုယ်တိုင်က မိမိလက်ရေးဖြင့် ရေးသားရမည်ကို အထူးသတိပြုရန် လိုအပ်ပါမည်။** ပန်းချီနှင့် စာစီစာကုံးကို စာရွက်အရှေ့ဘက်ခြမ်းတွင်သာ ရေးဆွဲရမည်ဖြစ်ပြီး နောက်ဘက်ကျောခြမ်းကို အသုံးမပြုရန်လည်း အထူးသတိပြုကြရမည်။

၎င်းပန်းချီပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မိမိ၏နေ့စဉ်အတွေ့အကြုံ၊ အဖြစ်အပျက်၊ သဘာဝနှင့် ရာသီဥတု၊ ကြိုက်နှစ်သက်ရာ ကစားစရာများ၊ ကျောင်းနေစဉ်ဘဝ ပျော်ရွှင်စရာ အတွေ့အကြုံများ၊ မိသားစုနှင့် သူငယ်ချင်းများအကြောင်း၊ မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များအကြောင်း၊ အခြားအတွေ့အကြုံ၊ အဖြစ်အပျက်များနှင့် စိတ်ဝင်စားဖွယ်ရာ အတွေ့အကြုံများ စသည်တို့ကို ရေးဆွဲနိုင်သည်။ တစ်ဦးလျှင် ပန်းချီကားငါးချပ်စီရေးဆွဲ၍ ပန်းချီကားတစ်ခုချင်းအလိုက် ခေါင်းစဉ်နှင့် ရက်စွဲဖော်ပြပြီး ပန်းချီကားနှင့် သက်ဆိုင်သော အကြောင်းအရာများကို ရေးသားဖော်ပြပေးရမည်ဖြစ်သည်။

ပန်းချီကားငါးချပ်စလုံး၏ နောက်ကျောတွင် ရေးဆွဲသူအမည်ကိုရေးသားပြီး ကားချပ်များကို နံပါတ်စဉ်တပ်ပေးရမည်။ ပန်းချီခေါင်းစဉ်များကို သတ်မှတ်ရာတွင်လည်း ဥပမာအားဖြင့် ကျွန်ုပ်၏သူငယ်ချင်း၊ ကျွန်ုပ်၏မိသားစု၊ မိဘကိုကူညီခြင်း၊ အားကစားပွဲတော်များ စသည့် မိမိ၏ရေးဆွဲမည့် သရုပ်ဖော်ပုံများအပေါ်မူတည်၍ ခေါင်းစဉ်သတ်မှတ်ပေးနိုင်သည်။ ထိုသို့ရေးဆွဲရာတွင် မိမိကိုယ်တိုင်မရေးဆွဲဘဲ မိဘ၊ ဆရာနှင့် အခြားပုဂ္ဂိုလ်များ၏ အကူအညီရယူရေးဆွဲသည့် ပန်းချီကားများနှင့် အခြားစာအုပ်စာတမ်းများမှ ကူးယူရေးဆွဲသည့် ပန်းချီကားများ (သို့မဟုတ်) ၎င်းသို့ ပြုလုပ်သည်ဟု အကဲဖြတ်အဖွဲ့ကသံသယရှိသည့် ပန်းချီကားများမှာ ပြိုင်ပွဲဝင်စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသော ကျောင်းသားကျောင်းသူများသည် စက်တင်ဘာပထမပတ်မှစ၍ ကျောင်းအလိုက် စာရင်းပေးသွင်းထားကြရမည်ဖြစ်ပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံစာရင်းသွင်းခြင်း၊ ပြိုင်ပွဲဝင်ပုံစံနှင့် ပြိုင်ပွဲစည်းကမ်းများ ဖြန့်ဝေခြင်း၊ ပြိုင်ပွဲခေါင်းစဉ် ကြေညာပေးခြင်းများ ပြုလုပ်ပေးရန်ဖြစ်သည်။ အခြေခံပညာကျောင်းများအပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကိုယ်ပိုင်ကျောင်း၊ ပညာရေးလေ့ကျင့်ရေးကျောင်း၊ နိုင်ငံတကာကျောင်း စသည့် သက်ဆိုင်ရာ ကျောင်းနယ်မြေအတွင်းရှိ ကျောင်းအသီးသီးမှ အသက်(၆)နှစ်မှ (၁၂)နှစ်အတွင်း ကလေးများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ကျောင်းအလိုက် ပြိုင်ပွဲများကို အောက်တိုဘာလကုန်တွင် ကျင်းပရမည်ဖြစ်ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ကြီးတို့က ကြီးကြပ်ကာ အချိန်သုံးနာရီသတ်မှတ်၍ လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်တစ်ဦးချင်းစီ၏ ပြိုင်ပွဲဝင်ပန်းချီကားငါးချပ်၏ နောက်ကျောတွင် ပြိုင်ပွဲဝင်သူ၏ အမည်၊ အဘအမည်၊ အသက် (မွေးသက္ကရာဇ်)၊ ကျား/မ၊ နိုင်ငံသားအမှတ်၊ အတန်း၊ ကျောင်း၊ မြို့နယ်နှင့် နေရပ်လိပ်စာ အပြည့်အစုံကို အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်၍ ကာယကံရှင်ကိုယ်တိုင် ရေးဆွဲကြောင်းကို ကျောင်းအုပ်ကြီးက ထောက်ခံချက် လက်မှတ်ရေးထိုးပြီး အမည်၊ ရာထူး၊ ကျောင်းတံဆိပ်ရိုက်နှိပ်လျက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။ ။

ရခိုင်အရေးနဲ့ မြန်မာ့စီးပွားရေး

ခင်မောင်ညို(ဘောဂဗေဒ)

ရခိုင်အရေးနဲ့ပတ်သက်လို့ တာဝန်ရှိသူတွေ၊ ကျွမ်းကျင်သူတွေအတော်လေး ပြောနေကြတာဖြစ်လို့ ကျွန်တော် ဝင်မပြောခဲ့ပါ။ ဒါပေမယ့် အခုတော့ ကျွန်တော်နဲ့ တိုက်ရိုက်ပတ်သက်လာလို့ပြောရပြီ။

အခုတလော သတင်းဌာနတွေ၊ အထူးသဖြင့် နိုင်ငံခြားသတင်းဌာနတွေက မေးခွန်းကြီးတစ်ခုမေးပါတယ်။ ရခိုင်အရေးက မြန်မာ့စီးပွားရေးကို ထိခိုက်နိုင်သလားတဲ့။ ကျွန်တော်ဖြင့် တစ်ခါမျှတောင် ထိခိုက်နိုင်တယ်လို့တွေးမကြည့်မိပါ။ ဒါနဲ့ဘယ်လိုပတ်သက် ဆက်စပ်ပါလိမ့်လို့ သူတို့ကို ပြန်မေးကြည့်ရပါတယ်။ အဲဒီကျမှ ဒီလိုကိုးလို့ သဘောပေါက်ပါတယ်။ တကယ်တော့ ဒီဆောင်းပါးကို အင်္ဂလိပ်ဘာသာနဲ့ ရေးဖို့ကောင်းပါတယ်။ ဒါပေမယ့် သံတမန်အသုံးအနှုန်းတွေ မကျွမ်းကျင်တာကြောင့် ခုတ်ရာတခြား ရှရာတလွဲဖြစ်မှာစိုးလို့ မြန်မာလိုပဲ ရေးလိုက်ပါတယ်။ ရုပ်သံရိုက်ကူးရေးအစီအစဉ်မှာတော့ တတ်သမျှ မှတ်သမျှ အင်္ဂလိပ်ဘာသာနဲ့ဖြေပါတယ်၊ ကမ္ဘာဖြန့်မှာဆိုတော့လေ။

ဒီလိုတဲ့။ ရခိုင်အရေးနဲ့ပတ်သက်လို့ နိုင်ငံတကာက စိုးရိမ်ပူပန်နေကြတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှုမရှိသေးလို့ဆိုပြီး နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေ နှေးကွေးသွားနိုင်တယ်။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို နှေးကွေးသွားစေနိုင်တယ်တဲ့။ ဖြစ်မှဖြစ်ရလေ။

ရင်းနှီးမြှုပ်နှံသူတွေဟာ သတင်းအမှားတွေအပေါ် ယုံကြည်ပြီး ဆုံးဖြတ်ချက်ချကြရင်တော့ မှားမှာပဲ။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်ပါတယ်။ ဒီအတွက် မြန်မာနိုင်ငံဟာ နိုင်ငံတကာလူ့အဖွဲ့အစည်းနဲ့ပေါင်းစည်းဖို့ ကြိုးစားနေပါတယ်။ ဒါကို နိုင်ငံတကာ အဝန်းအဝိုင်းက ကြိုဆိုလက်ခံသင့်တယ် မဟုတ်လား။ သတင်းအမှားတွေ၊ လုပ်ကြံသတင်းတွေကို လက်ခံယုံကြည်ပြီး ဘာလို့ လူသန်းပေါင်းများစွာရဲ့ အကျိုးစီးပွားကို မျက်ကွယ်ပြုနေကြသလဲ။

အခုအချိန်ထိ မြန်မာနိုင်ငံဟာ အနောက်နိုင်ငံတွေဆီက သိသာထင်ရှားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ သေသေချာချာမရသေးပါဘူး။ ရင်းနှီးမြှုပ်နှံမှုအများစုဟာ အိမ်နီးချင်းနိုင်ငံတွေ၊ အာရှနိုင်ငံတွေဆီကပါ။ ဥရောပနိုင်ငံတွေနဲ့ အပြန်အလှန် ရင်းနှီးမြှုပ်နှံမှု ကာကွယ်စောင့်ရှောက်ရေးသဘောတူညီချက် ရေးဆွဲညှိနှိုင်းနေဆဲဖြစ်သလို အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းတယ်ဆိုတာလည်း လွတ်လွတ်ကျွတ်ကျွတ် မဟုတ်သေးပါဘူး။ ဒါကြောင့် မလာသေးတဲ့ရင်းနှီးမြှုပ်နှံမှုတွေ နှေးသွားမယ်လို့ ပြောဖို့ခက်ပါတယ်။ နှစ်ပေါင်းများစွာရှိနေတဲ့ မြန်မာနိုင်ငံမှာလာရောက်တဲ့ ထိပ်တန်းရင်းနှီးမြှုပ်နှံသူ နိုင်ငံစာရင်းဟာလည်း သိသိသာသာ ပြောင်းလဲခြင်းမရှိသေးပါဘူး။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေနဲ့ တစ်ပြေးညီဆက်ဆံမယ်၊ ကာကွယ်စောင့်ရှောက်မယ်ဆိုတာ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။

ကုန်သွယ်မှုအများစုကလည်း ဒေသတွင်းနိုင်ငံတွေနဲ့ ဖြစ်ပါတယ်။ မကြာခဏပြောနေကြတဲ့ GSP အခွင့်အရေးတွေကိုလည်း ဟုတ်တိပတ်တိ မခံစားကြရသေးပါဘူး။

နိုင်ငံရေးနဲ့ပတ်သက်လို့ တိုးတက်ပြောင်းလဲမှုတွေ အများကြီးရှိခဲ့ပြီး အသိသာအထင်ရှားဆုံးက အရပ်သားအစိုးရတက်လာတာမဟုတ်ပါလား။ တစ်နှစ်ခွဲလောက်ကာလအတွင်း တိုးတက်ပြောင်းလဲမှုတွေကို ကမ္ဘာ့အသိုင်းအဝိုင်းက လက်ခံကြိုဆိုသင့်ပြီး နှစ်ပေါင်း ၁၀၀ ကျော်လောက် တည်ဆောက်မှရတဲ့ တိုးတက်မှုတွေနဲ့တော့ မနှိုင်းယှဉ်သင့်ပါဘူး။ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်ရင် ဘယ်အင်အားကြီးနိုင်ငံရဲ့ ဖိအားပေးမှုကိုမျှ ခေါင်းငုံ့မခံခဲ့ပါဘူး။ နှစ်ပေါင်းများစွာ စီးပွားရေးပိတ်ဆို့ခဲ့တဲ့ ဒဏ်ကိုလည်း ကြံ့ကြံ့ခံနိုင်ခဲ့ပါတယ်။

စီးပွားရေးနဲ့ပတ်သက်လို့ ရခိုင်ဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာတွေရေးဆွဲလို့ ရင်းနှီးမြှုပ်နှံနိုင်မယ့်အစီအစဉ်တွေ ချမှတ်ရာမှာ စိတ်မဝင်စားသူတွေရှိသလို ရင်းနှီးမြှုပ်နှံချင်သူတွေလည်းရှိနေမှာ သေချာပါတယ်။ တစ်ယောက်နဲ့တစ်ယောက်က စွန့်စားရတာတွေနဲ့ အခွင့်အလမ်းတွေကို ရှုမြင်တွက်ဆပုံတူညီကြတာမှမဟုတ်တာ။ ကျွန်တော်တို့အနေနဲ့ ကိုယ့်နိုင်ငံရဲ့အကျိုးစီးပွားနဲ့ ကိုက်ညီမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို လက်ကမ်းကြိုဆိုကြရမှာပါ။

အခုပြဿနာဖြစ်နေတဲ့ နေရာဒေသတွေဟာ ကမ္ဘာလှည့်ခရီးသည်တွေ အသွားအလာများတဲ့ ဒေသမဟုတ်လို့ ခရီးသွားလုပ်ငန်းအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှု မရှိနိုင်ပေမယ့် အစိုးရိမ်လွန်ပြီးမလာတဲ့သူ၊ ကြားစကားတွေနားယောင်ပြီး ခရီးစဉ်ဖျက်တဲ့သူတချို့ ရှိကောင်းရှိနေနိုင်ပါတယ်။

ရခိုင်မှာရှိနေတဲ့ လက်ရှိရင်းနှီးမြှုပ်နှံမှုတွေဟာ ကမ်းလွန်နဲ့ ရခိုင်တောင်ပိုင်းမှာဖြစ်လို့ ဖြစ်နေတဲ့ပြဿနာကရှိပြီး ရင်းနှီးမြှုပ်နှံမှုတွေပေါ်မှာလည်း သက်ရောက်မှုမရှိပါ။ ရခိုင်ပြည်နယ်ပြဿနာဟာ အခုမှဖြစ်တာမဟုတ်ဘဲ ၂၀၁၂ ခုနှစ်ကတည်းက စဖြစ်လာတာပါ။ ဒါပေမယ့် ၂၀၁၂ ခုနှစ်ကစပြီး ရင်းနှီးမြှုပ်နှံမှုကျမသွားတဲ့အပြင် တစ်စစတက်လာတာပါ။

အာဆီယံအဖွဲ့ဝင်တချို့နိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေအပြင် တချို့အဝေးနိုင်ငံတွေကတောင် ကျွန်တော်တို့ကို နားလည်နိုင်ကြ၊ စာနာနိုင်ကြတာတွေကိုလည်း တွေ့နေရပါသေးတယ်။

ရခိုင်အရေးနဲ့ပတ်သက်လို့ ရရှိတဲ့အထူးခြားဆုံးအကျိုးအမြတ်က အစိုးရ၊ လွှတ်တော်နဲ့၊ ပြည်သူတစ်ရပ်လုံး အရင့်အရင်ကထက် ပိုပြီးစည်းလုံးညီညွတ်လာကြတာ၊ အရေးကြီးရင် သွေးနီးလာကြတာဖြစ်ပြီး ဒီအချက်ဟာ ဘယ်လိုမှ တန်ဖိုးဖြတ်လို့ ရတာမဟုတ်ပါ။ ။

သဘာဝသယံဇာတများကို နိုင်ငံသားတိုင်း တန်ဖိုးထား မြတ်နိုးတတ်ရန် လိုအပ်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့တစေ နိုင်ငံ၏ သဘာဝအရင်းအမြစ်များမှာ ခေတ်အဆက်ဆက် တရားမဝင်ခိုးထုတ်မှုများကြောင့် လေလွင့်ဆုံးရှုံးမှု များစွာ ရှိခဲ့သည်။

"သစ်နဲ့သစ်တောထွက်ပစ္စည်းအပါအဝင် သယံဇာတတွေဟာ ကျွန်တော်တို့ နိုင်ငံရဲ့ အမွေအနှစ်ဖြစ်ပြီး အားလုံးနဲ့ သက်ဆိုင်ပါတယ်။ သစ်တောတွေပြုန်းတီးမယ်၊ ပျက်စီးသွားမယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ထိခိုက်မယ်၊ ရာသီဥတုဘေးဒဏ်တွေခံရမယ်ဆိုတာတွေအထိ အရှည်ကြီး မတွေးကြတော့တာလည်းပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ဆိုသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၂၂ ရက်ကမူ ရန်ကုန်မြို့ သီလဝါ (MITT)ဆိပ်ကမ်းမှတစ်ဆင့် ပြည်ပသို့ တရားမဝင်တင်ပို့မည့်သစ်များကို အကောက်ခွန်ဦးစီးဌာန (စုံစမ်းရေးဌာန)က သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

"သီလဝါ(MITT)ဆိပ်ကမ်းမှာ ပြောင်းဝါကုန်အမျိုးအမည်နဲ့ ကုန်သေတ္တာအလုံး ၂၀ ကို ဆိပ်ကမ်းအကောက်ခွန်ဦးစီးဌာနက ဖွင့်ရှာလိုက်တဲ့အခါ ၁၆ လုံးမှာ တရားမဝင်သစ်တွေ တွေ့ရတယ်။လေးလုံးကတော့ပြောင်းဆန်တွေဖြစ်တယ်။ စိုက်ပျိုးရေးသီးနှံကို export လုပ်ဖို့ WAN MAY ကုမ္ပဏီနဲ့ဆိပ်ကမ်းအာဏာပိုင်ရဲ့ အသိအမှတ်ပြုထားတဲ့ Agent ကိုကျော်ကျော်ဇင်တို့ နှစ်ဦးက ချိတ်ဆက်ပြီး ဆိပ်ကမ်းကို ကုန်သေတ္တာ အလုံး ၂၀ ချထားဖြစ်ပါတယ်။ အကောက်ခွန်ဦးစီးဌာနက ဆောင်ရွက်နေတဲ့ (Myanmar Automatic Cargo Clearance System-MACCS) စနစ်အရ ဘယ်ကုန်ပစ္စည်းက Green Channel နဲ့ Red Channel ကိုခွဲခြားပေးတယ်။ Green Channel ဆိုရင် တိုက်ရိုက်တင်လို့ရတယ်။ Red Channel ဆိုရင် X-ray ဖြတ်ရမယ်။ ပြောင်း၊ ပဲ၊ ဝါ၊ အထည်အလိပ်တွေဆိုရင် သစ်တောထွက်ပစ္စည်းမဟုတ်တဲ့အတွက် အကောက်ခွန်ဦးစီးဌာနကပဲ စစ်လို့ရတယ်"ဟု ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ဆိုသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကုန်သေတ္တာများကို ဆိပ်ကမ်းသို့ တင်သွင်းသည့် Agent ကို အကောက်ခွန်ဦးစီးဌာနက ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း၊ သစ်တောဦးစီးဌာနက ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၆(၁) တို့ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေးသီးနှံပို့ကုန်အမည်ဖြင့် စာရွက်စာတမ်း အသုံးပြုသော ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာတို့ကို သစ်တောဦးစီးဌာနမှ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆(၁)တို့ဖြင့်လည်းကောင်း သီလဝါရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။ ထို့ပြင် သတင်းကွင်းဆက်ဖော်ထုတ်ချက်များအရ ကြားခံချိတ်ဆက်ပေးသူနှစ်ဦးကိုလည်း ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၆(၁) နှင့်လည်း အမှုဖွင့်ထားသည်။

"သတင်းကွင်းဆက်ဖော်ထုတ်ချက်အရ ကုန်သေတ္တာသွင်းလာတဲ့စာရင်းကို အဝင်/အထွက်ဂိတ်မှာ တောင်းလိုက်တဲ့အခါ ကုန်သေတ္တာအလုံး ၂၀ က ကားအစီး ၂၀ နဲ့လာတာမဟုတ်ဘူး။ ကားက ကိုးစီးနဲ့ခေါက်တုံ့ခေါက်ပြန်လာတာဖြစ်တယ်။ ယာဉ်မောင်းတွေကိုလည်း သီလဝါရဲစခန်းမှာ၆(၁)နဲ့အမှုဖွင့်ထားပါတယ်"ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုသိမ်းဆည်းရမိသော တရားမဝင်သစ်များပါဝင်သည့် ကုန်သေတ္တာ ၁၆ လုံးကို စက်တင်ဘာ ၂၃ ရက်က မြန်မာ့သစ်လုပ်ငန်းပိုင် တောင်ဒဂုံသစ်ဆိပ်သို့ ပို့ထားကြောင်း သိရသည်။

"အကောက်ခွန်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း သုံးဖွဲ့က သစ်တွေထုတ်၊ တိုင်းတာပါတယ်။ ပိတောက်နဲ့တမလန်းသားတွေဖြစ်ပြီး ၁၆ လုံးကို တိုင်းတာပြီးသွားပါပြီ။ စုစုပေါင်း ကုဗတန် ၁၅၆ ဒသမ ၆၉၇၈ တန် ရှိပါတယ်"ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။

"အခုသီလဝါမှာ ဖမ်းမိတာ အကောက်ခွန်ဦးစီးဌာနနဲ့ သစ်တောဦးစီးဌာန ပူးပေါင်းဆောင်ရွက်တဲ့သဘောပါပဲ။ ဌာနချင်းပေါင်းစပ်ဆောင်ရွက်ကြတာဆိုတော့ အဆင်ပြေပါတယ်။ စိုက်ပျိုးရေးပစ္စည်းကို သတင်းရလို့ဖွင့်လိုက်တော့ သစ်တွေတွေ့တယ်။ အခုလို ကွင်းဆက်တွေကိုဖော်ထုတ်လို့ရတယ်။ ကျွန်တော်တို့ ဖော်ထုတ်လို့ရတာကို ရဲက ကူညီတယ်။ အခုလွတ်နေတဲ့သူတွေကိုလည်း ပြည်သူတွေရဲ့ အကူအညီ၊ ဆက်စပ်ဌာနဆိုင်ရာတွေရဲ့ပံ့ပိုးမှုနဲ့ မိအောင်ဆောင်ရွက်နိုင်မယ်လို့ ယူဆပါတယ်။ အားလုံးက တက်ညီလက်ညီနဲ့ပူးပေါင်းကြမယ်ဆိုရင် အောင်မြင်ထိရောက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ဆိုသည်။

သီလဝါ(MITT) ဆိပ်ကမ်းမှ သိမ်းဆည်းရမိသည့်သစ်များအား တွေ့ရစဉ်။

ပြီးခဲ့သည့်နှစ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျွန်း၊ ပိတောက်၊ တမလန်း အပါအဝင် တရားမဝင်သစ်တန် ၂၃၆၄ ဒသမ ၆၆၆၈ တန်၊ နိုင်ငံသား ၂၅၇ ဦး ဖမ်းဆီးရမိ အရေးယူနိုင်ခဲ့သည်။ ယာဉ်ယန္တရားများအနေဖြင့် မော်တော်ယာဉ် ၁၀၈ စီး၊ Chain Saw ငါးလက်ကို သိမ်းဆည်းရမိခဲ့သည်။

ယခုနှစ် ဩဂုတ်လကုန်အထိ တရားမဝင်ကျွန်း၊ သစ်မာ အခြားခွဲသားစုစုပေါင်း ၂၈၉ ဒသမ ၀၈၉၃ တန် သိမ်းဆည်းရမိခဲ့ပြီး ယခုအချိန်ထိ စုစုပေါင်း တန် ၄၀၀ ကျော်နှင့် ယာဉ် ၄၁ စီး သိမ်းဆည်းရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။

"သစ်ထွက်ရာဒေသတွေမှာလည်း သစ်တောဦးစီးဌာနက ဝန်ထမ်းတွေကတော့ ဖမ်းဆီးတာပါပဲ။ နည်းမျိုးစုံနဲ့ မထင်မှတ်တဲ့ လိုင်စင်မဲ့ကားအကောင်းစားတွေနဲ့လည်း သယ်ကြတယ်။ ဓာတ်ဆီပို့တဲ့ဆီဘောက်ဆာကားတွေမှာလည်း နောက်ဖုံးကို ထွင်းပြီး သစ်တွေထည့်သယ်ကြတယ်။ အဲဒီလိုပဲ ကုန်တွေဖုံးပြီးသယ်ကြတယ်။ ရေစိုမခံတဲ့ ကုန်တွေဖြစ်နေတော့ ပျက်စီးမှာစိုးလို့ သေချာမစစ်ဆေးနိုင်တာတွေရှိတယ်။ လူနာတင်ယာဉ်ယောင်ဆောင်ပြီး တင်တာတွေလည်း ရှိတယ်။ အဲဒီလိုနည်းမျိုးစုံနဲ့ ဝင်လာကြတယ်။ ရန်ကုန်ကမြို့ပြဖြစ်တယ်။ သစ်ထွက်ရာဒေသ မဟုတ်ဘူး။ ပင်လယ်ထွက်ပေါက်က ရန်ကုန်မှာဖြစ်တဲ့အတွက် တရားမဝင်သစ်တွေ ရန်ကုန်ကိုဝင်လာတာဟာ ဒီမှာစုပြီး ပင်လယ်ထွက်ပေါက်ကနေ ပြည်ပကိုတရားမဝင် ခိုးထုတ်ချင်တဲ့ သဘောဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ကျွန်း၊ သစ်မာနှင့် အခြားသစ် အပါအဝင် တရားမဝင်သစ် စုစုပေါင်း တန်ချိန် ငါးသောင်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

သစ်နှင့်သစ်တောထွက်ပစ္စည်း တရားမဝင် ခိုးထုတ်နေမှုများကို ပြည်သူအခြေပြု စောင့်ကြည့်ပြီး သတင်းပေးပို့သည့်စနစ် (Community Monitoring and Reporting System)ကို အခြေပြုပြီး သတင်းရယူဖော်ထုတ်ဆောင်ရွက်လျက်ရှိသလို အဓိက သက်ဆိုင်သည့် သစ်တောဦးစီးဌာနသာမက ဆက်စပ်သည့်ဌာနများနှင့်လည်း သတင်းရယူချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပြည်သူတွေဆီက သတင်းတွေရဖို့ ဖုန်းနံပါတ်တွေပေးထားတာရှိပါတယ်။ ဆက်သွယ်လာရင် ကျွန်တော်တို့ သွားရောက်စုံစမ်းဖော်ထုတ်ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့လည်း နည်းလမ်းမျိုးစုံနဲ့ ရှာဖွေဖော်ထုတ်ဖမ်းဆီးနေသလို အခြားဝန်ကြီးဌာနတွေကလည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ သစ်ခိုးထုတ်တယ်သတင်းရလို့ လိုက်လံဖမ်းဆီးရတာ တကယ်တော့ မလွယ်ပါဘူး"ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်ပသို့သစ်များ တရားမဝင်တင်ပို့နေခြင်းနှင့် ပတ်သက်၍ ဦးသိန်းတိုးက "မြန်မာနိုင်ငံရဲ့ သစ်တောသယံဇာတကို ပြည်ပက တော်တော်ကို လိုချင်မက်မောပါတယ်။ ငွေပင်ငွေရင်းစိုက်ထုတ်ပြီး ဌာနေတိုင်းရင်းသားတွေကို သိမ်းသွင်းခိုင်းစေတဲ့ သဘောဖြစ်ပါတယ်။ သူတို့ကမက်လုံးပေးတိုင်း ဒီအလုပ်ကိုတော့မလုပ်ဘူးဆိုပြီး မိမိနိုင်ငံရဲ့သယံဇာတတွေကို ထိန်းသိမ်းကာကွယ်ကြ

ညွှန်ကြားရေးမှူး ဦးသိန်းတိုး

မယ်ဆိုတဲ့ အသိစိတ်ဓာတ်လေးတွေ၊ အသိပညာတွေ ရှိဖို့လိုပါတယ်။ ဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူပေးဖို့လည်းလိုပါတယ်"ဟု ဆိုသည်။

နိုင်ငံတော်၏ သစ်တောသယံဇာတများကို ထိန်းသိမ်းရာတွင် ပိုမိုပြည့်စုံကောင်းမွန်သော သစ်တောဥပဒေတစ်ရပ်ပေါ်ထွက်လာစေရေးအတွက် လွှတ်တော်သို့ တင်ပြထားပြီး မကြာမီ အတည်ပြုပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံမှ သစ်တောထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန် သစ်အချောထည်ထုတ်လုပ်ပြီး ရောင်းချနိုင်လာအောင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်လာရန်လိုအပ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ရောင်းချနိုင်မည်ဆိုပါက တိုင်းပြည်အတွက် ဝင်ငွေပိုလာမည်ဖြစ်ပြီး ပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိလာမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

"သစ်တောဝန်ထမ်းတွေကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့၊ သစ်တောတွေ မပျက်စီးစေဖို့၊ တောရိုင်းတိရစ္ဆာန်တွေကိုထိန်းသိမ်းကြဖို့ ရောက်တဲ့နေရာတိုင်း စည်းရုံးဟောပြောနေပါတယ်။ ပြည်သူတွေက အသိပညာတွေပြည့်ဝလာပြီး ဝိုင်းဝန်းထိန်းသိမ်းလာကြမယ်၊ တစ်ဖက်ကလည်း ဥပဒေနဲ့အညီ ထိထိရောက်ရောက် ဟန့်တားနိုင်မယ်ဆိုရင် ဒီလိုတရားမဝင်သစ်ခိုးထုတ်တာတွေ လျော့နည်းပပျောက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်သုံးသပ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးကမူ "ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးကို မိဘဘိုးဘွားတို့ထံမှ အမွေဆက်ခံခဲ့ခြင်းမဟုတ်၊ မျိုးဆက်သစ်တို့ထံမှ ခေတ္တငှားရမ်းယူထားခြင်းသာဖြစ်သည်"ဟု ဆိုခဲ့ဖူးသည်။ မိမိနိုင်ငံ၏ သဘာဝသယံဇာတများကို နိုင်ငံသားတိုင်း တန်ဖိုးထားမြတ်နိုးတတ်ဖို့လိုအပ်သည်။

သို့နှင့် မြန်မာ့သဘာဝသယံဇာတအရင်းအမြစ်များကိုလည်း မျိုးဆက်သစ်တို့ထံ ပြန်လည်လက်ဆင့်ကမ်း လွှဲပြောင်းပေးရန်အတွက် ပစ္စက္ခနိုင်ငံသားများနှင့် တာဝန်သိနိုင်ငံ့ဝန်ထမ်းကောင်းများအပေါ် မူတည်လျက်ရှိပါကြောင်း။ ။

သတင်းဆောင်းပါး- ခင်မောင်ထွေး၊ နန္ဒာဝင်း

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံ၍ သက်ကြီးရွယ်အိုအကြောင်းအရာ သုတေသနစာတမ်းထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၇

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များကိုအခြေခံ၍ အသေးစိတ်ဆန်းစစ်လေ့လာသည့် သုတေသနစာတမ်းများ ပြုစုထုတ်ပြန်လျက်ရှိရာ ယခုလေ့လာပြုစုပြီးဖြစ်သည့် သက်ကြီးရွယ်အိုအကြောင်းအရာ သုတေသနစာတမ်းအား စက်တင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းသုတေသနစာတမ်းတွင် မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲခြင်းနှင့် သက်ကြီးရွယ်အိုဦးရေ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဆိုင်ရာအချက်အလက်များ၊ နေထိုင်မှုအခြေအနေများ၊ စီးပွားရေးဆိုင်ရာအခြေအနေများ၊ ကျန်းမာရေးနှင့် မျှော်မှန်းသက်တမ်း၊ ဒေသအလိုက် သက်ကြီးရွယ်အိုများ၏ ကွာခြားချက်များ စသည့်အကြောင်းအရာများကို လေ့လာသုံးသပ်တင်ပြထားသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် အသက်(၆၀)နှင့်အထက် သက်ကြီးရွယ်အိုဦးရေ ၄ ဒသမ ၅ သန်းခန့်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အို ၁၃ သန်းရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ အသက်ဖွဲ့စည်းမှုပုံစံသည် ယနေ့ခေတ် စင်ကာပူနိုင်ငံ၏ အသက်ဖွဲ့စည်းမှုပုံစံနှင့် တူညီနေမည်ဖြစ်ပြီး အသက် (၆၀) နှင့်အထက်တွင် လူဦးရေ ၂၀ ရာခိုင်နှုန်းခန့် ပါဝင်နေမည်ဖြစ်ကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အို အရေအတွက်နှင့် အသက်(၁၅) နှစ်အောက် ကလေးအရေအတွက် တူညီလုနီးပါးဖြစ်နေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်းသုတေသနစာတမ်းအရ ၁၉၇၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်းတွင် နှစ်စဉ်စုစုပေါင်း လူဦးရေတိုးနှုန်း ၁ ဒသမ ၄ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း အသက် (၆၀)နှင့်အထက် လူဦးရေသည် နှစ်စဉ် ၂ ဒသမ ၄ ရာခိုင်နှုန်းဖြင့် တိုးတက်လာခဲ့ကြောင်း၊ မြို့ပြတွင် ကျေးလက်ထက် သက်ကြီးရွယ်အိုဦးရေပိုများကြောင်း သိရသည်။ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် သက်ကြီးရွယ်အိုဦးရေ ပမာဏတိုးပွားလာမှု အမြင့်ဆုံးဖြစ်ပြီး လက်ရှိနှုန်းအတိုင်း ဆက်လက်တိုးသွားမည်ဆိုပါက ၂၀၃၀ ပြည့်နှစ်၌ အချက်အချာကျသော တိုင်းဒေသကြီး/ပြည်နယ်များတွင် စုစုပေါင်းလူဦးရေ လျော့နည်းလာခြင်းနှင့်အတူ အသက်(၆၀)နှင့်အထက် သက်ကြီးရွယ်အိုဦးရေတိုးနှုန်း အမြင့်ဆုံးဖြစ်သည့် အခြေအနေများကို ကြုံတွေ့လာမည်ဖြစ်ကြောင်း သုံးသပ်ထားသည်။

အဆိုပါ စာတမ်းတွင် ပြုစုတင်ပြထားသည့် သတင်းအချက်အလက်များနှင့် အကြံပြုချက်များသည် မူဝါဒရေးဆွဲသူများနှင့် မြန်မာနိုင်ငံ၏နေထိုင်မှုဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်ဦးတည်သည့် စီမံကိန်းရေးဆွဲမှုများအတွက် အထောက်အကူဖြစ်စေပြီး သက်ကြီးရွယ်အိုအကြောင်းအရာနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းဆောင်ရွက်နေသူများအတွက်လည်း များစွာအထောက်ကူဖြစ်နိုင်မည်ဖြစ်ကြောင်းနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပြုစုထုတ်ပြန်ပြီးဖြစ်သော သန်းခေါင်စာရင်းဆိုင်ရာ အစီရင်ခံစာများ၊ သုတေသနစာတမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဌာန၏ ဝက်ဘ်ဆိုက် www.dop.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇
ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်း စိစစ်ခဲ့ရာ တွေ့ရှိရသည့် အခြေအနေများအပေါ် မူတည်၍ ရေတို၊ ရေရှည်အကောင်အထည်ဖော်ရမည့်ကိစ္စများ၊ ချက်ချင်းဆောင်ရွက်ပေးရမည့်ကိစ္စများကို သတ်မှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းများ ဖော်ထုတ်ပြီး ဦးစားပေးလုပ်ငန်းများရွေးချယ်ကာ ထိုဦးစားပေးလုပ်ငန်းများထဲမှ ချက်ချင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းများသည် ရေရှည်အကျိုးရှိမည့်လုပ်ငန်းများဖြစ်ရန်နှင့် လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဦးတည်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မတီ၏ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက စိုက်ပျိုးသီးနှံများ ရိတ်သိမ်းရေး၊ ပိုင်ရှင်မဲ့တိရစ္ဆာန်များထိန်းသိမ်းရေး၊ မီးလောင်ပျက်စီးသည့်နေရာများအား ပြန်လည်ရှင်းလင်းဆောင်ရွက်ရမည့် အခြေအနေများကို ပြည်နယ်တွင် ဆွေးနွေးထားကြောင်း၊ မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်မှုများသည် ဥပဒေနှင့် ညီညွတ်ရန်လိုကြောင်း၊ ဥပဒေနှင့်အညီ ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီတစ်ရပ်ဖွဲ့စည်းရန် ဆောင်ရွက်ထားကြောင်း၊ လက်တလောဆောင်ရွက်ရမည့်လုပ်ငန်းများ အရေးကြီးသကဲ့သို့ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများသည် အနာဂတ်အတွက် အရေးကြီးလုပ်ငန်းများဖြစ်သဖြင့် နက်နက်နဲနဲ စဉ်းစားဆုံးဖြတ် ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က မိမိတို့ ဆောင်ရွက်သည့်လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ရာတွင် မူဝါဒတစ်ရပ် လိုအပ်မည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားကျေးရွာများ ပြန်လည်ထူထောင်ပေးရေး၊ နယ်စပ်လမ်းများ ကွန်ကရစ်လမ်းခင်းနိုင်ရေးဆောင်ရွက်မှု အခြေအနေတို့ကို ဆွေးနွေးသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် အမြဲတမ်း အတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများက သက်ဆိုင်ရာကဏ္ဍအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးစီမံထားရှိမှု၊ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်သွားသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြန်လည်လက်ခံရေးအဖွဲ့ ဖွဲ့စည်းရေး၊ NV Card ထုတ်ပေးရေး ဆောင်ရွက်ထားရှိမှု၊ သတင်းထုတ်ပြန်မှု လျင်မြန်သွက်လက်စေရေး၊ မြေယာပိုင်ဆိုင်မှုများစိစစ်ရေး၊ တယ်လီဖုန်းလိုင်းများကောင်းမွန်ရေး၊ စုရပ်များရှိ ကျောင်းသားကျောင်းသူများ ပညာဆက်လက်သင်ကြားနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး စသည့်ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ ခေတ္တခိုလှုံနေသော ပြည်သူများအတွက် ကြက်ခြေနီလှုပ်ရှားအဖွဲ့က ထောက်ပံ့ပစ္စည်းများပေးအပ်

စစ်တွေ စက်တင်ဘာ ၂၇
စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအတွက် ကြက်ခြေနီလှုပ်ရှားအဖွဲ့ (Red Cross Movement)က ထောက်ပံ့ရေး ပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုလေး ဦးဆောင်၍ ပြည်နယ်ကြက်ခြေနီ စေတနာ့လုပ်အားရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ စေတနာ့လုပ်အားရှင်များက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယနေ့ညနေပိုင်းတွင် စစ်တွေမြို့ ကောဝိဒဘုန်းတော်ကြီးကျောင်း၊ ဓမ္မရာမဘုန်းတော်ကြီးကျောင်း၊ သရက်တောဘုန်းတော်ကြီးကျောင်း၊ ဥတ္တရဘုန်းတော်ကြီးကျောင်းနှင့် ဇေယျဝတီ ဘုန်းတော်ကြီးကျောင်းတို့၌ ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒေသခံတိုင်းရင်းသား အိမ်ထောင်စု ၂၄၂ စုအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ အမျိုးသမီး တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ ခြင်ထောင်၊ စောင်၊ တာပေါ်လင်စ၊ ငါးသေတ္တာဘူးနှင့် ခြောက်ဆွဲခြောက်ထုပ်တို့ကို ကူညီထောက်ပံ့ပေးအပ်သည်။

စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းများ၌ နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၁၇၇၄ စုအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ ခြင်ထောင်၊ စောင်၊ တာပေါ်လင်စ၊ ငါးသေတ္တာဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်များကို စက်တင်ဘာ ၁၀ ရက်မှ ၂၇ ရက်အထိ ကြက်ခြေနီလှုပ်ရှားအဖွဲ့ (Red Cross Movement) အစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် အောင်မြေကုန်း ဘုန်းတော်ကြီးကျောင်းနှင့် ဝိသုဒ္ဓါရာမ ဘုန်းတော်ကြီးကျောင်းတို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ အသုံးပြုရန် လီတာ ၁၀၀၀ ဆံ့ ရေတိုင်ကီ နှစ်လုံးကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

ရခိုင်ပြည်နယ် ဒုက္ခသည်များအတွက် စေတနာရှင်များက အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၇
ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်အထက်ပစ္စယံ အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ဖွင့်လှစ်ထားသော ရခိုင်ပြည်နယ်ဘေးဒုက္ခကယ်ဆယ်ရေးကော်မတီ(ရန်ကုန်) အလှူခံဌာနသို့ စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီး ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြမောင်နှင့် အလှူရှင်များက ကျပ်သိန်း၁၀၀၊ ဗိုလ်ချုပ်အောင်ဆန်းဈေးသာယာရေးအဖွဲ့နှင့် ဈေးသူဈေးသားများက ငွေကျပ် ၁၇၇ သိန်း၊ ဘတ်ငွေ ၁၀၀၊ အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာ၊ ကြည့်မြင်တိုင်ညဈေး ဈေးသာယာရေးအဖွဲ့နှင့် ဈေးသူဈေးသားများက ငွေကျပ် ၁၀ သိန်း၊ ရွှေကျွန်းဆွယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ဦးလှဝင်း မိသားစု၊ ဦးလှရွှေ မိသားစု၊ ဦးသိန်းနိုင် မိသားစုတို့က ဆန်အိတ် ၁၀၀ (တန်ဖိုးငွေကျပ်သိန်း ၃၀) တို့ကို သွားရောက်လှူဒါန်းရာ ရခိုင်ပြည်နယ်ဘေးဒုက္ခကယ်ဆယ်ရေးကော်မတီ (ရန်ကုန်) နာယက ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ဥက္ကဋ္ဌ ဦးအေးမောင်တို့က လက်ခံရယူကြပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန(အနောက်ပိုင်း)ခရိုင်မှူး ဦးမောင်မောင်ဌေး၊ ခရိုင်အရာရှိများ၊ ဈေးတာဝန်ခံများ၊ ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(စောသိန်းဝင်း)

နေရပ်စွန့်ခွာ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းထောက်ပံ့

မင်းပြား စက်တင်ဘာ ၂၇
အကြမ်းဖက်မှုကြောင့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်ဒေသများမှ မိမိနေရပ်စွန့်ခွာပြီး မိသားစုဆွေမျိုးများထံ ပြောင်းရွှေ့တိမ်းရှောင်လာသော ဒေသခံပြည်သူများ၏ သားသမီးများအား ကျောင်းသုံးပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်းက မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်ဒေသများမှ မိမိတို့၏နေရပ်စွန့်ခွာလာသည့် ပြည်သူများ၏ သားသမီးများအား ပညာသင်ကြားရေး အဆင်ပြေချောမွေ့စေရန်အတွက် ကျောင်းသား ကျောင်းသူ ၆၂ ဦးအား ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ပေတံ၊ ကွန်ပါဘူးများ ထောက်ပံ့ပေးသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ပြီး ကျောင်းသားကျောင်းသူများအား စာရေးကိရိယာများ ဆက်လက်ထောက်ပံ့ပေးကြသည်။ မင်းပြားမြို့နယ်တွင် နေရပ်စွန့်ခွာပြီး မိသားစုဆွေမျိုးများထံ ပြောင်းရွှေ့တိမ်းရှောင်လာသော ဒေသခံပြည်သူများအား ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် ကျောင်းသုံးပစ္စည်းများထောက်ပံ့ပေးကာ အားပေးစကားများပြောကြားကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးရောက်ရှိနေသူများကို ပြန်လည်လက်ခံရာတွင် ၁၉၉၃ ခုနှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ် သဘောတူညီချက်အတိုင်း ဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၂၇

တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးရောက်ရှိနေသူများအား ပြန်လည်လက်ခံရာတွင် ကုန်းလမ်းမှ လာရောက်သူများကို တောင်ပြိုလက်ဝဲ၌လည်းကောင်း၊ ရေလမ်းမှလာကြသူများကို ငါးခူရ၌လည်းကောင်း စိစစ်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ခံမယ့်နေရာက တောင်ပြိုလက်ဝဲကနေစပြီး လက်ခံမယ်။ ကုန်းလမ်းက လာတဲ့သူတွေပါ။ ရေလမ်းက လာတဲ့သူကို ငါးခူရကနေ လက်ခံမယ်။ အဲဒီကနေ စိစစ်မယ်။ စိစစ်ပြီးလို့ရှိရင် ပြန်လည်နေရာချထားရေးကတော့ ဒါးကြီးဇားကျေးရွာလို့ လတ်တလောလျာထားတယ်။ ဒါတွေအကုန်လုံးက လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ရမယ့် ကိစ္စတွေအများကြီးရှိတယ်။ ဒါကတော့ အခုလျာထားတဲ့ အချက်တွေပါ"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

နေပြည်တော်၌ ယနေ့ကျင်းပသည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ တတိယအကြိမ်အစည်းအဝေးအပြီး သတင်းမီဒီယာသမားနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးရောက်ရှိ နေသူများကို ပြန်လည်စိစစ်လက်ခံရာတွင်လည်း ၁၉၉၃ ခုနှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ် သဘောတူညီချက်နှင့်အညီ လက်ခံရန် အားလုံးသဘောတူညီထားကြကြောင်း၊ အဖွဲ့များဖွဲ့စည်းပြီး အဆင်ပြေအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ National Verification Process နှင့်ပတ်သက်၍လည်း ဦးစားပေးဆောင်ရွက်ရန်ရှိပြီး ကြိုတင်ပြင်ဆင်ထားကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆက်လက်ပြောကြားသည်။

တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးရောက်ရှိနေသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် သွားရောက်ညှိနှိုင်းရန်ရှိနေပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

(ကျော်သူထက်)

❂ မောင်တောမြို့နယ်မှ

နံနက်ပိုင်းမှစတင်၍ ရှာဖွေခဲ့ရာ ရဲဘော်ကျကျေးရွာ၏ အနောက်မြောက်ဘက်မီတာ ၁၅၀၀ ခန့်အကွာတွင် မြေကျင်းနှစ်ကျင်း၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများက သတ်ဖြတ်မြှုပ်နှံထားသည့် ရုပ်အလောင်း ၂၈ လောင်းကို ဦးစွာတူးဖော်တွေ့ရှိခဲ့သည်။ ယင်းသို့တွေ့ရှိရသည့် ရုပ်အလောင်း ၂၈ လောင်းတွင် (၁၀) နှစ်အောက်ကလေးငယ် ခြောက်ဦး၊ (၁၆) နှစ်အောက် ကလေးငယ်နှစ်ဦး စုစုပေါင်း ကလေးငယ်ရှစ်ဦး၏ အလောင်းများ ပါဝင်ခဲ့သည်။

စက်တင်ဘာ ၂၅ ရက်တွင် ပထမတွေ့ရှိခဲ့သည့်နေရာ၏ အရှေ့ဘက် မီတာ ၂၀၀ အကွာတွင် မြေကျင်းနှစ်ကျင်း၌ မြှုပ်နှံထားသည့် ရုပ်အလောင်း ၁၇ လောင်းကို ထပ်မံတူးဖော်တွေ့ရှိခဲ့သဖြင့် အကြမ်းဖက်သတ်ဖြတ်ခြင်းခံရသော ဟိန္ဒူဘာသာဝင် စုစုပေါင်း ၅၂ ဦး ရှိပြီဖြစ်သည်။

စက်တင်ဘာ ၂၆ ရက်တွင်လည်း ရှာဖွေမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ရဲဘော်ကျကျေးရွာမှ ပျောက်ဆုံးနေဆဲဖြစ်သည့် ဟိန္ဒူဘာသာဝင် ၄၈ ဦးကို ရှာဖွေတွေ့ရှိခြင်း မရှိသေးသည့်အပြင် မောင်တောမြို့နယ် အိုးထိန်းကျေးရွာမှ ဟိန္ဒူဘာသာဝင် ၁၄၄ ဦး ပျောက်ဆုံးနေကြောင်း ထပ်မံသိရှိရသဖြင့် ဆက်လက်ရှာဖွေလျက်ရှိသည်။

ARSA အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဟိန္ဒူဘာသာဝင် ၅၂ ဦး သေဆုံးခဲ့ရပြီး စုစုပေါင်း ၁၉၂ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခံခဲ့ရသည့် ဟိန္ဒူဘာသာဝင်ရုပ်အလောင်းများ တူးဖော်တွေ့ရှိခဲ့သည့်နေရာသို့ မြန်မာနိုင်ငံ အခြေစိုက်ပြည်တွင်း၊ ပြည်ပ မီဒီယာများဖြစ်သည့် TBS၊ Asahi Shun bum၊ EPA၊ AFP၊ VOA၊ CNA၊ BBC၊ Xinhua၊ TV Asahi၊ Nippon TV ၊ Frontier Myanmar နှင့် Reuter သတင်းဌာနတို့မှ သတင်းအဖွဲ့များသည် ယနေ့တွင် နေ့ချင်းပြန် သွားရောက်သတင်းယူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဟိန္ဒူဘာသာဝင်အလောင်း ၄၅ လောင်းတွေ့ရှိသည့်နေရာနှင့် ထပ်မံရှာဖွေသည့်နေရာပြမြေပုံ



မောင်တောဒေသမြောက်ပိုင်း၌ ရက်စက်စွာသတ်ဖြတ်ခံခဲ့ရသော ဟိန္ဒူဘာသာဝင် ရုပ်အလောင်းများတွေ့ရှိရာနေရာသို့ ပြည်တွင်း၊ ပြည်ပမီဒီယာများသွားရောက်သတင်းယူ

စစ်တွေ စက်တင်ဘာ ၂၇

မောင်တောခရိုင်အတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများတိုက်ခိုက်မှုဖြစ်စဉ်တွင် ရက်စက်စွာသတ်ဖြတ်ခံခဲ့ရသော ဟိန္ဒူဘာသာဝင်ရုပ်အလောင်းများ တူးဖော်တွေ့ရှိရာ မောင်တောဒေသမြောက်ပိုင်း ရဲဘော်ကျ(ရဲဘောက်ကျ)ကျေးရွာအနီးသို့ ပြည်တွင်း၊ ပြည်ပမီဒီယာ ၄၀ ကျော်မှ သတင်းသမားများသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရဟတ်ယာဉ်နှစ်စင်းဖြင့် သွားရောက်၍ သတင်းမှတ်တမ်းများ ရယူကြသည်။

အဆိုပါ ခရီးစဉ်တွင် ပြည်တွင်း၊ ပြည်ပမီဒီယာများမှ သတင်းသမားများသည် မောင်တောဒေသမြောက်ပိုင်း ရဲဘော်ကျကျေးရွာအနီး၌ သက်ဆိုင်ရာသို့ ဟိန္ဒူဘာသာဝင်များ၏ သတင်းပေးချက်အရ တွေ့ရှိတူးဖော်ထားသော ARSA အစွန်းရောက်အကြမ်းဖက်သမားများ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ထားသည့် ဟိန္ဒူဘာသာဝင် ရုပ်အလောင်းများအား ကြည့်ရှုသတင်းမှတ်တမ်းများရယူကြပြီး သတ်ဖြတ်ခံခဲ့ရသော ဟိန္ဒူဘာသာဝင်များ၏ မိသားစုဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ကြသည်။

အသတ်ခံထားရသည့် ဟိန္ဒူဘာသာဝင်များ တူးဖော်ရရှိခဲ့မှုနှင့် ပတ်သက်ပြီး ဟိန္ဒူဘာသာဝင် ဦးနီမော်လ်အား ပြည်တွင်း/ပြည်ပသတင်းမီဒီယာအဖွဲ့မှ သတင်းသမားများက မေးမြန်းရာ "ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီဝန်းကျင်မှာ အခုလိုအသတ်ခံရတာဖြစ်တယ်လို့ လွတ်မြောက်သွားတဲ့သူတွေဆီက သတင်းရခဲ့တယ်။ အဲဒီသတင်းကလည်း ဘင်္ဂလားဒေ့ရှ်ရောက်သွားတဲ့ အမျိုးသမီးရှစ်ဦးနဲ့ ကလေးငယ်တွေကတစ်ဆင့် ကျွန်တော်နဲ့ အွန်လိုင်းကနေ အဆက်အသွယ်ရပြီး သိခဲ့ရတာပါ။ သူတို့နဲ့အဆက်အသွယ်ရခဲ့တာကတော့ လူမှုကွန်ရက်မှာတင်ထားတာတွေ့တော့ ဘင်္ဂလားဒေ့ရှ်ရောက်သွားပြီဆိုတာ သိလိုက်ရတယ်။ အဲဒါနဲ့ ဘင်္ဂလားဒေ့ရှ်ရောက်နေတဲ့ ဟိန္ဒူဘာသာဝင်တွေကို ကယ်တင်ပေးဖို့ အကူအညီတောင်းလိုက်တယ်။ အဲဒီအမျိုးသမီးတွေကို ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ ဟိန္ဒူဘာသာဝင်တွေကလည်း ကယ်တင်လိုက်နိုင်ခဲ့တယ်။ အဲဒါနဲ့ နင်တို့အဲဒီကို ဘယ်လိုရောက်သွားတာလဲ။ နင်တို့မိဘဆွေမျိုး၊ ညီအစ်ကိုမောင်နှမတွေရော အဲဒီမှာရှိလားမေးတော့ ခမောင်းဆိပ်ကနေ သူတို့အဖွဲ့ကို အကြမ်းဖက်သမားတွေက အတင်းအဓမ္မဆွဲခေါ်ခဲ့ကြတယ်။ မလှမ်းမကမ်းတဲတစ်ခုရောက်တော့ အဲဒီအမျိုးသမီးတွေကိုထိုင်ခိုင်းပြီး သူတို့ရဲ့ အဖေ၊ အမေ၊ အမျိုးသားတွေကိုလည်ပင်းဖြတ်၊ ခြေ၊ လက်တွေကိုလည်း ဓားနဲ့ခုတ်တယ်။ ပြီးတော့နင်တို့ အသတ်ခံမှာလား။ ငါတို့ဘာသာထဲဝင်ပြီး ငါတို့ကိုလက်ထပ်ယူမှာလားဆိုပြီး ခြိမ်းခြောက်ပြောဆိုတယ်လို့ ပြောတယ်။ အဲဒါနဲ့ သူတို့လည်း သူတို့ဘာသာထဲဝင်ပါမယ်ပြောမှ သူတို့ကိုမသတ်ဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခေါ်သွားတယ်လို့

ပြောပါတယ်။ သူတို့ရဲ့ ပြောကြားချက်အရ ကျွန်တော်လည်းသက်ဆိုင်ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ကို အကြောင်းကြားပြီး သူတို့ပြောတဲ့ဒီလမ်းကြောင်းအတိုင်း လိုက်လံရှာဖွေတူးဖော်ကြည့်တဲ့အခါ အခုလို ဟိန္ဒူဘာသာဝင်ရုပ်အလောင်းတွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်"ဟု အသေးစိတ်ရှင်းပြခဲ့သည်။

ယင်းနောက် ပြည်တွင်း/ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် မောင်တောခရိုင်တောင်ပိုင်းအတွင်းရှိ ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိပြီး တပ်မတော်ဆေးတပ်ဖွဲ့မှ အစ္စလာမ်ဘာသာဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး ဒေသခံ အစ္စလာမ်ဘာသာဝင်များအား ဩဂုတ် ၂၅ ရက်ဖြစ်စဉ်နှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်း သတင်းရယူခဲ့သည်။

ယနေ့ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့များ သွားရောက်သတင်းယူခဲ့သော မောင်တောခရိုင်မြောက်ပိုင်း ရဲဘော်ကျ(ရဲဘောက်ကျ) ကျေးရွာအနောက်ဘက် မီတာ ၁၂၀၀ အကွာ၌ ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက်အကြမ်းဖက်သမားများ ရက်စက်စွာသတ်ဖြတ်ခဲ့သော ဟိန္ဒူဘာသာဝင်ရုပ်အလောင်းများ ရှာဖွေတူးဖော်ရရှိမှုမှာ စက်တင်ဘာ ၂၄ ရက်တွင် ရုပ်အလောင်း ၂၈ လောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ရုပ်အလောင်း ၁၇ လောင်း စုစုပေါင်း ရုပ်အလောင်း ၄၅ လောင်းတူးဖော်ရရှိထားပြီး သက်ဆိုင်ရာအနေဖြင့် ယင်းဝန်းကျင်လမ်းကြောင်းတစ်လျှောက်တွင် ထပ်မံရှာဖွေလျက်ရှိကြောင်းသိရသည်။

သတင်း - မင်းခေတ်၊ ဓာတ်ပုံ - မိုးခမ

လယ်ယာမြေများအား အကွက်ရိုက်ရောင်းစားနေခြင်းကို မကျေနပ်၍ ဆန္ဒထုတ်ဖော်

တိုက်ကြီး စက်တင်ဘာ ၂၇
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ် ၁၈၆၄ ဦးပိုင်အမှတ် (၉၂/ဃ/၄) လယ်ပိုင်ရှင် ဦးသိန်းဟန်၏ ပုံစံ(၇) ရရှိပြီးဖြစ်သော စပါးစိုက်ပျိုးမြေကွက်များအား

အဖျောက် (၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးစီး၍ လူနေအိမ်အကွက်များအား ဥပဒေမဲ့ဖော်ထုတ်ရောင်းစားနေခြင်းကို မကျေနပ်၍ ဒုတိယအကြိမ် ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း၊ ဆန္ဒထုတ်ဖော်ခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြုလုပ်ခဲ့ကြောင်း ဦးဆောင်သူ ဦးဝင်းကြိုင်က ပြောသည်။

အဆိုပါမြေပေါ်၌ အိမ်အကွက်ရိုက်ရောင်းချရာတွင် အဖျောက်မြို့ (၄) ရပ်ကွက်ရှိ ပန်းတုန်းပိတ်ကျေးရွာတွင် ရေတိုက်စားသဖြင့် ကမ်းပြိုခဲ့ရာ အိမ်ခြေ ၄၂ လုံးကို ပြောင်းရွှေ့ပေးရန် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ကို လိမ်လည်အကြောင်းပြပြီး မြေကွက်များ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)



❒ ကျောဖုံးမှ

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ပုဇွန်တောင်မြို့နယ် အမှတ်(၉) ရပ်ကွက် ရေကျော်လမ်းမကြီး သံလမ်းအနီး၌ အောက်တိုဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် Lady Boy တေးသရုပ်ဖော်အဖွဲ့၊ အောက်တိုဘာ ၄ ရက်တွင် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ဇွဲအငြိမ့်၊ အောက်တိုဘာ ၅ ရက်တွင် နိုင်ငံကျော်တေးသံရှင်များ၏ ဂီတဖျော်ဖြေမှုနှင့် အောက်တိုဘာ ၆ ရက်တွင် Five Stars အငြိမ့်အဖွဲ့တို့က ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ရာ လက်မှတ်များကို အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ အမှတ်(၇)ရပ်ကွက် ရေကျော်လမ်းမကြီးရှိ ဝိုင်အမ်ဘီအေရှေ့ ဖျော်ဖြေရေးအစီအစဉ်လက်မှတ်များကို လိပ်ကန်လမ်း အိုးဘိုစမ္မာရုံတွင် လည်းကောင်း ဝယ်ယူနိုင်ကြောင်း သိရသည်။

ထို့အပြင် ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးရှိ ဖျော်ဖြေမှုကိုမူ အခမဲ့ကြည့်ရှုနိုင်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

သတင်း-ရီရီမြင့်၊ ဥမ္မာသန့်

❖ အိမ်ရှင် မြန်မာယူ-၁၆ အသင်းမှ

ညနေ ၃ နာရီက ကျင်းပသည့် ပထမပွဲတွင် တရုတ်အသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် တောင်ကိုရီးယားနှင့် တရုတ်အသင်းတို့က ခြောက်မှတ်စီ ရရှိပြီး မြန်မာနှင့်ဖိလစ်ပိုင်အသင်းတို့က အမှတ်မရသေးပေ။ နောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၂၉ ရက် ညနေ ၃ နာရီတွင် တောင်ကိုရီးယားနှင့် တရုတ်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ဖိလစ်ပိုင်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**

ဓာတ်ပုံ-ဖိုးသော်ဇင်

ဒလ-ခနုတ် ကွန်ကရစ်လမ်းပိုင်း အဆင့်မြှင့်တင်တိုးချဲ့

ရန်ကုန် စက်တင်ဘာ ၂၇
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဒလ-ခနုတ် ကွန်ကရစ်လမ်းပိုင်းရှိ အကျယ် ၁၂ ပေ၊ အရှည် ၁၃ မိုင် ၅ ဖာလုံခန့်ရှိသော ကွန်ကရစ်လမ်းကို အကျယ် ၁၈ ပေ၊ ဒုခုနစ်လက်မဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဒလမြို့ နာရီစင်ကားလမ်းအထွက်မှ စတင်ပြီး ရခိုင်ချောင်ကျေးရွာအထိတိုးချဲ့လျက်ရှိသည်။ နှစ်လမ်းသွားကားလမ်းမကြီးအဖြစ် ဆောက်လုပ်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်တိုးချဲ့ ခြင်းဖြစ်သည်။

ဒလမြို့နယ် နာရီစင်ကားလမ်း အထွက်နေရာမှ ကွန်ကရစ်လမ်းမှာ ကျဉ်းမြောင်းလျက်ရှိပြီး နေ့စဉ်ယာဉ်ကြီး၊ ယာဉ်ငယ်များ မောင်းနှင်သွားလာရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။ ယာဉ်မတော်တဆမှုများ ကြုံတွေ့နေရခြင်း၊ တန်ပိုတင်ယာဉ်ကြီးများ ဖြတ်သန်းမောင်းနှင်ခြင်း၊ မကြာခဏ လမ်းပိတ်ဆို့မှုများလည်း ကြုံတွေ့နေရခြင်းတို့ကြောင့် ဆောက်လုပ်ရေးဦးစီးဌာနမှ လမ်းချဲ့ခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ ဒလ-သခွပ်-လက်ခုပ်ကုန်း-တညင်းကုန်းအထိ အရှည် ၃၆ မိုင်ခန့်ရှိပြီး သက်ဆိုင်ရာလမ်းပိုင်းများအလိုက် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနမှ ကွန်ကရစ်လမ်းကို အဆင့်မြှင့်တင်တိုးချဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ကားလမ်းမကြီး တိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဒလ-ခနုတ်၊ လက်ခုပ်ကုန်း၊ တညင်းကုန်း၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးအထိ လမ်းများ ပိုမိုကောင်းမွန်လာနိုင်ကာ ယခင်ကထက် ကုန်စည်စီးဆင်းမှုနှင့် ဒေသခံပြည်သူများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်လင်းကျော်(ဒလ)

ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ လွှဲပြောင်းပေးအပ်ပွဲ တာချီလိတ်၌ ကျင်းပ

တာချီလိတ် စက်တင်ဘာ ၂၇
၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၁၀၀၀ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၆ ရက် ညနေ ၃ နာရီက တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က လုပ်ငန်းများကဏ္ဍအလိုက် သတ်မှတ်အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေးနှင့် ဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက တာချီလိတ်မြို့နယ်ရှိ တာချီလိတ်၊ တာလေနှင့် ကျိုင်းလပ်မြို့များမှ ကျေးရွာတို့တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၁၆ ခု၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း နှစ်ခုနှင့် ရေရရှိရေးလုပ်ငန်းနှစ်ခု စုစုပေါင်းလုပ်ငန်း ၂၀ အတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ကို ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

သီတင်းကျွတ်မီးထွန်းရန် ရောင်စုံမီးပုံးအလှမျိုးစုံ ရောင်းအားကောင်း

မင်းဘူး စက်တင်ဘာ ၂၇
ဝါလကင်းလွတ် သီတင်းကျွတ်တော့မည်ဖြစ်သဖြင့် ဒီဇိုင်းမျိုးစုံဖြင့် ဒေသလုပ်ရောင်စုံမီးပုံးများ၊ တရုတ်နိုင်ငံထုတ် ရောင်စုံစက္ကူမီးပုံးများ၊ မီးသီးများ ဈေးကွက်အတွင်း ဝင်ရောက်လာပြီး ဒီဇိုင်းလှပစွာ ပြုလုပ်ထားသည့် တရုတ်မီးပုံးနှင့် မီးသီးများမှာ

ပိုမိုလူကြိုက်များကာ ရောင်းအားကောင်းလျက်ရှိကြောင်း အရောင်းဆိုင်များမှ သိရသည်။

"ဒေသထွက်ရောင်စုံစက္ကူမီးပုံး၊ မီးထွန်းအရုပ်တွေကတော့ ငွေကျပ် ၅၀၀ မှ ၁၅၀၀ အထိ ဈေးနှုန်းအမျိုးမျိုးရှိကြပြီး ကြာရှည်ခံနိုင်မှုတော့ နည်းပါတယ်။ တရုတ်နိုင်ငံထုတ်မီးပုံး၊ မီးသီးတွေကတော့ ငွေကျပ် ၂၅၀၀ မှ ၆၀၀၀ အထိ အရွယ်အစားအလိုက် ဈေးနှုန်းအမျိုးမျိုးရှိပါတယ်"ဟု မကွေးမြို့မှ ရောင်စုံစက္ကူမီးပုံးများ ရောင်းချသူတစ်ဦးက ပြောသည်။

မြတ်စွာဘုရားသည် မယ်တော်မိနတ်သားအမှူးပြုသော နတ်ပြဟ္မာများအား အဘိဓမ္မာတရားတော်ကို ဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့တွင် နတ်ပြည်မှလူ့ပြည်သို့ ကြွမြန်းဆင်းသက်လာစဉ် လူအပေါင်းတို့က မြတ်စွာဘုရားအား ကြိုဆိုသည့်အနေဖြင့် ဘုရားကျောင်းကန်၊ စေတီပုထိုးနှင့် အိမ်များ၊ ဈေးဆိုင်များတွင် ဆီမီးရောင်စုံထွန်းညှိပူဇော်မှုကို ပြုလုပ်ဆင်နွှဲကြသည်။

ဖိုးပြည့်(မင်းဘူး)

သန်လျင် မြယာရိုးကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ် တပ်ဆင်

ရန်ကုန် စက်တင်ဘာ ၂၇
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြယာရိုးကျေးရွာ ကွက်သစ်(၃)(၉) လမ်းထိပ်၌ ကိုယ့်အားကိုယ်ကိုး ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံးကို စက်တင်ဘာ ၂၅ ရက်တွင် တပ်ဆင်ခဲ့ပြီး ဓာတ်အားပို့လွှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြယာရိုးကျေးရွာ ကွက်သစ်(၁)နှင့် ကွက်သစ်(၃) ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီသည် ကျေးရွာနေ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေး ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံးကို ကွက်သစ်(၃) ၉ လမ်းထိပ်၌ တပ်ဆင်ခဲ့ပြီး ဓာတ်အားပို့လွှတ်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။ လက်ရှိ ဓာတ်အားပို့လွှတ်ပေးနေသော ၃၁၅ ကေဗွီအေထရန်စဖော်မာ လျှပ်စစ်ဝန်အားမျှစေရန်နှင့် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိသုံးစွဲနိုင်ရေးအတွက် ထရန်စဖော်မာတိုးချဲ့တပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြယာရိုးကျေးရွာ ကွက်သစ်တွင် အိမ်ခြေ ၃၀၀ ကျော် နေထိုင်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား သုံးစွဲအိမ်ခြေ ၂၀၀ ကျော်ရှိရာ ထရန်စဖော်မာအသစ်တပ်ဆင်ပေးခြင်းကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ ဓာတ်အားအပြည့်အဝသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အိမ်ရာစီမံကိန်းများမှ တိုက်ခန်းများကို နိုင်ငံ့ဝန်ထမ်းများအား အရစ်ကျရောင်းချပေးသွားမည်

နေပြည်တော် စက်တင်ဘာ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အိမ်ရာစီမံကိန်းများမှ တိုက်ခန်းများကို နိုင်ငံ့ဝန်ထမ်းများအား အရစ်ကျ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

တန်ဖိုးနည်းအိမ်ရာစီမံကိန်းအဖြစ် ဒဂုံမြို့သစ်(ဆိပ်ကမ်း)တွင် ကနောင်အိမ်ရာစီမံကိန်းနှင့် လှိုင်သာယာမြို့နယ်တွင် ရွှေလင်ပန်းအပိုင်း(၂)၊ (၃) အိမ်ရာစီမံကိန်းမှ တိုက်ခန်းများကိုလည်းကောင်း၊ တန်ဖိုးသင့်အိမ်ရာစီမံကိန်းအဖြစ် လှိုင်သာယာမြို့နယ်တွင် ထီးလှိုင်ရှင်အိမ်ရာနှင့် ရွှေလင်ပန်း Commercial Area အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အင်းဝအိမ်ရာနှင့် ပုလဲအိမ်ရာစီမံကိန်းနှင့် မြောက်ဥက္ကလာပမြို့နယ်တွင် ရွှေပေါက်ကံ (၁၄) အိမ်ရာစီမံကိန်းတို့မှ တိုက်ခန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံ့ဝန်ထမ်းများအား ရောင်းချရာတွင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ကာ အရစ်ကျငွေပေးချေသည့်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သလို ငွေအကျေချေစနစ်ဖြင့်လည်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အရစ်ကျငွေပေးချေသည့်စနစ်ဖြင့် တိုက်ခန်းများဝယ်ယူလိုပါက ဝယ်ယူလိုသည့် ဝန်ထမ်းများအနေဖြင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် မိမိဝယ်ယူလိုသည့် တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ထည့်ဝင်ထားရမည်ဖြစ်ပြီး ကျန်သည့် ၇၀ ရာခိုင်နှုန်းကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံ ချေးငွေလျှောက်ထား၍ အရစ်ကျငွေပေးချေသည့်စနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

တိုက်ခန်းများကို ချေးငွေလျှောက်ထား ဝယ်ယူလိုပါက ညွှန်ကြားရေးမှူးချုပ်(မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)သို့ လိပ်မူ၍ လျှောက်ထားဝယ်ယူနိုင်ပြီး ချေးယူလိုသည့်ငွေပမာဏ၊ ချေးငွေရယူလိုသည့်ကာလ ဖော်ပြထားသော လျှောက်လွှာနှင့်အတူ ဓာတ်ပုံ သုံးပုံ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝယ်ယူခွင့်ရရှိသော အကြောင်းကြားစာ၊ လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ၊ မိသားစုအိမ်ထောင်စုစာရင်း၊ ဝန်ထမ်းကတ်မိတ္တူတို့ဖြင့် လျှောက်ထားရယူနိုင်ကြောင်း သိရသည်။

ထို့ပြင် မန္တလေး၊ ပုသိမ်၊ မကွေး၊ မုံရွာနှင့် မော်လမြိုင်မြို့တို့၌လည်း အိမ်ရာစီမံကိန်းများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဝယ်ယူလိုသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဆိုပါဦးစီးဌာန၏ နေပြည်တော် ဖုန်း-၀၆၇-၃၄၀၇၇၀၃ နှင့် ၀၁-၈၃၉၂၅၂၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ရှင်မင်း)

နမ့်စန်မြို့နယ်၌ မျိုးစေ့နှင့်ဓာတ်မြေဩဇာများ ပေးအပ်

နမ့်စန် စက်တင်ဘာ ၂၇

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် တောင်သူများ အစားထိုးသီးနှံစိုက်ပျိုးရေးအတွက် အစားထိုးသီးနှံ မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက နမ့်စန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထိုက်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကြည်က အစားထိုးသီးနှံပေးအပ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က အစားထိုးသီးနှံ စပ်မျိုးနေကြာ၊ ပဲပုပ်မျိုးစေ့၊ ယူရီးယားဓာတ်မြေဩဇာနှင့် ကွန်ပေါင်းဓာတ်မြေဩဇာတို့ကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး နမ့်စန်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းစောမြနှင့် ဒုတိယဦးစီးမှူး ဦးခင်မောင်သန်းတို့က တောင်သူပညာပေးသင်တန်း ဆက်လက်ပို့ချခဲ့ကြောင်း သိရသည်။

သူရအောင်(ပြန်/ဆက်)

မုံရွာပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်း

မုံရွာ စက်တင်ဘာ ၂၇

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူး ကျော်ဇော်ဇော် အပါအဝင် အရာရှိ လေးဦး၊ အခြားအဆင့် ၅၈ ဦး စုစုပေါင်း ၆၂ ဦးတို့က မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးတွင် သွေးအိတ်ပေါင်း ၆၂ အိတ်ကို စုပေါင်းလှူဒါန်းကြသည်။ တပ်ဖွဲ့ဝင်များ သွေးလှူဒါန်းနေမှုကို အမှတ်(၉) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး မောင်မောင်အေးနှင့် အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းလင်းနိုင်တို့က လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားပြီး ဖြည့်စွက်အာဟာရများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

မြစ်ကြီးနားမြို့တွင် ကလေးသူငယ်ပြစ်မှုကျူးလွန်သူ ယခင်နှစ်ကထက် များပြားလာ

မြစ်ကြီးနား စက်တင်ဘာ ၂၇

မြစ်ကြီးနားမြို့တွင် ကလေးသူငယ်ပြစ်မှုကျူးလွန်သူ ယခင်နှစ်ကထက် များပြားလာကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲမှူးသန်းဦး၏ ပြောကြားချက်အရ သိရသည်။

၂၀၁၆ တစ်နှစ်လုံးတွင် အသက်(၁၈)နှစ်အောက် ကလေးသူငယ်ပြစ်မှုကျူးလွန်သူ ၁၅ ဦးခန့်သာရှိခဲ့သော်လည်း ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ၁၈ ဦးရှိနေပြီဖြစ်သည်။

"အရင်နှစ်ကထက်စာရင်တော့ အသက်(၁၆)နှစ်အောက်တွေ နည်းနည်းများလာတယ်။ အဓိကက စီးပွားရေး အနေအထားကြောင့်ရယ်၊ အပေါင်းအသင်းမှားတာနဲ့ မိဘထိန်းကျောင်းမှုတွေနဲ့လည်း ဆိုင်မယ်ထင်တယ်"ဟု ၎င်းက မှတ်ချက်ပြုသည်။

ပြစ်မှုကျူးလွန်သူများကို တရားရုံးမှ အမှုများ ပြီးပြတ်သွားပါက တရားရုံး၏ စီရင်ချက်ကျခံရသည့်နှစ်အတိုင်း လူငယ်ပြုပြင်ထိန်းသိမ်းရေးကျောင်းသို့ ပို့သည်။

ယခုနှစ်တွင် မြစ်ကြီးနားမြို့ မြို့မရဲစခန်း၌ အမှုရင်ဆိုင်နေရသူ ကိုးဦးရှိပြီး နယ်မြေရဲစခန်းတွင် သုံးဦးရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏ စာရင်းများအရ သိရသည်။

"ကချင်ပြည်နယ်မှာ ဒီနှစ်အတွင်း လူငယ်ပြုပြင် ထိန်းသိမ်းရေးသင်တန်းကျောင်းကို ပို့လိုက်တဲ့တရားခံ လေးဦးရှိပါတယ်။ တစ်ဦးက မိုးညှင်းခရိုင်က အမျိုးသမီးပါ။ ကျန်တဲ့ အမျိုးသား သုံးယောက်က ဗန်းမော်ခရိုင်နဲ့ ပူတာအိုခရိုင်ကပါ။ မြစ်ကြီးနားခရိုင်က မပါသေးပါဘူး"ဟုပြည်နယ်ရဲတပ်ဖွဲ့ရုံး မှုခင်းမှတ်တမ်းဌာနမှ ဒုတိယရဲမှူး ညီညီလွင်က ပြောသည်။

အသက်(၁၈)နှစ်အောက် အမှုရင်ဆိုင်နေရသည့် ကလေးသူငယ်များကို လက်ထိတ်ခတ်ခြင်း၊ အသက်ပြည့်သူ တရားခံများနှင့် ရောနှောထားခြင်း၊ ညှဉ်းပန်းနှိပ်စက် ခြိမ်းခြောက်ခြင်း မပြုလုပ်ရဘဲ ရဲစခန်းဝင်းအတွင်းရှိ အမှုစစ်သည့်အရာရှိ၏ အိမ်တွင်သာ နေထိုင်စေကြောင်း ရဲမှူးသန်းဦးက ရှင်းပြသည်။

(မင်းမင်းဦး)

ငါန်းဇွန်မြို့နယ် အောက်ရိုးကျေးရွာ၌ ကွန်ကရစ်လမ်းဖွင့်

ငါန်းဇွန် စက်တင်ဘာ ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်) ပံ့ပိုးငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ကွန်ကရစ်လမ်းဖွင့်ပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ငါန်းဇွန်မြို့နယ် အောက်ရိုးကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ အရှည် ပေ ၁၅၀၀၊ အကျယ် ၁၂ ပေနှင့် ဒု ခုနစ်လက်မဖြစ်ပြီး လူထုဗဟိုပြု စီမံကိန်းပံ့ပိုးငွေ ကျပ် ၂၂ ဒသမ ၂၇ သန်းနှင့် လူထုထည့်ဝင်ငွေကျပ် သုည ဒသမ ၆၈ သန်းအကုန်အကျခံ၍ ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်(ငါန်းဇွန်)

ကမ္ဘာ့အကြီးဆုံးကျွန်းပင်ကြီး ရှာဖွေမှတ်တမ်းတင်နိုင်ခဲ့သူ ၃၂ ဦးအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြု

ဟုမ္မလင်း စက်တင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကမ္ဘာ့အကြီးဆုံးကျွန်းပင်ကြီး ရှာဖွေမှတ်တမ်းတင်နိုင်ခဲ့သူများအား ဂုဏ်ပြုသည့်အခမ်းအနားကို ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ယခုလို တာဝန်သိစွာလာရောက် အကြောင်းကြားပေးသော ပြည်သူများအား ဝမ်းသာဂုဏ်ယူစွာ မှတ်တမ်းတင်ကြောင်း၊ နောင်တွင်လည်း ရှေးဟောင်းအမွေအနှစ်များ တွေ့ရှိပါက အကြောင်းကြားထိန်းသိမ်းထားစေလိုကြောင်း ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ကမ္ဘာ့အကြီးဆုံးကျွန်းပင်ကြီး ရှာဖွေမှတ်တမ်းတင်နိုင်ခဲ့သည့် ခရီးစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သတင်းပေးသူ ဗန်းမောက်မြို့နယ် နောင်ကန်ကျေးရွာအုပ်စု တုံစကားရွာတွင်နေထိုင်သော ဦးတင်ရွှေအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းပေးအပ်ပြီး ရှာဖွေမှတ်တမ်းတင်နိုင်ခဲ့သူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ စုစုပေါင်း ငွေကျပ် ၃၆ သိန်း ပေးအပ်ခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကွင်းဆင်းအဖွဲ့က ကမ္ဘာ့အကြီးဆုံးကျွန်းပင်ကြီး၏ ကိုင်းတက်ဖြင့် ထုလုပ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်အား ဂါရဝပြုခဲ့ကြသည်။

ထွန်းကိုကို(ယင်းမာပင်)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး အေးသွင် ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၂၅ ဦးတို့ စက်တင်ဘာ ၂၁ ရက်က ဗန်းမော်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။

ခရိုင်(ပြန်/ဆက်)

ကြေးမုံ

စက်တင်ဘာ ၂၈၊ ၂၀၁၇

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော် လောကချမ်းသာ အဘယလာဘမုနိ (ကျောက်တော်ကြီး) ရုပ်ပွားတော်မြတ်တည်ရှိရာ ဂန္ဓကုဋိကျောင်းတော်ကြီး အတွင်း၌ သီတင်းကျွတ်လဆန်း ၇ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ကိုးရက်တိုင်တိုင် (၂၂) ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီက စတင်ကျင်းပစဉ်။
(ကြေးမုံ)

သူရမချစ်ပို ဂုဏ်ပြုရုပ်တုဖွင့်ပွဲ ကျင်းပ

လောင်းလုံး စက်တင်ဘာ ၂၇
တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် နခံတောကျေးရွာ၌ မွေးဖွားသော မြန်မာနိုင်ငံတွင် ပထမဆုံးသူရဘွဲ့ရ အမျိုးသမီးသူရဲကောင်းဖြစ်သူ သူရမချစ်ပို ဂုဏ်ပြုရုပ်တုဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မြောကင်းကျေးရွာအုပ်စု ထားဝယ်-မောင်းမကန် ကားလမ်းပေါ်ရှိ ကြာပြင်လမ်းဆုံပန်းခြံ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သူရ မချစ်ပိုရုပ်တု ဖြစ်မြောက်ရေးကော်မတီတို့ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။
စိုးထွန်း(ပြန်/ဆက်)

ပုသိမ်မြို့ တာဝတိံသာဘုရားကြီး ပုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ပုသိမ် စက်တင်ဘာ ၂၇
ပုသိမ်မြို့ရှိ တာဝတိံသာဘုရားကြီး (၁၂၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၈ ရက် (စက်တင်ဘာ ၂၈ ရက်)မှ စတင်၍ ကျင်းပမည်ဖြစ်ပြီး ပွဲတော်နောက်ဆုံးနေ့ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၆ ရက်) ညနေ ၄ နာရီတွင် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ နတ်ပြဟ္မာအပေါင်းအား အဘိဓမ္မာ (၇)ကျမ်း ဟောကြားတော်မူပြီး၍ နေဝင်ဆည်းဆာအချိန်တွင် နတ်ပြဟ္မာတို့ ဖန်ဆင်းသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ အလယ်ပတ္တမြားစောင်းတန်းမှ လူ့ပြည်ဌာန သင်္ကဿနဂိုရ်ရာဇဗြိုဟ်ပြည်သို့ ဆင်းသက်တော်မည့် မဟာဗုဒ္ဓဝင်အခမ်းအနားကို နေပြည်တော်ပန်တျာထိန်လင်းနှင့် တာဝတိံသာဘုရားကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ သီရိရတနာ ဦးတင့်လွင်အဖွဲ့က ရှေးအစဉ်အလာအတိုင်း ကျင်းပပြီး ပုသိမ်မြို့တွင်းသို့ ဒေသစာရီ လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။
(ပုသိမ်လှကြည်)

LED မီးလုံးပေါင်းသန်း ၇၀ ကျော်ဖြင့် Myanmar LED Beautiful World Festival ပွဲတော်ကြီး မုံရွာမြို့တွင် တစ်လကြာ ကျင်းပမည်

မုံရွာ စက်တင်ဘာ ၂၇
Myanmar LED Beautiful World Festival ပွဲတော်ကြီးကို စက်တင်ဘာ ၂၉ ရက်တွင် မုံရွာမြို့ ကန်သာယာကျောက်တိုင်ကွျန်းပေါ်၌ ဖွင့်လှစ်ကာ အများပြည်သူများ အပန်းဖြေနိုင်ရန် တစ်လကြာ ပြသသွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူ ကိုရဲမြင့်ထံမှ သိရသည်။

"ကျောက်တိုင်ကျွန်းရဲ့ အဝင်လမ်းမှာ လိုဏ်ခေါင်းပုံ၊ အမျိုးမျိုးလှုပ်ရှားနေတဲ့ မီးခုံး၊ နှင်းကျနေတဲ့ ပုံစံ၊ မီးခုံးနဲ့ အသည်းပုံ၊ မီးခုံးအပါအဝင် ဆွမ်းအုပ်ပုံ၊ အီဖယ်မျှော်စင်ပုံ၊ ဂီတာပုံ၊ စောင်းကောက်ပုံ၊ ဖိနပ်ပုံ၊ ကာတွန်းပုံ၊ မီးပန်းခင်းအပါအဝင် မီးလုံးတွေနဲ့လုပ်ထားတဲ့ မြက်ခင်းစတဲ့ အမျိုးအစားပေါင်း ၃၀၀ ကျော် ခင်းကျင်းပြသဖို့ လုပ်နေပါတယ်။ ပွဲကွင်းတစ်ကွင်းလုံးအတွက် LED မီးလုံးပေါင်း သန်းပေါင်း ၇၀ ကျော် သုံးဖို့ရှိပါတယ်။ အခုပွဲတော်ကို မွန်းဘရားသားကုမ္ပဏီက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ လမ်းညွှန်ပံ့ပိုးမှုနဲ့ ဒီပွဲကြီးဖြစ်အောင် စီစဉ်လုပ်ဆောင်နေတာပါ။ စက်တင်ဘာ ၂၉ ရက်မှာ ဖွင့်ပွဲလုပ်ပါမယ်"ဟု ကိုရဲမြင့်က ပြောသည်။

တစ်လကြာကျင်းပမည့် မီးအလှပြပွဲတော်တွင် Selfie PHOTO ပြိုင်ပွဲပြုလုပ်ကာ ဆုများချီးမြှင့်ပေးမည့် အစီအစဉ် ထည့်သွင်းထားပြီး ဝင်ကြေးကို လူကြီး ငွေကျပ် ၂၀၀၀၊ ကလေးများနှင့် ကျောင်းသား ကျောင်းသူ ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ရဟန်း၊ သံဃာ၊ သီလရှင်နှင့် (၅)နှစ်အောက်ကလေးငယ်များကို အခမဲ့စီစဉ်ထားကြောင်း၊ နေ့စဉ် ညနေ ၆ နာရီမှ ည ၁၀ နာရီခွဲအထိ ပွဲတော်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။
မျိုးဝင်းထွန်း(မုံရွာ)

တရားမဝင်ကုန်စည်များ သယ်ယူပို့ဆောင်မှု တားဆီးစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၇
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် နေ့စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းများကို ရေပူစစ်ဆေးရေးဂိတ်စခန်း၌ စက်တင်ဘာ ၂၆ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

စက်တင်ဘာ ၂၂ ရက်က မန္တလေးသို့ သွားရောက်မည့် PE (12 W) ယာဉ်ကို ရေပူအမြဲတမ်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Hair Shampoo ၁၄၅ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၀၃၀ သန်းခန့်) အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၅၄၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂၀၃ သန်းခန့်)၊ စုစုပေါင်းတားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၄၃ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။
(၀၀၁)

အသက်မပြည့်သေးသည့် မိန်းမပျိုအား လူကုန်ကူးရန်ကြံစည်သူ ဖမ်းဆီးအရေးယူ

မလှိုင် စက်တင်ဘာ ၂၇
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နွားကန်တိုက်နယ် ရဲကင်းစခန်းက စက်တင်ဘာ ၂၆ ရက် ညနေ ၆ နာရီခွဲခန့်တွင် အသက်မပြည့်သေးသည့် မိန်းကလေးအား လူကုန်ကူးရန် ကြံစည်သူကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေပေါ်ကျွန်းသာသနာပြုစခန်း ချောင်းဦးဆောင်နေ ဒေါ်ဝိဇ္ဇေတီ(ခ)ဒေါ်မာမာအေးနှင့် အစ်မဖြစ်သူ ဒေါ်မြင့်ခိုင်(ခ) ဒေါ်ခင်နီတို့က ချောင်းဦးဆောင်တွင် ရောက်ရှိနေသော တရုတ်အမျိုးသားနှင့် လက်ထပ်ထိမ်းမြားရန် ရွှေပေါ်ကျွန်းရွာနေ မ----အသက်(၁၅)နှစ်အား စည်းရုံးခဲ့ကြောင်း သိရသည်။ တရုတ်အမျိုးသားအား ထိမ်းမြားလျှင် ရွှေငွေပြည့်စုံစွာနေရမည်။ တစ်လလျှင် ငွေကျပ် ၁၀ သိန်း လစဉ်လွှဲပေးမည်။ မ-----ထည့်ပေးလျှင် ကြယ်ဝေါင်ရောက်လျှင် ငွေကျပ် သိန်း ၃၀ လွှဲပေးမည်။ တိုက်အိမ်ကားတို့ဖြင့် နေထိုင်ရမည်ဖြစ်ကြောင်း စည်းရုံးဟောပြောခဲ့ပြီး မ-----အား တရုတ်နိုင်ငံသို့ တရားဝင်သွားရောက်ရန် လက်ထပ်စာချုပ်၊ မှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ်တို့ အလျင်အမြန်ရရှိရေး ဒေါ်ဝိဇ္ဇေတီ(ခ) ဒေါ်မာမာအေးနှင့် ဒေါ်မြင့်ခိုင်(ခ) ဒေါ်ခင်နီတို့က ဆောင်ရွက်ခဲ့ကြောင်း မ-----၏ ဦးလေးဖြစ်သူက တိုင်ကြားခဲ့သည်။

အမှုအား စစ်ဆေးရာ အသက်မပြည့်သေးသူ မ----အား တရုတ်အမျိုးသားနှင့် ဟန်ဆောင်ထိမ်းမြား၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စည်းရုံးကြံစည်သည်မှာ ထင်ရှားသဖြင့် ရွှေပေါ်ကျွန်းရွာ ချောင်းဦးဆောင်နေ သီလရှင် ဒေါ်ဝိဇ္ဇေတီ(ခ)ဒေါ်မာမာအေးအား စက်တင်ဘာ ၂၆ ရက် ညနေ ၆ နာရီ ၃၅ မိနစ်ခန့်တွင် ဖမ်းဆီးနိုင်ခဲ့ပြီး တရုတ်နိုင်ငံ စမ့်ဟိုင်မြို့နေ အစ်မဖြစ်သူ ဒေါ်မြင့်ခိုင်(ခ) ဒေါ်ခင်နီအား ဆက်လက်စုံစမ်းလျက်ရှိပြီး ပြစ်မှုကျူးလွန်သူများအား နွားကန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
(ဥမ္မာ)

ဆိုင်ကယ် ဘေးချင်းယှဉ်စီးကာ ရွှေဆွဲကြိုးလုယူထွက်ပြေးသွားသည့် လူငယ်နှစ်ဦးကို ပိတ်ဆို့ဖမ်းဆီး

ဘားအံ စက်တင်ဘာ ၂၇
ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ဆိုင်ကယ်စီးနင်းမောင်းနှင်လာသော အမျိုးသမီးထံမှ အမျိုးသားနှစ်ဦးမောင်းလာသော ဆိုင်ကယ်က ဘေးချင်းကပ်ယှဉ်စီးကာ ရွှေဆွဲကြိုးအား လုယူထွက်ပြေးခဲ့မှုကို ပိတ်ဆို့ဖမ်းဆီးရာ ကျူးလွန်သူနှစ်ဦးအား သက်သေခံ ရွှေဆွဲကြိုးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်က ဘားအံမြို့နယ် ဇာသပြင်အရှေ့ကျေးရွာနေ မ----သည် ဘားအံမြို့ရှိ ပညာရေးကောလိပ်သို့ သူငယ်ချင်းဖြစ်သူနှင့်အတူ ဆိုင်ကယ်ဖြင့် သွားရောက်စဉ် အိန္ဒူ-ဘားအံကားလမ်း ကော့ကသောင်ကျေးရွာအနီးအရောက် ဆိုင်ကယ်စီးဦးထုပ် လေကာမှန်ချကာ ဆောင်းထားသည့် လူငယ်နှစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်မှ ဘေးချင်းယှဉ်မောင်းကာ လည်ပင်းတွင် ဆွဲထားသော အလေးချိန်တစ်မတ်သားခန့်ရှိ ရွှေဆွဲကြိုးအား ဆွဲဖြတ်ကာ လုယူထွက်ပြေးသွားခဲ့သဖြင့် အိန္ဒူနယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြာညိုနှင့် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေပိတ်ဆို့ရာ အကြောင်းကြားထားသော ဆိုင်ကယ်မှာ ပြန်လည်ကွေ့သွားပြီး လာလမ်းအတိုင်း မောင်းနှင်ထွက်ပြေးကာ ရော်ဘာခြံများရှိသည့်နေရာအရောက် ဆိုင်ကယ်အား လမ်းပေါ်တွင်ထားခဲ့ပြီး ရော်ဘာခြံများအတွင်း ဝင်ရောက်ထွက်ပြေးသွားခဲ့သည်။

ထိုသို့ ပုန်းအောင်းတိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သူအား ကော့ရင်းထက်ကျေးရွာအုပ်စု ကော့မူးသီးကျေးရွာတွင် စက်တင်ဘာ ၂၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။
မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)

အားကစား

နိုင်ငံတကာပွဲများအတွက် မြန်မာ့လက်ရွေးစင်အသင်းအား ဖွဲ့စည်း

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာတွင် ယှဉ်ပြိုင်ကစားရမည့် နိုင်ငံတကာခြေစမ်းပွဲနှင့် အာရှဖလားခြေစစ်ပွဲတို့အတွက် အောက်တိုဘာ ၁ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး ကစားသမား ၂၅ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင် လက်ရွေးစင်လူစာရင်းကိုထုတ်ပြန်ခဲ့ရာ ပုံမှန်ပါဝင်နေသည့် ကစားသမားအများစုပါဝင်လာခဲ့သလို ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ရှမ်းယူနိုက်တက်အသင်း တိုက်စစ်မှူး ဒွေးကိုကိုချစ်မှာဂတ်ဖရိုင်းဒရစ်လက်ထက်တွင် ပထမဆုံးရွေးချယ်ခံခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁ ရက် ညနေပိုင်းတွင် မန္တလေးမြို့၌ စတင်လေ့ကျင့်မည်ဖြစ်ပြီး စက်တင်ဘာ ၂၉၊ ၃၀ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် လေ့ကျင့်မည့် ရက်ကို ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၅ ရက်တွင် ထိုင်းလက်ရွေးစင် အသင်းနှင့် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းအတွက်ကြောင့် မန္တလေးမြို့တွင် သွားရောက်လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် ရန်ကုန်မြို့သို့ပြန်လာမည်ဖြစ်ပြီး ကာဂျစ္စတန်အသင်းနှင့် အောက်တိုဘာ ၁၀ ရက်တွင် ယှဉ်ပြိုင်ရမည့် အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်မည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင် အသင်းတွင် ဂိုး - သီဟစည်သူ(ရှမ်းယူနိုက်တက်)၊ ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ နောက်တန်း - ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ၊သီဟထက်အောင် (ချင်းယူနိုက်တက်)၊ ဝင်းမင်းထွဋ်၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ ကျော်ဇင်လွင် (မကွေး)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ အလယ်တန်း - ရန်အောင်ကျော်၊ ကောင်းဆက်နိုင်(ရန်ကုန်)၊ တင်ဝင်းအောင်၊ ရန်နိုင်ဦး၊ ဇင်မင်းထွန်း (ရှမ်းယူနိုက်တက်)၊ သက်နိုင်၊ စည်သူအောင်၊ လှိုင်းဘိုဘို (ရတနာပုံ)၊ မင်းမင်းသူ (ဧရာဝတီ)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရှေ့တန်း - ဒွေးကိုကိုချစ်(ရှမ်းယူနိုက်တက်)၊ သန်းပိုင် (ချင်းယူနိုက်တက်)၊ အောင်သူ (ရတနာပုံ)နှင့် ကျော်ကိုကို (ရန်ကုန်)တို့ ပါဝင်ကြသည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်

တိုက်စစ်မှူး အောင်သူ

ချန်ပီယံလိဂ် ပွဲစဉ်(၂) ရလဒ်များ

စပါးတပ်စ်မော်စကို	၁ - ၁	လီဗာပူး
မန်စီးတီး	၂ - ၀	ရှက်တာဒိုးနက်
အေပိုရယ်	၀ - ၃	စပါး
ဒေါ့မွန်	၁ - ၃	ရီးယဲလ်
ဆီဗီလာ	၃ - ၀	မာရီဘော
နာပိုလီ	၃ - ၁	ဖီယင်နော့ဒ်
ဘီဆီတပ်စ်	၂ - ၀	လိုက်ပ်ဇစ်
မိုနာကို	၀ - ၃	ပေါ်တို

အားကစားသတင်းတိုများ

❖ မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်က မကြာမီအချိန်အတွင်း ပြန်လည်ကစားနိုင်တော့မည် ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

❖ ချယ်လ်ဆီးအသင်းသည် ဟာဇက်အတွက် တစ်ပတ်လုပ်ခ ပေါင် သုံးသိန်းဖြင့် စာချုပ်သစ် ကမ်းလှမ်းခဲ့ရာ အကယ်၍ ယင်းစာချုပ်ကို လက်မှတ်ရေးထိုးဖြစ်ပါက ပရီမီယာလိဂ်တွင် လစာအများဆုံး ကစားသမား ဖြစ်လာတော့မည်ဖြစ်သည်။

စီရိုနယ်လ်ဒိုထက် ဟယ်ရီကိန်း ပိုကောင်း

စပါးနည်းပြ ပိုချက်တီနိုက သူ၏တိုက်စစ်မှူး ဟယ်ရီကိန်းမှာ စီရိုနယ်လ်ဒိုထက် ငယ်ရွယ်သူဖြစ်သဖြင့် အနာဂတ်တွင် ပိုကောင်းလာနိုင်ကြောင်း ဆိုလိုက်သည်။ မာရီဘောနှင့် စပါးအသင်းတို့ ချန်ပီယံလိဂ်ပွဲစဉ်တွင် ဟယ်ရီကိန်းက ဆိုက်ပရပ်စ်မြေတွင် အိမ်ရှင် မာရီဘောအသင်းဘက်ကို ဘယ်ခြေ၊ ညာခြေ၊ ခေါင်းတိုက်ပုံစံမျိုးစုံဖြင့် တစ်ဦးတည်း သုံးဂိုးသွင်းယူကာ ခြေစွမ်းပြခဲ့သည်။

ပိုချက်တီနိုက "ခရစ္စတီယာနို ရိုနယ်လ်ဒိုက တကယ်ကို အံ့အားသင့်စရာ ကောင်းသူပါ။ သူက အကောင်းဆုံးတွေထဲက တစ်ယောက်ပါ။ ဟယ်ရီကလည်း အကောင်းဆုံးတွေထဲက တစ်ယောက်ဖြစ်ပေမယ့် သူက ငယ်သေးတာကြောင့် ပိုကောင်းလာနိုင်ပါသေးတယ်"ဟု ပြောကြားခဲ့သည်။

စီရိုနယ်လ်ဒိုမှာ အသက်(၃၂)နှစ် ရှိပြီဖြစ်သော်လည်း ဟယ်ရီကိန်းမှာ (၂၃)နှစ်သာရှိသေးရာ သူတို့နှစ်ဦးကြား ဆယ်စုနှစ်နီးပါး အသက်ကွာခြားမှု ရှိနေသည်။ သို့သော် မည်သူပိုကောင်းသလဲဆိုသည်ကို လာမည့် အောက်တိုဘာလ စပါးနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပရိသတ်များ ကြည့်ရှုခွင့်ရမည်ဖြစ်သည်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာ ကစားသမား ဘဝတစ်လျှောက် သွင်းဂိုး ၄၅၀ ကျော်သွင်းယူခဲ့ပြီး ဆုဖလား၂၄ ခု ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ကိန်းမှာ ဩဂုတ်လအတွင်း ဂိုးပေါက်ပျောက်ဆုံးခဲ့သော်လည်း စက်တင်ဘာလအတွင်း ခုနစ်ပွဲတွင် ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ ဟယ်ရီကိန်းမှာ မာရီဘောနှင့် ပွဲစဉ်တွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပွဲ ၃၀ တွင် သွင်းဂိုး ၃၄ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်လာခဲ့သည်။

ပိုချက်တီနိုက စက်တင်ဘာလရောက်လာပြီးကတည်းက ဟယ်ရီကိန်း၏သွင်းဂိုးများကို တွေ့မြင်ရန် မျှော်လင့်ထားပြီးဖြစ်ကြောင်း ဆိုခဲ့သည်။ ဟယ်ရီကိန်းမှာ အန်ဒီကိုးလ်၊ မိုက်နီးဝဲလ်၊ မိုက်ကယ်အိုဝင်၊ ဝိန်းရွန်းနီ၊ အလန်ရှီးယားနှင့် ဝဲလ်ဘတ်တို့ပြီးနောက် ချန်ပီယံလိဂ်တွင် သတ္တမမြောက် ဟက်ထရစ်ဂိုး သွင်းယူနိုင်သည့် အင်္ဂလန်ကစားသမား ဖြစ်လာခဲ့သည်။

မေလဲ့သင်း စုစည်းသည်

အိမ်ကွင်းမှာ ရိုးမားကို အေစီမီလန် အနိုင်ရယူသွားနိုင်မလား

ရှိုင်းမင်းမင်း

၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခွန်သံ-၇

စီးရီးအေပွဲစဉ် (၇)ကို လာမယ့် စက်တင်ဘာ ၃၀ ရက်၊ အောက်တိုဘာ ၁၊ ၂ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အေစီမီလန်ဟာ အသင်းကောင်းတစ်သင်းဖြစ်တဲ့ ရိုးမားနဲ့ ဆုံတွေ့နေတာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာက စိတ်ဝင်စားဖို့ကောင်းနေသလို အကြိတ်အနယ်ရှိမယ့်ပွဲလည်း ဖြစ်လာနိုင်ပါတယ်။

အူဒီးနီးစ် - ဆမ်ဒိုးရီးယား ည ၁၀း၃၀ (၃၀-၉-၁၇)

အူဒီးနီးစ်ခြေစွမ်းပိုင်းက အတော်လေးအားနည်းနေတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမဆိုးပေမယ့် ခံစစ်ပိုင်းကကျစ်လျစ်မှုမရှိတာကြောင့် အိမ်ကွင်း၊ အဝေးကွင်းမရွေး ရလဒ်ကောင်းဖို့ရုန်းကန်နေရတယ်။ ဆမ်ဒိုးရီးယားခြေကတော့ အူဒီးနီးစ်ထက် ပိုမိုတည်ငြိမ်တယ်လို့ဆိုနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အူဒီးနီးစ်တို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် အိမ်ကွင်းမှာ အမြင့်ဆုံး သရေလောက်ပဲရမယ်။

ဂျီနိုအာ - ဘိုလော့နာ နံနက် ၁း၁၅ (၁-၁၀-၁၇)

ဘိုလော့နာက ခြေစွမ်းပိုင်းအားနည်းမှုအချို့ရှိနေတာကို သတိပြုရမယ်။ အထူးသဖြင့် ဘိုလော့နာဟာ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း ပိုမိုအားနည်းတတ်တယ်။ ဂျီနိုအာကတော့ လက်ရှိ ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုမရှိပေမယ့်လည်း ရလဒ်ပိုင်းဆိုးရွားခဲ့တာကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာဖြစ်ပြီး အိမ်ကွင်းလည်းဖြစ်တယ်။ ဂျီနိုအာ ဒီပွဲတော့ နိုင်ပွဲရမယ်။

ချီယေဗို - ဖီအိုရင်တီးနား ည ၇း၃၀ (၁-၁၀-၁၇)

ချီယေဗိုခြေစွမ်းပိုင်းက တောက်လျှောက်ကျဆင်းလာတာကို တွေ့ရပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက တစ်ပွဲတစ်ဂိုးသွင်းနိုင်ဖို့တောင်မှ ရုန်းကန်နေရပါတယ်။ ဖီအိုရင်တီးနားကတော့ ဥရောပပွဲကစားရဖို့မရှိတာကြောင့် ခြေကုန်ထုတ်လာနိုင်ဖို့ရှိနေကာ ခြေစွမ်းပိုင်းအရလည်း ကောင်းမွန်နေပါတယ်။ ချီယေဗိုတို့ အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့ခက်ခဲနိုင်ကာ ဖီအိုရင်တီးနားပဲ နိုင်ပွဲရမယ်။

လာဇီယို - ဆာစူအိုလို ည ၇း၃၀ (၁-၁၀-၁၇)

လာဇီယိုက ယူရိုပါလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့်လည်း အိမ်ကွင်းဖြစ်နေသလို ခြေစွမ်းပိုင်းကလည်း ကောင်းမွန်မှုရှိပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာလည်း ဆာစူအိုလိုခြေက အားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့်လည်း လာဇီယိုရဲ့ အိမ်ကွင်းအားကို ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ခဲနေပါတယ်။ လာဇီယိုကသာ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။ ဂိုးလည်း များနိုင်တယ်။

SPAL - ခရိုတိုနီ ည ၇း၃၀ (၁-၁၀-၁၇)

SPAL ဟာ အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းပြန်လည်ကျဆင်းလာတာကိုတွေ့ရပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်မှုမရှိပါဘူး။ ဒါပေမယ့်လည်း ဒီပွဲက အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အထူးသဖြင့် ခရိုတိုနီကလည်း ခြေစွမ်းပိုင်း အတော်လေးအားနည်းမှုတွေရှိနေကာ တိုက်စစ်ပိုင်းကလည်း တည်ငြိမ်မှုလုံးဝမရှိပါဘူး။ ဒါကြောင့် ဒီပွဲက သွင်းဂိုးအနည်းဆီဦးတည်နေကာ SPAL တို့ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

တိုရီနို - ဗီရိုနာ ည ၇း၃၀ (၁-၁၀-၁၇)

လက်ရှိအချိန်မှာ တန်းတက်ဗီရိုနာခြေက အားနည်းမှုတွေများနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်မှု လုံးဝမရှိပါဘူး။ ဒါကြောင့်လည်း အခုပွဲစဉ်မှာ အိမ်ကွင်းအားသာချက်ရှိနေတဲ့ တိုရီနိုကို တုံ့ပြန်နိုင်ဖို့ခက်ပါတယ်။ တိုရီနိုက ဥရောပပွဲကစားရဖို့မရှိတာကြောင့် ခြေကုန်ထုတ်လာနိုင်ဖို့ရှိနေကာ လက်ရှိခြေစွမ်းလည်းကောင်းမွန်နေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ တိုရီနိုတို့ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

အတ္တလန္တာ - ဂျူဗင်တပ် နံနက် ၁း၁၅ (၂-၁၀-၁၇)

အတ္တလန္တာခြေက တည်ငြိမ်မှုမရှိသေးပါဘူး။ ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါကြောင့် အိမ်ကွင်းဖြစ်ပေမယ့် ဂျူဗင်တပ်ကို ထိန်းချုပ်နိုင်ဖို့ခက်ပါလိမ့်မယ်။ ဂျူဗင်တပ်က ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပေမယ့်လည်း ခြေစွမ်းပိုင်းကတော့ ကောင်းမွန်မှုရှိနေကာ နောက်ဆုံးပွဲမှာလည်း တိုရီနိုကိုတောင် ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဂျူဗင်တပ်တို့ အဝေးကွင်းဖြစ်ပေမယ့်လည်း နိုင်ပွဲရယူသွားနိုင်ဖို့ သေချာနေပါတယ်။

အေစီမီလန် - ရိုးမား ည ၁၀း၃၀ (၁-၁၀-၁၇)

နောက်ဆုံး သုံးပွဲမှာ ရိုးမားကို အေစီမီလန်တို့ တစ်ပွဲမှအနိုင်မရခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ အေစီမီလန်ခြေက တိုးတက်မှုတွေရှိနေပါတယ်။ ဒါ့အပြင် အိမ်ကွင်းလည်းဖြစ်တာကြောင့် အေစီမီလန်တို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ရိုးမားကတော့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းထင်သလောက် မတည်ငြိမ်တတ်ပါဘူး။ ဒီပွဲစဉ်မှာ အေစီမီလန်တို့ အနိမ့်ဆုံးသရေရမယ်။

ဘီနီဗန်တို - အင်တာမီလန် ည ၇း၃၀ (၁-၁၀-၁၇)

တန်းတက်ဘီနီဗန်တိုအနေနဲ့ အခုအချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းမှုတွေ ရှိနေတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဘီနီဗန်တိုအနေနဲ့ အိမ်ကွင်းအားနဲ့ နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့်လည်း အင်တာမီလန်ကိုတော့ နိုင်ပွဲရယူနိုင်ဖို့အခက်တွေ့နိုင်ပါတယ်။ လက်ရှိအချိန်မှာ အင်တာမီလန်အနေနဲ့ ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေကာ ဥရောပပွဲလည်းကစားရဖို့ မရှိတာကြောင့် ခြေကုန်ထုတ်ကစားလာနိုင်ဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အင်တာမီလန်ကသာ ဂိုးပြတ်နိုင်ပွဲရသွားနိုင်ပါတယ်။

နာပိုလီ - ကယ်ဂလီယာရီ ညနေ ၅း၀၀ (၁-၁၀-၁၇)

နောက်ဆုံး သုံးကြိမ်ဆုံတွေ့မှုမှာ ကယ်ဂလီယာရီတို့ ဂိုးပြတ်တွေချည်း အရေးနိမ့်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာဆိုရင်လည်း နာပိုလီက ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းက အတော်လေး ကောင်းမွန်မှုရှိပါတယ်။ ကယ်ဂလီယာရီကတော့ ခြေစွမ်းပိုင်းမတည်ငြိမ်သလို တိုက်စစ်ပိုင်းကလည်း အားနည်းလို့ နာပိုလီရဲ့အိမ်ကွင်းအားကို တုံ့ပြန်နိုင်ဖို့ခက်တယ်။ နာပိုလီသာ အိမ်ကွင်းမှာ နိုင်ပွဲရမယ်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့

Interfatih Dialogue Group (Myanmar)

Yangon YMCA အမှတ် ၂၆၃၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ စာတိုက်အမှတ် ၁၁၁၆၁
ဖုံး -203027,294109, 294128 Ext:125 www.fb.com/interfaithmyanmar.org. interfaithdgpmm@gmail.com

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းနှင့်စပ်လျဉ်း၍
သဘောထားကြေညာချက်

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

၁။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများကို ဟန့်တားဆောင်ရွက်နေမှုအခြေအနေနှင့် တည်ငြိမ်အေးချမ်းမှုနှင့် သဟဇာတဖြစ်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ရက်နေ့တွင် သံတမန်များကိုရှင်းလင်းပြောကြားခဲ့ပါသည်။ ထိုသို့ ရှင်းလင်းပြောကြားရာတွင် အကြမ်းဖက်မှုများကြောင့် ထိခိုက်နစ်နာရသူများ အားလုံးအတွက် အထူး စိတ်မကောင်းဖြစ်ရကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ဥပဒေနှင့်ဆန့်ကျင်သော အကြမ်းဖက်မှုများ အားလုံးကို ရှုတ်ချကြောင်း၊ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘာသာရေး၊ လူမျိုးရေးနှင့် နိုင်ငံရေး ယုံကြည်မှုများကြောင့် အကွဲကွဲအပြားပြားဖြစ်နေသည့် နိုင်ငံ မဖြစ်စေလိုကြောင်း၊ မတူကွဲပြားမှုများကို အခြေပြု၍ စုစည်းညီညွတ်စွာဖြင့် အခွင့်အရေးများကို အတူတကွ ခံစားခွင့်၊ ဘဝကို မိမိတို့ယုံကြည်မှုနှင့်အတူ လျောက်လှမ်းခွင့်ရှိသော နိုင်ငံအဖြစ် ပြည်သူများအာလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း ပြောကြားခဲ့ပါသည်။

၂။ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)သည် ရခိုင်ပြည်နယ်တွင် အကြမ်းဖက်သူများကြောင့် သေဆုံးခဲ့ရသော အပြစ်မဲ့ပြည်သူများ၏ ကျန်ရစ်သူ မိသားစုများနှင့် ထပ်တူ ဝမ်းနည်းရပြီး နေရပ်စွန့်ခွာနေကြရသူများအားလုံးအတွက်လည်း စိတ်မကောင်းဖြစ်ရပါသည်။ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့ကို အပြင်းအထန်ဆန့်ကျင်ရှုတ်ချပါသည်။ ထိုသို့အပြစ်မဲ့သူများ၏ အသက် အိုးအိမ် စည်းစိမ် ထိခိုက်နစ်နာစေသည့် အကြမ်းဖက်လုပ်ရပ်ကို ဘာသာတရားအသီးသီးက ခွင့်ပြုထားခြင်း မရှိကြပါ။ ထို့ကြောင့် ၎င်းတို့လုပ်ရပ်သည် ဘာသာရေးနှင့် ပတ်သက်ခြင်း မရှိဟု အလေးအနက် ခံယူပါသည်။

၃။ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မိန့်ခွန်းနှင့် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို အပြည့်အဝ ထောက်ခံကြိုဆို၍ ကျရာကဏ္ဍမှ ပူးပေါင်း ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာပါသည်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ၂၆၀၆ နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၁၈)ကြိမ်မြောက် မြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲ ရင်ပြင်တော်တွင် လှည့်လည်အပူဇော်ခံပွဲ ကျင်းပမည်



ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၀၆ နှစ်ပြည့် ဗုဒ္ဓပူဇနိယတန်ဆောင်တိုင်ပွဲတော်နှင့် (၁၁၈)နှစ်ပြည့် မြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲကို (၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၂ရက်အထိ) ၂၇-၁၀-၂၀၁၇ရက်မှ ၅-၁၁-၂၀၁၇ရက်အထိ အစဉ်အလာမပျက် အေးချမ်းသာယာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ပွဲတော်ဆိုင်ထွက်လိုသူ မိတ်ဟောင်းများသည် ယမန်နှစ်ဖြတ်ပိုင်းနှင့် သတ်မှတ်သည့်ဆိုင်ခန်းခငွေများကို အောက်တိုဘာလ ၁၂ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အောက်တိုဘာလ ၁၉ရက် နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် မိတ်သစ်များကို အောက်တိုဘာလ ၂၀ ရက်မှစ၍ နေရာချထားပေးသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဂေါပကအဖွဲ့ရုံး၊ ဖုန်း-၀၅၃-၂၅၁၈၀၊ ၀၅၃-၂၅၀၃၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့

အများသိစေရန်ကြေညာချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရပ်စောက်မြို့နေ၊ ကျွန်တော်ဦးမျိုးဇော် (၁၃/ရစန(နိုင်)၀၅၅၃၃၉)ကြော်ငြာခဲ့သည့်(၉. ၇. ၂၀၁၆)နှင့်(၂၇. ၇. ၂၀၁၆)ရက်နေ့ထုတ်ကြေးမုံသတင်းစာပါကြော်ငြာများအားပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း၊

ဒေါ်ချယ်ရီ(ခ)ခင်လပြည့်(၁၂/ဗဟန(နိုင်)၀၀၄၀၄၀) အမည်ပေါက်သက်ဝယ်ပိုင်ဆိုင်လျက်ရှိသည့် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရိပ်သာလမ်း အမှတ်(၁၂-စီ)၊ မြေတိုင်း ရပ်ကွက်(၃၆/အယ်လ်)၊မြေကွက်အမှတ်(၁၁၇အက်ဖ်/၁ဒီ) ဟုခေါ်တွင်သောမြေကွက်နှင့်ပတ်သက်၍မည်သည့်အကြောင်းကိုစွမှျကျွန်တော်နှင့်သက်ဆိုင်ခဲ့ခြင်းမရှိပါ၊အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကျွန်တော်မှ ကန့်ကွက်ထားသည့် အထက်ဖော်ပြပါသတင်းစာကြော်ငြာများအားပြန်လည်ရုပ်သိမ်းကြောင်း အဆိုပါကြော်ငြာပါစကားရပ်များမှာပုဂ္ဂိုလ်ရေးထိခိုက်မှုများပါရှိခဲ့ပါက နစ်နာစေလိုသည့်ရည်ရွယ်ချက်ဖြင့်ကြော်ငြာခဲ့ခြင်းမဟုတ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်ပြီးယခင်ကသော်လည်းကောင်း နောက်နောင်တွင်လည်းကောင်းကျွန်တော်နှင့်အရှုပ်အထွေးမရှိကင်းရှင်းခဲ့ပါကြောင်းအများသိစေအပ်ပါသည်။

ကိုမျိုးဇော် (၁၃/ရစန(နိုင်)၀၅၅၃၃၉)
ဖုန်း-၀၉-၇၈၄၆၃၆၈၁၀

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် (၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၆ရက်အထိ)၅-၁၀-၂၀၁၇ရက်မှ ၁၁-၁၀-၂၀၁၇ရက်အထိ တရားစခန်း ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများ စာရင်းပေးသွင်းနိုင်ကြပါသည်။

အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အချိုရည် လှူဒါန်းလိုသော အလှူရှင်များ လှူဒါန်းနိုင်ပါသည်။

မြတ်တံခွန်စာသင်တိုက်
ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

ထာဝရဘုရားဖူးခရီးသွားလုပ်ငန်း

Ph: 09 260360066, 09 260360006, 09 250570004 (အိမ်အရောက်ပို့/ကြို)

အမည်ပြောင်း

ထားဝယ်ခရိုင်၊ မေတ္တာမြို့နယ်၊ ကထောင်းနီရွာနေ စောနေဘလု၏ သမီးဖြစ်သူ အထက(၃) ထားဝယ် ဒသမတန်း(D)မှ နော်မဲရီးဂျူးအား နော်မဲရီဂျူးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **နော်မဲရီဂျူး**

သွေးသည် အသက်

မိခင်အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ အထက၊ ကမြိုင်၊ ဒသမတန်း(A)မှ မနန္ဒာစိုး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ခင်ဖြူ ဖြစ်ပါသည်။

၂၀၁၈ မှာ ၁၀-တန်းစာမေးပွဲကို သေချာပေါက်အောင်မြင်လိုသူများအတွက် ...

YVC ဆရာပိုင်(ပိုင်သချာ်) ၁၀-တန်း ၅လပြတ် အဆင့်မြင့်စာသင်ဝိုင်း 09-73105201

■ ဝိုင်း-၁ နေ့လည်(၂း၃၀)မှညနေ(၅း၃၀)နာရီ
■ ဝိုင်း-၂ နံနက်(၁၁)နာရီမှနေ့လည်(၂)နာရီ
၁၂၆ (ဒုထပ်)ဆိပ်ကမ်းသာလမ်း (အောက်)၊ရန်ကုန်မြို့။

မြန်မာ ■ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ■ ဦးနေအုပ်(စိန်ပေါလ်) ■ ဦးကျော်ကျော်မိုး
သင်္ချာ ■ ဆရာပိုင်(ပိုင်သချာ်)
ရူပ ■ ဦးမြတ်မင်းနိုင်
ဓာတု ■ ဦးမြင့်ဝင်းကျော် ■ ဦးဟိန်းထက်အောင်
ဇီဝ ■ ဒေါက်တာမြသိန်း၊ ဦးရဲမြင့်
ဘောဂ ■ ဦးသက်ဝင်း(ဘောဂဂုဏ်)

ဝိုင်း-၆၀၀၀၀ ကျပ်၊ ရှယ်-၉၀၀၀၀ ကျပ်၊ အောက်တိုဘာ(၉)ရက် စမယ်

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးယဉ်မင်းနိုင် [၆/ကသန(နိုင်)၀၀၄၇၈၈] ပိုင်ဆိုင်သောငွေအဏ္ဏဝါကုမ္ပဏီမှ အောင်သူဝင်း(၅) ရေယာဉ် KD/0010/10 မှတ်ပုံတင်လက်မှတ်များ ၂၅-၈-၂၀၁၇ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ရန်နှင့် တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။ ဆက်သွယ်ရန် အမှတ်-၃၅၀၊ ဗိုလ်ဆွန်ပက်(၃)လမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ကော့သောင်းမြို့။ **ဖုန်း-၀၉-၈၇၈၀၂၀၆**

ကိုယ်ပိုင်ကုမ္ပဏီထူထောင်ခြင်းလုပ်ငန်း Ph:09787200619

ဘဝတစ်သက်စာအတွက်(၁၀)ရက်အချိန်ပေးပါ။အရင်းအနှီးငွေအမိကမဟုတ်၊စိတ်ပါဝင်စားမှုတစ်ခုသာလိုအပ်ပါသည်။ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း၊ ကားအငှားဝန်ဆောင်မှုလုပ်ငန်း၊ အိမ်ခြံမြေရောင်းဝယ်ငှားလုပ်ငန်း၊ ကုမ္ပဏီတည်ထောင်ခြင်းလုပ်ငန်း၊ အရင်းအနှီးငွေထူထောင်ရန် ဘဏ်မှငွေချေးခြင်းလုပ်ငန်းစသည့် လုပ်ငန်းဆိုင်ရာ အသုံးချပညာ ရပ်များကို ကျွမ်းကျင်ပညာရှင်များမှ သင်ကြားပို့ချပါမည်။ သင်တန်းပြီးဆုံးပါက ဈေးကွက်ဖြန့်ခြင်းလုပ်ငန်းဆောင်နိုင်ရန် တာဝန်ယူပါသည်။ ♦ ရုံးချိန်လွတ် စနေ၊ တနင်္ဂနွေ တန်းခွဲသစ်များရှိပါသည်။

နှန်းအီအီဇာ တည်းဖြတ်ထုတ်ဝေသည့် အလှအပများနှင့် ASR မဂ္ဂဇင်း

• စေတ်မီဆန်းသစ်တဲ့အောင်သမာဓိစိန်ရွှေရတနာလက်ရာများနဲ့ နေတိုး၊ သက်မွန်မြင့် • အကောင်းဆုံးဆုရ အသားအရေထိန်းသိမ်းသော ပစ္စည်းများ • စိတ်ဖိစီးမှုရှိရင်တောင် မိသားစုကိုစိတ်ချမ်းသာအောင်ထားတဲ့ ချမ်းချမ်း • သီချင်းတွေကို ပရိသတ်ရင်ထဲရောက်အောင် သီဆိုပေးချင်တဲ့ Galaxy Star နေမင်းအိမ် • ကိုယ့်အားကိုယ်ကိုးနိုင်တဲ့ သားလေးဖြစ်စေချင်တဲ့ မေမေသဥ္ဇာနွယ်ဝင်း • မိုးဟေကို၊ ဆန်းသစ်လ၊ မေရွက်ဝါ၊ ပိုင်တံခွန်၊ ငြိမ်းသော်တို့နှင့် တွေ့ဆုံခြင်း • အလုပ်ကိုတန်ဖိုးထားပြီး အမြဲကြိုးစားရမယ်လို့ ခံယူထားတဲ့ ယဉ်လက် • မိတ်ကပ်ကိုမာရဲ့ သတို့သမီးဆင်ယင်ထုံးဖွဲ့မှုအဆင့်ဆင့်နဲ့ လှနေတဲ့ ထွန်းပုလဲရတနာ
• City Mart Holding တည်ထောင်သူ ဒေါ်ဝင်းဝင်းတင့်ရဲ့စွန့်ဦးတီထွင်သူအကြောင်းဟောပြောချက်များ • ယောက်ျားလျာ တစ်ဖြစ်လဲ စူပါမော်ဒယ်ကင်ဒေါလ်ဂျင်နာ • မင်းကိုနိုင်ရဲ့လဝန်းမျက်နှာကြည့်တိုင်းသာ
• ရတနာဂီရိအလွမ်း (၈) • စိုးပြည့်သဇင်ရဲ့မြန်မာသတို့သမီးဝတ်စုံအလှ
• ချစ်သူအနားမှာ ဖြည့်ဆည်းပေးတဲ့ ရှင်မင်းအာ

အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃ ၀၉ ၇၉၅ ၃၃၄ ၂၅၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၆/၂၀၁၇)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(က)	DMP/L-065(17-18)	Spares for SJS Serva (TPB 600) Cementing Unit(1) Item	Ks
(ခ)	DMP/L-066(17-18)	Spares for Retest Factory (54) Items	Ks
(ဂ)	DMP/L-067(17-18)	PAC-R (50) MT	Ks
(ဃ)	DMP/L-068(17-18)	Spare Tools for Drilling Equipment (17)Items	Ks
(င)	DMP/L-069(17-18)	Spares for Dispenser(SAFE) (16) Items	Ks
(စ)	DMP/L-070(17-18)	Spares for Dispenser(China) (19) Items	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၀-၁၀-၂၀၁၇ရက် (၁၆း၃၀)နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက် ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၂၀၆

ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ အထက(ခွဲ) မြို့မကျောင်း ဒသမတန်း (A)မှ မောင်ရှင်းသန့်အောင်နှင့် KGတန်းမှ မဇူးမေမြတ်သော်တို့၏ ဖခင်အမည်မှန်မှာ ဦးကောင်းဇင်[၁၁/သတန(နိုင်)၀၄၈၉၄၄]ဖြစ်ပါကြောင်း။

ဦးကောင်းဇင်

ပျောက်ဆုံး

Shu San Industry Co.,Ltd မှ Import Declaration သွင်းကုန်ကြေညာလွှာ No.177607 Date ၂၃-၂-၂၀၁၆ မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
Ph:09-795833263, 01-9665403, 650912

ကျား/မအခြေပြုအကြမ်းဖက်မှုအပေါ် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းသင်တန်းဖွင့်လှစ်

မန္တလေး စက်တင်ဘာ ၂၇
မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီမှ ကြီးမှူး၍ ကျား/မအခြေပြုအကြမ်းဖက်မှုအပေါ် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Estern Palace Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး အမျိုးသမီးရေးရာကော်မတီနာယကဒေါက်တာယုယုမေက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများကတစ်ဦးချင်း မိတ်ဆက်စကားပြောကြားကာ သင်တန်းနည်းပြ ဒေါက်တာအေးမြတ်လွင်က သင်တန်းပို့ချသည်။

သင်တန်းတွင် ကျား/မအခြေပြုအကြမ်းဖက်ခံရမှုဖြစ်ပွားပြီးနောက် နှစ်သိမ့်ဆွေးနွေးရန်နည်းလမ်းများ၊ ပညာပေးခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရန်တို့ကို တစ်ဦးချင်းနှင့် အုပ်စုအလိုက် စုပေါင်းဆွေးနွေးခြင်းများဆောင်ရွက်ကြသည်။ သင်တန်းတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အမျိုးသမီးရေးရာကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ စိတ်ဝင်စားသူများတက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယကနှင့်အဖွဲ့သည် သင်တန်းသား သင်တန်းသူများ၊ Care(မြန်မာ)မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

မန္တလာဆေးရုံနှင့်ထိုင်းနိုင်ငံဝေ့ဌာနီဆေးရုံတို့အကြား ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး၊ ကိုယ်အင်္ဂါအစားထိုးခွဲစိတ်မှုများဆောင်ရွက်မည်

မန္တလေး စက်တင်ဘာ ၂၇
မန္တလာဆေးရုံနှင့် ထိုင်းနိုင်ငံဝေ့ဌာနီဆေးရုံတို့အကြား ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီက ချမ်းအေးသာစံမြို့နယ် (၃၂) လမ်းနှင့် (၃၃) လမ်းကြား၊ (၆၈) လမ်းနှင့် (၆၉) လမ်းကြားရှိ မန္တလာဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးပြီး ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ အရည်အသွေးမြင့်မားရေးနှင့် ပိုမိုတိုးတက်ကောင်းမွန်ရေးဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍မန္တလေးဆေးရုံကြီးကြပ်မှုဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် ဝေ့ဌာနီဆေးရုံ Chief Medical Officer Dr.Paweena Srimanothip တို့က နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မန္တလာဆေးရုံဒါရိုက်တာ ဒေါက်တာဥက္ကါကျော်နှင့် ဝေ့ဌာနီဆေးရုံမှ ဒါရိုက်တာ Mrs.Jaranya Hongsakornprasertတို့ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးအပြန်အလှန်လဲလှယ်ကြသည်။

ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုအရ မန္တလာဆေးရုံသို့ ဝေ့ဌာနီဆေးရုံမှ အထူးကုဆရာဝန်ကြီးများလာရောက်ကုသခြင်း၊ ကိုယ်အင်္ဂါအစားထိုးခွဲစိတ်ကုသမှုများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

သီဟကိုကို(မန္တလေး)

သီတင်းကျွတ်မီးမျှောပူဇော်ပွဲအထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲ ကျင်းပ

ရွှေကျင် စက်တင်ဘာ ၂၇
(၁၆၆) နှစ်မြောက် ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပူဇော်ပွဲအထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲကို ရွှေကျင်မြို့နယ် ရွှိုင်ရယ်ထရပ်(စ်)အသေးစား ငွေစုငွေချေးကုမ္ပဏီကအဓိကပံ့ပိုးကူညီမှုဖြင့် စက်တင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲက ပျဉ်းမပင်ရပ်ကွက် သုံးထပ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ မြို့နယ်အား/ကာဦးစီးမှူး၊ ဒေါ်သန်းသန်းဝင်း၊ ရွှိုင်ရယ်ထရပ်(စ်)ကုမ္ပဏီမှ ဒါရိုက်တာဦးအောင်စိုးနှင့် မန်နေဂျင်း ဒါရိုက်တာဦးအောင်မိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုတို့ တက်ရောက်ကြကာ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အနောက်ဘက်လူငယ်အသင်းနှင့် တောင်ဘက်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကြရာ အနောက်ဘက်လူငယ်အသင်းကသုံးပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။

သီတင်းကျွတ်မီးမျှောပွဲတော် အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲသို့ ရွှေကျင်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ကြကာ ဗိုလ်လုပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

ထရန်စဖော်မာပေါ်သစ်ကိုင်းများဖုံးအုပ်

ချမ်းအေးသာစံ စက်တင်ဘာ ၂၇
မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၃) လမ်းနှင့် (၈၅) လမ်းထောင့်ရှိ ထရန်စဖော်မာပေါ်တွင် သစ်ပင်ကြီးများ အုပ်ဆိုင်းလျက်ရှိပြီး သစ်ပင်သစ်ကိုင်းများ၏ ပွတ်တိုက်မှုကြောင့် သွယ်တန်းထားသည့်လျှပ်စစ်ကြိုးများ အချိန်မရွေးပြတ်ကျကာ လျှပ်စစ်အန္တရာယ် ဖြစ်ပေါ်စေနိုင်ခြင်း၊ သစ်ပင်သစ်ကိုင်းများကြောင့် ဓာတ်အားပြတ်တောက်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးနိုင်ရေး ဒေသခံများက လိုလားလျက်ရှိသည်။

(၁၉၇)

မိတ္ထီလာခရိုင်အတွင်းရှိကျေးရွာ ၂၉ ရွာတွင် သောက်သုံးရေအခက်အခဲမရှိစေရန် ရေတွင်း၊ ရေကန်များ တူးဖော်ဆောင်ရွက်မည်

မိတ္ထီလာ စက်တင်ဘာ ၂၇
မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလ)ရန်ပုံငွေ ကျပ်သန်း ၃၀၀ ကျော်ဖြင့် သောက်သုံးရေအခက်အခဲမရှိစေရန် ကျေးရွာ ၂၉ ရွာတွင် ရေတွင်း၊ ရေကန်များကို တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိက ပြောကြားခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်း ၂၉ ခုကို ခရိုင်အတွင်းရှိ ကျေးရွာများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ မိတ္ထီလာမြို့နယ်တွင် ပန်းရွှေဝါကုမ္ပဏီမှ ကျေးရွာ ခုနစ်ရွာတွင် တွင်းနက်ငါးတွင်းနှင့် ရေကန် နှစ်ကန်ကို ငွေကျပ် ၇၄ ဒသမ ၅၀သန်းဖြင့် လည်းကောင်း၊ ဝမ်းတွင်းမြို့နယ်တွင် နှင်းရည်ဝင်းကုမ္ပဏီမှ ငွေကျပ် ၅၇ ဒသမ ၇၈၆ သန်းဖြင့် ကျေးရွာ ရှစ်ရွာတွင် လက်တူးတွင်း လေးတွင်းနှင့် ရေကန် နှစ်ကန်တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ သာစည်မြို့နယ်မှ ကျေးရွာ လေးရွာကို ခွင့်ပြုငွေကျပ် ၅၉ ဒသမ ၇၀ သန်းဖြင့် တွင်းနက်နှစ်တွင်း၊ စိမ့်စမ်း နှစ်ခုနှင့် မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာတွင် ခွင့်ပြုငွေ ၁၅၆ ဒသမ ၁၀ သန်းဖြင့် တွင်းနက် ခုနစ်တွင်း၊ လက်တူးတွင်း သုံးတွင်း စုစုပေါင်းလုပ်ငန်း ၁၄ ခုကို June Four Co.,Ltd က အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်

မင်းဘူး စက်တင်ဘာ ၂၇
တောင်သူများအတွက် ဘက်စုံအဆင့်မြင့်နည်းပညာအား အသုံးပြုစိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းမျိုးကောင်းမျိုးသန့်အား တောင်သူများအလွယ်တကူရရှိစိုက်ပျိုးနိုင်ရေး၊ ဒေသလယ်ယာကဏ္ဍကုန်ထုတ်လုပ်မှုမြင့်မားလာစေရန် မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၁၉၂) အတွင်းရှိ လယ်မြေ ၃၅၄ ဧကတွင် မိုးစပါး၊ ကုလားပဲ၊ မတ်ပဲ၊ နှမ်းစိုက်ပျိုးမည့် တောင်သူ ၁၀၅ ဦးကို ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ မြေဆီလွှာဓာတ်ခွဲစစ်ဆေးခြင်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ၊ တောင်သူပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် မိုးရာသီစပါးမျိုးစေ့ထုတ်လုပ်ငန်းကို တောင်သူသုံးဦး၏ လယ်ဧက ၂၀ တွင် လျာထားဆောင်ရွက်ခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ပြောသည်။

"ယခုနှစ် မင်းဘူး(စကု)မြို့နယ်မှာ မိုးသီးနှံလျာထားချက်က ၂၇၅၄၂၇ ဧက လျာထားဆောင်ရွက်ခဲ့ရာ စိုက်ပျိုးပြီးစီးမှုကတော့ ၂၀၈၈၇၄ ဧကဖြစ်ပါတယ်။ လျော့နည်းရတဲ့စိုက်ဧကတွေက ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲကြီး၊ အခြားပဲ၊ မိုးနေကြာ၊ ဝါနဲ့ ပြောင်းတို့ဖြစ်ပါတယ်။ ပဲမျိုးစုံသီးနှံစိုက်ဧကလျော့နည်းရခြင်းက ဈေးကွက်ဝယ်လိုအားအခြေအနေနဲ့ ပဲဈေးနှုန်း ကျဆင်းနေခြင်းကြောင့်ဖြစ်တယ်။ ဒါ့အပြင် အချို့စိုက်ပျိုးတောင်သူတွေ မိုးများမှုနဲ့ ရေဝတီမြစ်ရေမြင့်တက်မှုကြောင့်လည်း သီးနှံစိုက်ခင်းအချို့ပျက်စီးခဲ့ရပါတယ်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှု မကျဆင်းစေဖို့အတွက် ဆောင်းသီးနှံအဖြစ် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

ဖိုးပြည့်(မင်းဘူး)

တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးဖွင့်ပွဲကျင်းပ

ဟသ်ာတ စက်တင်ဘာ ၂၇
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)ဖြင့် စိုင်ပြွန်-သောင်စုကျေးရွာ၌ ဆောင်ရွက်ခဲ့သောတစ်အိမ်သုံး ဆိုလာစနစ်ကျေးလက်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း၊ မဲဆန္ဒနယ်အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးတို့က အဖွင့်အမှာစကားပြောကြားပြီး ဟသ်ာတခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးအောင်သက်ရှည်က တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး Earth Renewable Energy ကုမ္ပဏီမှ တာဝန်ခံက ဆိုလာပြားဆက်စပ်ပစ္စည်းများအကြောင်းနှင့် ကျေးရွာတွင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုရှင်းလင်းပြောကြားသည်။

စိုင်ပြွန်-သောင်စု ကျေးရွာတွင်အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး (NEP) စီမံကိန်းဖြင့် နေအိမ် ၁၂၄ လုံးကို ကျေးရွာနေပြည်သူတို့၏ဆန္ဒအလိုက် ဝပ် ၃၀၊ ၄၅ ဝပ်နှင့် ဝပ် ၆၀ ဆိုလာများတပ်ဆင်ပေးထားပြီး စိုင်ပြွန်ဘုန်းတော်ကြီးကျောင်းတွင် ဝပ် ၁၂၀ ဆိုလာစနစ်နှင့် ကျေးရွာနှစ်ရွာအတွက် ဝပ် ၇၀ လမ်းမီးတိုင် ၁၀ တိုင်တပ်ဆင်ကာ မီးလင်းရေးအတွက် ဆောင်ရွက်ပေးထားသည်။

ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)ဖြင့် ကျေးရွာပေါင်း ၆၁ ရွာတွင် တစ်အိမ်သုံးဆိုလာများတပ်ဆင်ပေးထားပြီးဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ရှေးဟောင်းမြောက်ဦးဒေသသို့ နိုင်ငံခြားသားကမ္ဘာလှည့် ခရီးသွားဧည့်သည်များ ဝင်ရောက်လေ့လာ

(၅၃) နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက် (၇) နာရီက ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုးဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုရဲမေအင်အား ၁၀၀ ခန့်စုပေါင်း၍ ကျောက်တန်းမြို့ရှိ ကျိုက်ပြာသာဒ်တနော်နို့ပုံ စေတီတော်ဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ **(မြဇ)**

မြောက်ဦး စက်တင်ဘာ ၂၇

ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ အထင်ကရနေရာများကို လေ့လာရန် နိုင်ငံရပ်ခြားအသီးသီးမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် နိုင်ငံခြားသားများအနေဖြင့် စက်တင်ဘာလမှစတင်၍ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ရခိုင်ရှေးဟောင်းယဉ်ကျေးမှု မြောက်ဦးဒေသကို ကမ္ဘာ့ရှေးဟောင်းသမိုင်းဝင်မြို့အဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာနတို့က ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများမှ ရခိုင်ရှေးဟောင်း မြောက်ဦးဒေသကို အထူးစိတ်ဝင်တစားလာရောက်လည်ပတ်လျက်ရှိသည်။

နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများအနေဖြင့် မြောက်ဦးဒေသရှိ အထင်ကရရှေးဟောင်းသမိုင်းဝင် မာရ်ငါးပါးစေတီများဖြစ်သော လောကမာရ်အောင်၊ ဇိနမာရ်အောင်၊ ရတနာ့မာရ်အောင်၊ သက္ကျမာရ်အောင်၊ မင်္ဂလမာရ်အောင်ဘုရားစေတီများနှင့် သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ်၊ ကိုးသောင်း ပုထိုးတော်အစရှိသည့် အထင်ကရနေရာများနှင့် လက်ဆည်ကန်၊ အနူမကန်၊ ဟာရီတောင်နှင့် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်တို့တွင်ခင်းကျင်းပြသထားသော ရှေးခေတ်ရခိုင်လူမျိုးတို့၏ အသုံးအဆောင်ပစ္စည်းများ၊ ရှေးခေတ် ရခိုင်လူမျိုးတို့သုံးစွဲခဲ့သော ငွေဒင်္ဂါးပြားများ၊ရှေးခေတ်ရခိုင်ရှင်ဘုရင်အဆက်ဆက်ရေးထိုးခဲ့သော ကျောက်စာများ၊ ရခိုင်ရှေးဟောင်းဗိသုကာအနုပညာလက်ရာများ၊ ရခိုင်ရိုးရာရှေးဟောင်းတူရိယာပစ္စည်းများကို စိတ်ပါဝင်စားစွာသွားရောက် လေ့လာလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ချင်းရိုးရာဝတ်စုံများ ပြည်တွင်းသာမက ပြည်ပအထိ တင်ပို့ရောင်းချလျက်ရှိ

ကလေး စက်တင်ဘာ ၂၇

ချင်းတိုင်းရင်းသားအများစုနေထိုင်ရာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသထွက် အမျိုးသား၊ အမျိုးသမီးဝတ်ချင်းရိုးရာဝတ်စုံများမှာ ပြည်တွင်းသာမက အိမ်နီးချင်းနိုင်ငံနှင့် ပြည်ပနိုင်ငံရပ်ခြားအထိ ချင်းရိုးရာအထည်ဆိုင်များနေရာတိုင်း၌ ဈေးကွက်ထိုးဖောက်၍ အရောင်းသွက်ကာ မှာယူအားပေးသူများပြားပြီး လစဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

ချင်းလူမျိုးတို့၏ သားစဉ်မြေးဆက်ဝတ်ဆင်လာခဲ့ကြသော ရိုးရာဝတ်စုံအမျိုးအစားမှာ စုစုပေါင်း ၅၂ မျိုးခန့်ရှိကြောင်း၊ ချင်းလူမျိုးတို့၏ဒေသအလိုက်၊ မြို့နယ်အလိုက်၊ လူမျိုးနွယ်စုအလိုက် ချင်းရိုးရာအထည်အဆင် ဒီဇိုင်းအမျိုးအစားပေါင်း ၅၀ ကျော်ရှိကြောင်း၊ နှစ်စဉ်ရိုးရာပွဲတော်၊ ပွဲလမ်းသဘင်၊ အခမ်းအနားနှင့် နှစ်ပတ်လည်ပွဲများကျင်းပလျက်ရှိပြီး နေရာဒေသတိုင်းတွင် အမြတ်တနိုးဝယ်ယူဝတ်ဆင်မှုများရှိနေကြောင်း၊ ရိုးရာဂျပ်ခုတ်လုပ်ငန်းနှင့် ရိုးရာရက်ကန်းရက်လုပ်ခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြကြောင်းဝါရင့်ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောပြသည်။

လက်ဖြင့် ဂျပ်ခုတ်ထဘီရက်လုပ်သည့် ရိုးရာအထည်များသည်ဒီဇိုင်းများလည်း ဆန်းသစ်သောကြောင့် ပြည်ပနိုင်ငံရပ်ခြားမှနိုင်ငံခြားသားများနှင့် ပြင်ပရောက် ချင်းတိုင်းရင်းသားတို့ကအထူးကြိုက်နှစ်သက်ကာ အများဆုံးမှာယူ၍ အမြတ်တနိုးဝယ်ယူဝတ်ဆင်ကြကြောင်း၊ ရိုးရာဝတ်စုံအထည်များကို အခြားပြည်ပနိုင်ငံကြီးများအပြင် ပြည်တွင်းမြို့ကြီးများရှိ ချင်းရိုးရာအထည်ဆိုင်များသို့ လစဉ်တင်ပို့ ရောင်းချကြလျက်ရှိသည်။

ယင်းသို့ရိုးရာအထည်ရက် လုပ်ငန်းလုပ်ကိုင်ရခြင်းကြောင့် ဒေသတွင်းအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာ၍ တစ်ဖက်တစ်လမ်းမှလည်း ဝင်ငွေတိုးပွားလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဇိုဟေဆာ

AI နည်းပညာပါဝင်သော မျက်မှန်တစ်မျိုး Amazon မှ ထုတ်လုပ်နိုင်ဖွယ်ရှိ

အသံဖြင့်ထိန်းချုပ်စေခိုင်းနိုင်သည့် နည်းပညာမြင့်မျက်မှန်တစ်မျိုးကို Amazon မှ ဖန်တီးလျက်ရှိကြောင်းသတင်းများပေါက်ကြားထွက်ပေါ်လျက်ရှိသည်။ အဆိုပါ မျက်မှန်တွင် AI နည်းပညာပါဝင်လာနိုင်ဖွယ်ရှိပြီး လျှို့ဝှက်ထောက်လှမ်းနိုင်ရန်အတွက် အာရုံခံစနစ်များလည်းပါဝင်လာနိုင်ဖွယ်ရှိသည်ဟုသိရသည်။

၎င်းမျက်မှန်၏အားနည်းချက်မှာ ကင်မရာပါဝင်ခြင်းမရှိဘဲ အသံဖြင့်သာထိန်းချုပ်နိုင်ပြီး စမတ်ဖုန်းများနှင့်လည်း ယခုစမ်းသပ်ဆဲကာလတွင် ချိတ်ဆက်အသုံးပြုနိုင်ခြင်းမရှိပေ။ သို့သော် အဆိုပါမျက်မှန်သည် ကြိုးမဲ့အင်တာနက်အသုံးပြုမှုကို အချိတ်အဆက်ပြုလုပ်နိုင်မည်ဖြစ်ပြီး ၎င်းချိတ်ဆက်မှုမှတစ်ဆင့် စမတ်ဖုန်းများနှင့် အခြားမိုလ်ဘိုင်းပစ္စည်းများကို ချိတ်ဆက်ကာ အသုံးပြုသွားနိုင်ဖွယ်လည်းရှိသည်။

အဆိုပါ စမတ်မျက်မှန်ကို လုံခြုံရေးစနစ်နှင့် အခြားနည်းပညာသစ်များအပါအဝင် အသုံးပြုသူမှ လျှို့ဝှက်ထောက်လှမ်းလိုသည်များကို အသံဖြင့်ထိန်းချုပ်စေခိုင်းမှုများ ပြုလုပ်နိုင်ရန် ထုတ်လုပ်ဖန်တီးမှုနှင့် စမ်းသပ်မှုများ လုပ်ဆောင်နေပြီဖြစ်ပြီး ဈေးကွက်အတွင်းသို့ ပို့ဆောင်နိုင်ရန် အားနည်းမှုများ ရှိနေသေးသည်ဟုသိရသည်။ မျက်မှန်အတွင်း ဘက်ထရီစနစ် ထည့်သွင်းပေးထားရန်နှင့် စွမ်းအင်သုံး စွဲမှု ကြာမြင့်စွာပြုလုပ်နိုင်ရန်လည်း စမ်းသပ်လျက်ရှိသည်ဟု သိရသည်။

ALEX

အောက်တိုဘာလတွင် ထွက်ပေါ်လာတော့မည့် 6 GB RAM ပါဝင်သည့် Nokia 8

စမတ်ဖုန်းလောကသို့ ခြေလှမ်းသစ်ဖြင့် ပြန်လည်ဝင်ရောက်လာသော Nokia သည် ၎င်း၏စမတ်ဖုန်းသစ် Nokia 8 ကို ဈေးကွက်အတွင်း ပို့ဆောင်နိုင်ရန် အားထုတ်လျက်ရှိနေသည်။ စက်တင်ဘာလတွင် ထွက်ရှိပြီးဖြစ်သော Nokia 8 အမျိုးအစား စမတ်ဖုန်းကို ထပ်မံအဆင့်မြှင့်တင်ထားပြီး အောက်တိုဘာလအတွင်း စမတ်ဖုန်းဈေးကွက်သို့ရောက်ရှိလာတော့မည်ဖြစ်သည့် Nokia 8 စမတ်ဖုန်းသစ်တွင် ပါဝင်သောအချက်အလက်များကို အောက်ပါအတိုင်း တွေ့ရသည်။

ယခင်ထွက်ရှိပြီးဖုန်းကဲ့သို့ပင် မျက်နှာပြင် ၅ ဒသမ ၃ လက်မအကျယ်ရှိပြီး Corning Gorilla Glass 5 ကို အသုံးပြုကာ မျက်နှာပြင်ပိုမိုတောက်ပမှုနှင့် ကာကွယ်မှုပေးထားသည်။ သတ္တုကိုယ်ထည်ကို အသုံးပြုတည်ဆောက်ထားပြီး အသုံးပြုသူ၏လက်၌ ကိုင်ဆောင်ထားချိန်တွင်သက်သောင့်သက်သာရှိမှုနှင့် ကျေနပ်ဖွယ်အထိအတွေ့ခံစားနိုင်မည်ဟု သိရသည်။

Qcta-Core Qualcomm MSM8998 Snapdragon 835 ပရိုဆက်ဆာထည့်သွင်းပေးထားပြီး Adreno 540 ဖြင့် ရုပ်ထွက်ပိုင်းအရည်အသွေးကို ကောင်းမွန်စွာအထောက်အပံ့ပေးမည်ဖြစ်သည်။ လည်ပတ်မှု Android 7.1 စနစ်ပါဝင်ကာ ထပ်မံအသစ်ထွက်ရှိလာမည့် Android 8.0 အထိ အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။ RAM ပါဝင်မှုမှာ 6 GB ဖြစ်ပြီး သိုလှောင်သိမ်းဆည်းမှု 128 GB ပါဝင်သောကြောင့် အဆင့်မြင့်စမတ်ဖုန်းအမျိုးအစားတစ်ခုဖြစ်ကာ Micro SD 256 GB အထိ ထပ်မံတပ်ဆင်အသုံးပြုနိုင်သည်ဟု သိရသည်။

ကျောဘက် 13MP Dual ကင်မရာနှစ်လုံးပါဝင်ပြီး Dual Flesh ပါဝင်ကာ အရှေ့ဘက် Selfie ကင်မရာမှာလည်း 13 MP ပင်ဖြစ်သည်။ 3090 mAh ပမာဏရှိ ဘက်ထရီပါဝင်ပြီး ရရှိနိုင်သောအရောင်များမှာ Tempered Blue, Polished Blue, Steel, Polished Copper ဟူ၍ လေးမျိုးရှိပြီး အောက်တိုဘာ ၂၀ ရက်တွင် ဂျာမနီနိုင်ငံ၌ ယူရို ၆၀၀ ဝန်းကျင်ဖြင့် စတင် ရောင်းချတော့မည်ဟု သိရသည်။

ALEX

ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌအဖြစ် ဦးဇင်ဝိုင်း ရွေးချယ်ခံရ

ရန်ကုန် စက်တင်ဘာ ၂၇
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အမှုဆောင်သစ် အပြီးသတ်ရွေးချယ်ခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဝက်ဘာလမ်းရှိ ရုပ်ရှင်အစည်းအရုံး၌ ပြုလုပ်ခဲ့သော အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌအဖြစ် သရုပ်ဆောင် ဦးဇင်ဝိုင်း ရွေးချယ်ခံခဲ့ရသည်။

ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဦးအေးကြူလေး၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ဦးဇော်မင်း(မင်္ဂလာ)၊ အတွင်းရေးမှူး(၁)အဖြစ် ဒါရိုက်တာ ညီညီထွန်းလွင်၊ အတွင်းရေးမှူး (၂) အဖြစ် ဦးဇော်မင်း(ဟံသာမြေ)တို့ ရွေးချယ်ခံရပြီး သရုပ်ဆောင် ခန့်စည်သူက အဖွဲ့ဝင် အဖြစ် တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။

"ကျွန်တော်တို့လောကအကျိုးကို လုပ်ချင်ပါတယ်။ အရွယ်လည်းရှိပါသေးတယ်။ လုပ်ဖို့ တချို့ကလည်း တိုက်တွန်းပါတယ်။ အနုပညာရှင်တွေအတွက်ပဲ ကြည့်လို့မရပါဘူး။ ဥက္ကဋ္ဌဖြစ်သွားရင် တာဝန်ကြီးသွားပါပြီ။ အလွှာပေါင်းစုံက ကိုယ့်လောကသားအားလုံးကို ဖြန့်ကြက်ပြီး ကြည့်ရှုရမှာဖြစ်ပါတယ်။ ပြောင်းလဲရမှာတွေ အများကြီးပါ။ လောကသားတွေပါဝင်တဲ့ အစည်းအဝေးကြီး လုပ်ဖို့ရှိပါတယ်"ဟု ဥက္ကဋ္ဌအဖြစ် တစ်ကျော့ပြန် ရွေးချယ်ခံရသူ ဦးဇင်ဝိုင်းက ပြောသည်။

အမှုဆောင်သစ်များ ရွေးချယ်ခြင်းကို နာယက ကြီးများက အကဲဖြတ်ဒိုင်များအဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး အလွှာအသီးသီးမှ တက်ရောက်လာသည့် ကိုယ်စားလှယ် အယောက် ၂၀ ၏ လျှို့ဝှက်ဆန္ဒမဲများဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် နာယကကြီး ဦးနှင်းမိုးက ယခုကဲ့သို့ ပြောသည်။ "နာယကတွေက အကဲဖြတ်ဒိုင်အနေနဲ့ပဲ တာဝန်ယူဆောင်ရွက်ပေးတာပါ။ ဥက္ကဋ္ဌတို့၊ ဒု-ဥက္ကဋ္ဌတို့၊ အတွင်းရေးမှူးတို့ကို အလွှာအသီးသီးက ရွေးချယ်ခံထားရတဲ့ အယောက် ၂၀ ကပဲ ပြန်ပြီးရွေးချယ်တာပါ။ သူတို့ရဲ့ လျှို့ဝှက်ဆန္ဒမဲနဲ့ ဆုံးဖြတ်လိုက်တဲ့အဆုံးအဖြတ်ပါ" ဟု အစည်းအရုံးဥက္ကဋ္ဌ ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ပြောသည်။

စက်တင်ဘာ ၂၆ ရက်တွင် ရွေးချယ်ခဲ့သည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၂၀ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ အမှုဆောင်အဖွဲ့ဝင် ၂၀ တွင် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ စည်းရုံးရေးမှူး၊ ဘဏ္ဍာရေးမှူး၊ အဖွဲ့ဝင်များ စသဖြင့် ပါဝင်မည်ဖြစ်သည်။

(ခင်ဇာလီ)

တေလာဆွစ်ကို အနိုင်ယူလိုက်တဲ့ ကာဒီဘီ

ရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ကာဒီဘီဟာ လတ်တလောမှာတော့ ဘေဘုတ်ရဲ့ ယခုနှစ်အတွက် အကျော်ကြားဆုံးသောတေးသီချင်း ၁၀၀ စာရင်းမှာ နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့တာတွေ့ရပါတယ်။ ယခုသီတင်းပတ်အတွင်းမှာ ကာဒီဘီဟာ သူ့ရဲ့တေးသီချင်းသစ် "Bodak Yellow" နဲ့ ဒီလိုထိပ်ဆုံးမှာ နေရာရလာခဲ့တာဖြစ်ပြီး ယခင်ကတော့ ပေါ့ပ်ကြယ်ပွင့်တေလာဆွစ်ရဲ့ တေးသီချင်း "Look What You Made Me Do" က ထိပ်ဆုံးမှာ ရပ်တည်နေခဲ့တာလည်း ဖြစ်ကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

လက်ရှိအချိန်အထိ တေးအယ်လ်ဘမ်ထွက်ရှိနိုင်ခြင်းမရှိသေးတဲ့ ကာဒီဘီဟာ ပြီးခဲ့တဲ့ ဩဂုတ်လလယ်ပိုင်းမှာ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Bodak Yellow" ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး စစချင်းမှာတော့ ဘေဘုတ်ရဲ့ တေးဂီတဇယားပေါ်က ယခုနှစ်အတွက် အကျော်ကြားဆုံးတေးသီချင်း ၁၀၀ စာရင်းမှာ နံပါတ် ၈၅ နေရာမှာသာ ရပ်တည်နေခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ တေးဂီတဇယားထိပ်ကို တဖြည်းဖြည်းတက်လာခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ နံပါတ်တစ်နေရာကို ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ဒီလိုထိပ်ဆုံးကရပ်တည်ခဲ့တာဟာ အမျိုးသမီးရက်ပ်တေးသံရှင်တစ်ဦးအတွက်တော့ ထူးထူးခြားခြားလို့ဆိုရမှာပါ။ ပြီးခဲ့တဲ့ ဆယ်စုနှစ်နှစ်ခုလောက်အတွင်းမှာ အမျိုးသမီးရက်ပ်တေးသံရှင်တစ်ဦးကမျှ တေးဂီတဇယားကို ဦးဆောင်နိုင်ခဲ့ခြင်းမရှိတာကြောင့် ကာဒီဘီကတော့ နှစ်နှစ်ဆယ်ခန့်ကာလအတွင်း ဒီလိုအောင်မြင်မှုရရှိခဲ့တဲ့ ပထမဆုံးအမျိုးသမီးရက်ပ်တေးသံရှင်ဖြစ်ပါတယ်။ ကာဒီဘီအရင် ပြီးခဲ့တဲ့ ၁၉၉၈ ခုနှစ်အတွင်းမှာတော့ အမျိုးသမီးရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ လော်ရင်ဟေးလ်က "Doo Wop (That Thing)" တေးသီချင်းနဲ့ ဘေဘုတ်တေးဂီတဇယားကို ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

တေလာဆွစ်ကတော့ "Look What You Made Me Do" တေးသီချင်းကို ပြီးခဲ့တဲ့ ဩဂုတ်လကုန်ပိုင်းမှာ စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ထုတ်လွှင့်ခဲ့ပြီးနောက် ၂၄ နာရီအတွင်းမှာပဲ စံချိန်သစ်တွေချိုးခဲ့ကာ အောင်မြင်တဲ့တေးသီချင်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။ တေးဂီတဇယားကိုလည်း အချိန်အတော်ကြာ ဦးဆောင်ထားနိုင်ခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ ကာဒီဘီရဲ့ တေးသီချင်းက နံပါတ်တစ်နေရာကို ရယူသွားခဲ့တာကြောင့် တေလာဆွစ်ရဲ့ တေးသီချင်းကတော့ နံပါတ်နှစ်နေရာမှာသာ ရပ်တည်နေရတာလည်း ဖြစ်ပါတယ်။

ဘေဘုတ်တေးဂီတဇယားကို ဦးဆောင်နိုင်ခဲ့ပြီဖြစ်တဲ့ ကာဒီဘီက သူ့ရဲ့ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို လာမယ့် အောက်တိုဘာလအတွင်း စတင်ထုတ်လွှင့်သွားဖို့အတွက် စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ဒုတိယမြောက်သမီးလေးရတော့မယ့် စီရိုနယ်လ်ဒို

နာမည်ကျော်ဘောလုံးကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ခရစ္စတီယာနိုရိုနယ်လ်ဒိုဟာ လက်ရှိချစ်သူ ဂျော့ဂျီနာရော့ဒရီဂွက်စ်နဲ့ ရင်သွေးလေးရရှိနေပြီဖြစ်ကာ မကြာမီ မွေးဖွားလာမယ့် သူတို့ရဲ့ ရင်သွေးလေးမှာ သမီးလေးဖြစ်ကြောင်း ဂျော့ဂျီနာရဲ့ အကဆရာတွေက လူမှုကွန်ရက် မီဒီယာပေါ်ကနေတစ်ဆင့် ရေးသားချက်တစ်ခုမှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ အသက် (၃၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘောလုံးကြယ်ပွင့်ဟာ လက်ရှိအချိန်အထိ သမီးလေး တစ်ဦးရရှိခဲ့ပြီးဖြစ်တာကြောင့် မကြာမီမှာတော့ ဒုတိယမြောက်သမီးလေးရရှိတော့မှာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

စပိန်နိုင်ငံသူ မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ (၂၃)နှစ်အရွယ် ဂျော့ဂျီနာရော့ဒရီဂွက်စ်က သူ့ရဲ့ အကဆရာတွေနဲ့အတူရိုက်ကူးထားတဲ့ဓာတ်ပုံကို လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ ဒီလိုဖော်ပြခဲ့ရာမှာတော့ ဂျော့ဂျီနာရဲ့ဆရာတွေက ဓာတ်ပုံရဲ့အောက်မှာ မှတ်ချက်ပြုရေးသားရာမှာ ဂျော့ဂျီနာရဲ့ ရင်သွေးလေးမှာ သမီးလေးဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြတာဖြစ်ပါတယ်။

ရိုနယ်လ်ဒိုဟာ မကြာသေးမီက အငှားကိုယ်ဝန်နဲ့ မွေးဖွားခဲ့တဲ့ အမြွှာရင်သွေးလေးနှစ်ဦး ရရှိခဲ့ပြီး သားလေးတစ်ဦး၊ သမီးလေးတစ်ဦးဖြစ်ကာ မက်တီအိုနဲ့ အီဗာလို့အမည်ပေးခဲ့တာဖြစ်ပါတယ်။ အရင်ကလည်း သားယောကျ်ားလေးတစ်ဦးရှိပြီး ခရစ်စတီယာနိုဂျူနီယာလို့ အမည်ရပါတယ်။ ဒါကြောင့် လက်ရှိ ဂျော့ဂျီနာနဲ့ရရှိခဲ့တဲ့ သမီးလေးဟာ ရိုနယ်လ်ဒိုအတွက် ဒုတိယမြောက်သမီးလေးဖြစ်ကာ ရိုနယ်လ်ဒိုဟာမကြာမီမှာ သားနှစ်ယောက်၊ သမီးနှစ်ယောက်ရဲ့ ဖခင်ဖြစ်လာတော့မှာလည်း ဖြစ်ပါတယ်။

ကင်ဆာဝေဒနာသည်တွေအတွက် ကိုယ်ပိုင်လေယာဉ်ငှားပေးခဲ့တဲ့ ပစ်ထ်ဘူးလ်

နာမည်ကျော်ဂီတကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ပစ်ထ်ဘူးလ်က မကြာသေးမီက ဟာရီကိန်းမာရီယာဒဏ်သင့်ခဲ့ရတဲ့ ပေါ်တိုရီကိုက ကင်ဆာရောဂါဝေဒနာသည်တွေကို ဓာတုကုထုံးဆက်လက်ခံယူနိုင်ဖို့အတွက် အမေရိကန်သို့ ကိုယ်ပိုင်လေယာဉ်ငှားကာ ပို့ဆောင်ပေးခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၃၆)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပစ်ထ်ဘူးလ်က လက်ရှိမှာ အကူအညီအလိုအပ်ဆုံးဖြစ်နေတဲ့လူတွေကို ယခုလိုကူညီပေးခဲ့တာဖြစ်ကြောင်း အီနယူးစ်ကိုပြောကြားခဲ့တာဖြစ်ပါတယ်။ လတ်တလောသူ့ရဲ့ကူညီထောက်ပံ့မှုနဲ့ပတ်သက်ပြီး ပစ်ထ်ဘူးလ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ခြင်းမရှိတာကိုလည်း တွေ့ရပါတယ်။

ပေါ်တိုရီကိုမှာတိုက်ခတ်ခဲ့တဲ့ ဟာရီကိန်းမုန်တိုင်း မာရီယာဟာ ပြီးခဲ့တဲ့ရာစုနှစ်အတွင်း ယင်းဒေသကို အဆိုးရွားဆုံးထိခိုက်စေခဲ့တဲ့ မုန်တိုင်းတစ်ခုဖြစ်ပြီး မြို့တွေက လမ်းမတွေကို ရေလွှမ်းခဲ့တာကြောင့် မြစ်တွေလိုပင်ဖြစ်နေကြောင်းလည်း သိရပါတယ်။ ယင်းဟာရီကိန်းဒဏ်သင့်ခဲ့ရသူတွေအတွက် အနုပညာကြယ်ပွင့်တွေက လှူဒါန်းမှုတွေပြုခဲ့ကြရာ မကြာမီက ပေါ့ပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်က အမေရိကန်ဒေါ်လာတစ်သန်း လှူဒါန်းခဲ့ကြောင်းလည်း သိရပါတယ်။

အေးပြည့် စုစည်းသည်

ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

သဂြိုဟ် ၉ ပိုင်း သရုပ်ခွဲဇယား

ပဌာန်းဒေါ်ခင်မြင့်၏ မကျဉ်းမကျယ်ရေးသားအပ်သော သဂြိုဟ်အဓိပ္ပာယ်များ ပါဝင်သည့် "သဂြိုဟ် ၉ ပိုင်း သရုပ်ခွဲဇယား " စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်မှာ မြတ်စွာဘုရားရှင်၏တရားတော်ကို လေးစားကြည်ညိုကြသော ဗုဒ္ဓဘာသာဝင်တိုင်း သဗ္ဗညုတဉာဏ်တော်၏ ကွန့်မြူးကျက်စားရာ အဘိဓမ္မာကို သင်လို တတ်မြောက်လိုကြပါသော်လည်း ပါဠိကျက်ဝန်လေးမှု၊ အနက်တက်ဝန်လေးမှု တို့ကြောင့် တတ်မြောက်လိုပါလျက် လက်မှိုင်ချကာ နေကြရမှုတို့မှ ကင်းလွတ်ကာ စိတ်တိုင်းကျ သဂြိုဟ် ၉ ပိုင်းကို အမြန်ဆုံးနည်းဖြင့် သက်သက်သာသာ လေ့ကျင့်တတ်မြောက်ကြစေရန် သရုပ်ခွဲဇယား၊ စာလုံးပွိုင့်ကြီးကြီးသာမက အခြားစာအုပ်များနှင့် မတူတစ်မူထူးခြားသော အဖိုးအရွယ်စာအုပ်ကြီးအဖြစ် ရှင်းလင်းတင်ပြထားသည်။ ခင်ဦးတောရ မူလပဌာန်းဆရာတော် ယခု ရန်ကုန်မြို့ ပြည်လမ်း ပဌာန်းဆရာ စတင်တီထွင် စီစဉ်ရေးသားခဲ့သော သဂြိုဟ် ၉ ပိုင်း သရုပ်ခွဲ ဇယားမူအတိုင်းဖြစ်သည်။ ပဌာန်းဇယားများ စုံလင်စွာဖြင့် ဒုတိယအကြိမ် ထပ်မံဖြည့်စွက်ပြုစုထားသည်။

အဆိုပါ စာအုပ်ကို မူလပဌာန်းဆရာတော်ဘုရားကြီး၏တပည့် ဘဒ္ဒန္တတိသ (စူဠအာဘိဓမ္မိအဂ္ဂဝိသာရ ဒညာဏ) မူလပဌာန်းကျောင်းတိုက်၊ ကမာရွတ်၊ ပြည်လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

လူငယ်တို့အတွက် ဘဝခွန်အားပြောစကားများ၊ ဒေါ်အောင်ဆန်းစုကြည်

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ လူထုနှင့်တွေ့ဆုံသည့် ဟောပြောပွဲများ၌လူငယ်များအတွက်ပြောကြားခဲ့သည့် စိတ်ဓာတ်ခွန်အားဖြစ်စေသော အတွေးစာစု၊ ဒဿနစကားများကိုပြန်လည်ကောက်နုတ်ဖော်ပြထားသော စာရေးဆရာ ဖိုးစိုင်း(ဂျာနယ်လစ်) စုစည်းတင်ပြသည့် လူငယ်တို့အတွက် ဘဝခွန်အားပြောစကားများ၊ ဒေါ်အောင်ဆန်းစုကြည် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ အတွေးအခေါ်ဆိုင်ရာ ဘဝခွန်အားစကားများ၊ စာစုများ၊ ဒဿနစကားများ ၁၉၈၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြားခဲ့သောမိန့်ခွန်းများနှင့် RFA သတင်းဌာနမှ ဆရာဦးခင်မောင်စိုးစီစဉ်တင်ဆက်သည့် ဒီမိုကရေစီခရီးကြမ်းနှင့် ဒေါ်အောင်ဆန်းစုကြည် ရေဒီယိုအသံလွှင့်ချက်များထဲမှ ပြန်လည်ကောက်နုတ်ဖော်ပြထားသော အကြောင်းအရာများကို ဖတ်ရှုလေ့လာနိုင်စေရန်စီစဉ်ထားသော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ပထမထပ် - ဝဲ၊ ၃၉ - လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

စီးပွားရေးဆိုင်ရာ စာစုများ



မောင်မဲတူ(စီမံကိန်း) ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရေးသားဖော်ပြခဲ့သည့် "စီးပွားရေးဆိုင်ရာစာစုများ"စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်မှာ လူ့အဖွဲ့အစည်းများအားလုံး၏ အခြေခံစီးပွားရေး ပြဿနာများကို မည်သို့မည်ပုံ ရှင်းလင်းဖြည့်ဆည်းပေးရမည့် နည်းလမ်းများကို ဖော်ညွှန်းထားသည်။ လူသားများ၏ ဆန္ဒများကို ဖြည့်ဆည်းပေးရာ၌ ကန့်သတ်မှုရှိသော ကုန်ထုတ်စွမ်းအားစုများနှင့် ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ကြုံတွေ့ရတတ်သည့် အဓိကပြဿနာသုံးမျိုးကို မည်သည့်ကုန်ပစ္စည်းကို မည်သည့်ဆောင်ရွက်မှုဖြင့် ထုတ်လုပ်မည်၊ ကုန်ထုတ်လုပ်မည့် ကုန်စည်နှင့် ဆောင်ရွက်မှုတို့ကို မည်သို့ ထုတ်လုပ်၍ မည်မျှထုတ်လုပ်မည်။ မည်သည့် လူတန်းစားအတွက် ထုတ်လုပ်မည်။ ပြဿနာများကို ကျော်လွှားရန်မည်သို့ စီမံကိန်းချဆောင်ရွက်မည်တို့ကို အသေးစိတ် ဖွင့်ဆိုရှင်းလင်းတင်ပြထားသည်။

အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ခရီးဖော်ပုံနှိပ်တိုက်က ထုတ်ဝေခဲ့ပြီး စာအုပ်တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားသည်။

ဆင်ခြေဖုန်းရောက်နတ်မိစ္ဆာနှင့် ဘာထရန်ရပ်ဆယ်လ်

လျှို့ဝှက်သည်းဖိုဆန်ဆန် ဂမ္ဘီရဆန်ဆန်ဖတ်လိုသူများအတွက် စာရေးဆရာ ကျော်ထက်ထွန်းဘာသာပြန်ရေးသားသော ဆင်ခြေဖုန်းရောက် နတ်မိစ္ဆာနှင့် ဘာထရန်ရပ်ဆယ်လ်ဝတ္ထုများစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဘာထရန်ရပ်ဆယ်လ်အမည်ကိုကြားလိုက်သည်နှင့် သိကြသူများသည်။ သင်္ချာပညာရပ်ဆိုင်ရာကျမ်းကြီး (Principles of Mathematic) ကို ရေးသားပြုစုခဲ့သူဖြစ်၍ ယင်းပညာရပ်ဆိုင်ရာအသိုင်းအဝိုင်းက ထိုပုဂ္ဂိုလ်ကြီးကို သင်္ချာပညာအကျော်အမော်အဖြစ်လည်းကောင်း၊ အနောက်တိုင်းဒဿနသမိုင်း (History of the Western Philosophy)နှင့် အခြားဒဿနဆိုင်ရာကျမ်းစာအုပ်၊ စာပေအရေးအသားပြုခဲ့သူဖြစ်၍ယင်းပညာအသိုင်းအဝိုင်းကဒဿနပညာရှင်အကျော်အမော်အဖြစ်လူသိများခဲ့သည်။ ထို့ကြောင့် လျှို့ဝှက်သည်းဖိုဆန်ဆန်၊ ဂမ္ဘီရဆန်ဆန် ဖတ်လိုသူများအတွက် အဆိုပါဘာသာပြန်စာအုပ်ကိုဖတ်ရှုလေ့လာနိုင်ရန်ရေးသားထားသည်။

စာအုပ်ကိုယဉ်မျိုးစာပေ၊ အမှတ် - ၂၇၄ B၊ လမ်း - ၄၀(အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၃၂၀၁၅၈၆နှင့် ၀၉ - ၇၉၅၂၆၇၈၃၄တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

ပါရမီခရီးလမ်းမှ မိုင်းဖုန်းဆရာတော်နှင့်လောကဓံတရား

မိုင်းဖုန်းဆရာတော်သည် ပထမဦးဆုံး အဆိုးလောကဓံလေးပါးနှင့် တွေ့ဆုံခဲ့ရပြီးအရှုံးမပေးနောက်မတွန့်ဘဲ ရဲရဲရင်ဆိုင်သွားသည်ကို ဖော်ညွှန်းထားသည့် စာရေးဆရာ သီပေါကိုလတ် ရေးသားသော ပါရမီလမ်းမှ မိုင်းဖုန်းဆရာတော်နှင့် လောကဓံတရား စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မိုင်းဖုန်းဆရာတော်သည် ကောင်းသောလောကဓံလေးပါးနှင့် တွေ့ကြုံခဲ့ရသည့်အခါတွင်လည်း ဘဝင်မမြင့်၊ အကောင်းတွေကို ဆုပ်ကိုင်သိမ်းပိုက်မထား၊ သာယာယစ်မူးခြင်းမရှိ။ အဆိုးကြောင့်လည်း ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်းမဖြစ်၊ အကောင်းကြောင့်လည်း ဝမ်းမြောက်စိတ်မရှိ၊ ညီညွတ်မျှတနေသော စိတ်ထားဖြစ်အောင် ကြိုးစားတည်ဆောက်နေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ယင်းစာအုပ်ကို ဖတ်ရှုခြင်းဖြင့် အချိန်အခါမရွေး ကြုံတွေ့ရမည့် အဆိုးအကောင်းလောကဓံတရားများကို အကောင်းဆုံးကျော်ဖြတ်သွားနိုင်စေရန် အထောက်အကူပြုစေမည့် စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်(၂၉၆)၊၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

aE,Gex,ex,pdwtz;Gy;r , f

လူ၏စိတ်ဖြစ်စဉ်များနှင့်အပြုအမူတို့ကို သိပ္ပံနည်းကျကျစမ်းသပ်လေ့လာ၍ လက်တွေ့ဘဝတွင်များစွာအသုံးဝင်သော စိတ်ပညာဖွံ့ဖြိုးတိုးတက်မှုမှာ ကမ္ဘာ့တက္ကသိုလ်ကြီးများ၌ ၁၉ ရာစုနှောင်းပိုင်းမှစတင်ကာထွန်းကားလာခဲ့သည်ကို ဖော်ပြထားသည့် စာရေးသူ မြမြဆွေ(စိတ်ပညာ) ရေးသားသော နွေးနွေးထွေးထွေး စိတ်တံခါးဖွင့်ပေးမယ် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြန်မာ့လူမှုပတ်ဝန်းကျင်တွင်ကျင်လည်နေကြသောပြည်သူများအနေဖြင့် ဘဝအမော သောကအထွေထွေနှင့်ကြုံတွေ့လာသောအခါ တစ်ယောက်တည်းကြိတ်မှိတ်ခံစားရင်း စိတ်ကျန်းမာရေးကိုထိခိုက်လာနိုင်ခြင်း၊ စိတ်ဖိစီးမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိပါက ဆွေးနွေးအကြံပေးသူနှင့်ဆက်သွယ်ကာ ဆွေးနွေးအကြံပေးမှုခံယူခြင်းဖြင့် ဘဝကို စိတ်ဓာတ်ခိုင်မာစွာ ရင်ဆိုင်ဖြေရှင်းနိုင်ပြီး စိတ်ကျန်းမာရေးကိုမြှင့်တင်ပေးခြင်းဖြင့် အတွေးအမြင်သစ်များရရှိနိုင်မည်ဖြစ်ကြောင်း အဆိုပါ စာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို ဒေါင်းစာပေ၊ အမှတ်(၁၁၃)၊ ၃၃ - လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၁ ၃၇၃၂၁၀နှင့် ၀၉ ၅၁၆၂၀၆၄တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

ကလေးငယ်ဆိုင်ရာကျန်းမာရေးနှင့် ရင်သွေးရတနာထိန်းကျောင်းနည်း အတတ်ပညာ

မိမိ၏ရင်သွေးငယ်များအား ပဲ့ပြင်ထိန်းသိမ်းခြင်းကို မိဘဖြစ်လာမည့်သူတိုင်း လေ့လာထားသင့်သည်နှင့်ပတ်သက်၍ စာရေးဆရာထိန်လင်းရေးသားသော ကလေးငယ်ဆိုင်ရာကျန်းမာရေးနှင့် ရင်သွေးရတနာထိန်းကျောင်းနည်း အတတ်ပညာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မိဘများသည် မိမိ၏သားသမီးများရတနာလေးများကို မွေးဖွားပေးသည့် မိဘများအနေဖြင့် မိမိတို့၏သားသမီးများနှင့်ပတ်သက်ပြီး ဘယ်လိုမိခင်ပုံစံမျိုး၊ ဘယ်လိုဖခင်ပုံစံမျိုးနှင့် ပြုစုပျိုးထောင်ထိန်းကျောင်းပေးတဲ့ မိဘမျိုးခံယူမလဲဆိုသည်ကို သိရှိထားရန် ယုံကြည်စိတ်ချအားကိုးလောက်သော မိဘ၊ အာဏာရှင်ဆန်သောမိဘ၊ သားသမီးအလိုလိုက်သော ပဲ့ပြင်မှုမဲ့မိဘဟူ၍ မိဘများ၏ကဏ္ဍ အလွန်အရေးကြီးကြောင်း၊ မိမိ၏ရင်သွေးငယ်များအပေါ် သိတတ်စကတည်းက ၎င်းတို့၏ အကျင့်၊ စိတ်ကူး၊ ဆောင်ရွက်ချက်များအပေါ် သေချာစွာ စောင့်ကြည့်၍ အကဲခတ်ပြီး ထိုကလေးငယ်များနှင့်သင့်လျော်မည့် စည်းကမ်းများကိုသတ်မှတ်၍ ပြုပြင်ထိန်းကျောင်းသင့်ကြောင်း ရေးသားထားသည်။

စာအုပ်ကို သတင်းနှင့်စာနယ်ဇင်းစာအုပ်အရောင်းဆိုင်၊ အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ - ၂၅၄၈၈၀၈၀၈ နှင့် ၀၉ - ၄၄၃၁၀၀၂၇၄တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။

သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၇)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသော "သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၁၇)"စာအုပ်ကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ဤစာအုပ်တွင် မြန်မာ့ရေးရာနှင့်ပတ်သက်သည့် အချက်အလက်များ၊ တပ်မတော်ဆိုင်ရာ သိမှတ်ဖွယ်ရာအချက်အလက်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာအချက်အလက်များ၊ နိုင်ငံတကာရေးရာ၊ ဘာသာရေးဆိုင်ရာ၊ အထွေထွေသိမှတ်ဖွယ်ရာများနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားသည်။

ဤစာအုပ်သည် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲ ဖြေဆိုကြမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ပြုထားရမည့် စာအုပ်ဖြစ်သည်။

စာအုပ်ကို စာပေဗိမာန်အရောင်းဆိုင် နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူ ရရှိနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ

အမှတ်-၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ရန်ကုန်မြို့။

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ လ(၂၈)ရက်

ကြေညာချက်

၁။ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၇)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီအက္ခရာလုံးရေ (၄၇)လုံးအား (၂.၉.၂၀၁၇)ရက်နေ့မှ (၂၅.၉.၂၀၁၇)ရက်နေ့ထိ ရောင်းချခဲ့ရာ ထီစာအုပ်(၂၄၁၈၅)အုပ်မှာ ရောင်းမကုန် ထီလက်မှတ်များ ဖြစ်ပေါ်ခဲ့ပါသည်။

၂။ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ကျင်းပမည့် (၇)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အောက်ဖော်ပြပါ ရောင်းမကုန် ထီလက်မှတ်နံပါတ်များမှ ဆုမဲပေါ်ထွက်လာပါက အထူးဆုကြီးစနစ်နှင့် ဆုတစ်ဆုချင်းစနစ်တွင်ဖြစ်လျှင် ရောင်းရထီလက်မှတ်ဂဏန်း ထွက်ပေါ်လာသည်အထိ ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။ ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်တွင် ရောင်းမကုန်ထီလက်မှတ်မှ ဆုမဲများ ထွက်ပေါ်လာပါက အဆိုပါဆုမဲတန်ဖိုး စုစုပေါင်းအား အခြားသင့်လျော်သော ဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ ရောင်းမကုန်ထီလက်မှတ်နံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အက္ခရာ		ဂဏန်း		အက္ခရာ		ဂဏန်း		အက္ခရာ		ဂဏန်း		အက္ခရာ		ဂဏန်း	
မှ	ထိ	မှ	ထိ	မှ	ထိ	မှ	ထိ	မှ	ထိ	မှ	ထိ	မှ	ထိ	မှ	ထိ
က	ကပ	၁၀၃၀၈၂	၁၀၃၁၃၆	ဘ	ကပ	၂၇၅၆၁၇	၂၇၅၆၇၁	က	ကပ	၄၆၁၆၂၇	၄၆၁၆၈၁	က	ကပ	၈၆၀၁၀၂	၈၆၀၁၅၆
က	ကပ	၁၀၈၃၀၇	၁၀၈၃၆၁	က	ကပ	၂၉၈၂၇၇	၂၉၈၃၃၁	က	ကပ	၄၆၁၆၈၂	၄၆၁၇၃၆	က	ကပ	၈၆၀၈၇၂	၈၆၀၉၂၆
က	ကပ	၁၁၂၃၂၂	၁၁၂၃၇၆	က	ကပ	၃၀၄၂၇၂	၃၀၄၃၂၆	က	ကပ	၄၇၄၄၉၇	၄၇၄၅၅၁	က	ကပ	၈၆၄၇၂၂	၈၆၄၇၇၆
က	ကပ	၁၁၉၈၅၇	၁၁၉၉၁၁	က	ကပ	၃၀၅၈၀၂	၃၀၅၈၅၆	က	ကပ	၄၈၄၄၅၂	၄၈၄၅၀၆	က	ကပ	၈၈၁၅၅၂	၈၈၁၆၀၆
က	ကပ	၁၇၃၁၅၂	၁၇၃၂၀၆	က	ကပ	၃၃၉၆၉၂	၃၃၉၇၄၆	က	ကပ	၄၉၉၄၆၇	၄၉၉၅၂၁	က	ကပ	၈၈၁၆၀၇	၈၈၁၆၆၁
က	ကပ	၁၇၃၂၀၇	၁၇၃၂၆၁	က	ကပ	၃၄၃၂၆၇	၃၄၃၃၂၁	က	ကပ	၆၂၇၁၇၇	၆၂၇၂၃၁	က	ကပ	၈၈၉၉၁၂	၈၈၉၉၆၆
က	ကပ	၁၇၃၂၆၂	၁၇၃၃၁၆	က	ကပ	၃၄၃၃၂၂	၃၄၃၃၇၆	က	ကပ	၆၃၁၇၄၂	၆၃၁၇၉၆	က	ကပ	၉၀၂၅၆၂	၉၀၂၆၁၆
က	ကပ	၁၇၃၃၁၇	၁၇၃၃၇၁	က	ကပ	၃၅၂၈၉၂	၃၅၂၉၄၆	က	ကပ	၆၃၃၉၉၇	၆၃၄၀၅၁	က	ကပ	၉၀၂၆၁၇	၉၀၂၆၇၁
က	ကပ	၁၇၈၃၂၂	၁၇၈၃၇၆	က	ကပ	၃၅၆၅၂၂	၃၅၆၅၇၆	က	ကပ	၆၅၈၀၃၂	၆၅၈၀၈၆	က	ကပ	၉၁၃၀၆၇	၉၁၃၁၂၁
က	ကပ	၁၈၇၄၅၂	၁၈၇၅၀၆	က	ကပ	၃၅၇၁၂၇	၃၅၇၁၈၁	က	ကပ	၆၇၈၅၄၇	၆၇၈၆၀၁	က	ကပ	၉၁၃၁၇၇	၉၁၃၂၃၁
က	ကပ	၁၉၃၇၂၂	၁၉၃၇၇၆	က	ကပ	၃၇၁၂၀၇	၃၇၁၂၆၁	က	ကပ	၆၈၃၂၇၇	၆၈၃၃၃၁	က	ကပ	၉၂၇၄၂၂	၉၂၇၄၇၆
က	ကပ	၁၉၃၈၈၇	၁၉၃၉၄၁	က	ကပ	၃၇၄၃၉၇	၃၇၄၄၅၁	က	ကပ	၆၈၃၃၃၂	၆၈၃၃၈၆	က	ကပ	၉၃၈၂၀၂	၉၃၈၂၅၆
က	ကပ	၁၉၈၄၅၂	၁၉၈၅၀၆	က	ကပ	၃၇၄၅၆၂	၃၇၄၆၁၆	က	ကပ	၆၈၃၃၈၇	၆၈၃၄၄၁	က	ကပ	၉၃၈၂၇၇	၉၃၈၃၃၁
က	ကပ	၁၉၉၆၀၇	၁၉၉၆၆၁	က	ကပ	၃၈၅၂၈၇	၃၈၅၃၄၁	က	ကပ	၆၈၃၄၄၂	၆၈၃၄၉၆	က	ကပ	၉၃၈၃၁၂	၉၃၈၃၆၆
က	ကပ	၁၉၉၆၆၂	၁၉၉၇၁၆	က	ကပ	၃၈၉၃၀၂	၃၈၉၃၅၆	က	ကပ	၆၈၃၄၉၇	၆၈၃၅၅၁	က	ကပ	၉၃၈၃၆၇	၉၃၈၄၂၁
က	ကပ	၁၉၉၇၇၂	၁၉၉၈၂၆	က	ကပ	၃၈၉၃၅၇	၃၈၉၄၁၁	က	ကပ	၆၈၈၃၃၇	၆၈၈၃၉၁	က	ကပ	၉၃၈၄၂၂	၉၃၈၄၇၆
က	ကပ	၂၀၀၈၆၂	၂၀၀၉၁၆	က	ကပ	၃၉၀၆၂၂	၃၉၀၆၇၆	က	ကပ	၆၉၀၄၂၇	၆၉၀၄၈၁	က	ကပ	၉၃၉၅၇၇	၉၃၉၆၃၁
က	ကပ	၂၀၃၂၇၇	၂၀၃၃၃၁	က	ကပ	၄၀၀၇၉၇	၄၀၀၈၅၁	က	ကပ	၆၉၅၀၄၇	၆၉၅၁၀၁	က	ကပ	၉၃၉၆၃၂	၉၃၉၆၈၆
က	ကပ	၂၄၄၄၈၇	၂၄၄၅၄၁	က	ကယ	၄၀၅၉၆၇	၄၀၆၀၂၁	က	ကပ	၆၉၅၉၉၇	၆၉၆၀၅၁	က	ကပ	၉၃၉၆၈၇	၉၃၉၇၄၁
က	ကပ	၂၄၆၀၂၇	၂၄၆၀၈၁	ကစ	ကပ	၄၀၅၉၆၇	၄၀၆၀၂၁	က	ကပ	၆၉၉၉၄၂	၆၉၉၉၉၆	က	ကပ	၉၃၉၇၄၂	၉၃၉၇၉၆
က	ကပ	၂၆၄၉၄၇	၂၆၅၀၀၁	က	ကပ	၄၀၈၇၇၂	၄၀၈၈၂၆	က	ကပ	၈၀၃၂၃၂	၈၀၃၂၈၆	က	ကပ	၉၅၂၅၇၇	၉၅၂၆၃၁
က	ကပ	၂၆၆၃၂၂	၂၆၆၃၇၆	က	ကပ	၄၁၅၄၈၂	၄၁၅၅၃၆	က	ကပ	၈၁၀၇၆၇	၈၁၀၈၂၁	က	ကပ	၉၅၂၆၃၂	၉၅၂၆၈၆
က	ဖ	၂၇၅၃၄၂	၂၇၅၃၉၆	က	ကပ	၄၁၅၆၄၇	၄၁၅၇၀၁	က	ကပ	၈၁၃၃၅၂	၈၁၃၄၀၆	က	ကပ	၉၅၇၄၅၂	၉၅၇၅၀၆
ဘ	ကပ	၂၇၅၃၄၂	၂၇၅၃၉၆	က	ကပ	၄၁၈၁၂၂	၄၁၈၁၇၆	က	ကပ	၈၄၃၆၀၂	၈၄၃၆၅၆	က	ကပ	၉၇၀၈၇၂	၉၇၀၉၂၆
က	ဖ	၂၇၅၅၆၂	၂၇၅၆၁၆	က	ကပ	၄၃၈၇၄၇	၄၃၈၈၀၁	က	ကပ	၈၄၅၂၅၂	၈၄၅၃၀၆	က	ကပ	၉၇၆၁၅၂	၉၇၆၂၀၆
ဘ	ကပ	၂၇၅၅၆၂	၂၇၅၆၁၆	က	ကပ	၄၃၉၇၇၇	၄၃၉၈၃၁	က	ကပ	၈၄၅၃၆၂	၈၄၅၄၁၆	က	ကပ	၉၈၄၆၇၇	၉၈၄၇၃၁
က	ဖ	၂၇၅၆၁၇	၂၇၅၆၇၁	က	ကပ	၄၄၉၃၀၇	၄၄၉၃၆၁	က	ကပ	၈၅၃၉၄၂	၈၅၃၉၉၆				

အောင်ဘာလေသိန်းဆုဌာနခွဲ

Access Cherry Travels & Tours
♥♥♥သီတင်းကျွတ် အထူးခရီးစဉ်♥♥♥
ပုဂံ(စွယ်တော်လေးဆူ)-ပြည့်ငါးပြည့် - ပုပ္ပါး (၄ရက်/၃ည)
Bagan May Hotel
စရိတ်ငြိမ်း
> ၉,၉၀၀၀ ကျပ် < (5+1) FOC
အောက်တိုဘာ ၄ ရက်နေ့ ထွက်ပါမည်။
အမှတ် (၂၉)၊ ပထမထပ်၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
Ph- 09-952223177-99,09-253994369,09-259813831.

ရှိုင်ရယ်ပတ္တမြား
မန္တလေး-ပြင်ဦးလွင်-ကျောက်စိမ်း
ဘုရား ၂ည-၃ရက် (၄-၁၀-၂၀၁၇) 45000
ပုဂံ-ပုပ္ပါး-ပခုက္ကူ 45000
43054879, 444462599

ODYSSEY
ပြည်တွင်းပြည်ပလေယာဉ်လက်မှတ်
အိမ်အရောက်ပို့ဝန်ဆောင်မှု
01 373199,240545,09 73187799
ပြည်တွင်းပြည်ပ ခရီးစဉ်အမျိုးမျိုး
01 246337, 246338, 392870, 254178
အရောင်းခွဲကိုယ်စားလှယ်ယူနိုင်သည်

မိဘအမည်မှန်

ပဲခူးမြို့နယ်၊ အထက၊ ထန်းတောကြီး၊ ဒသမတန်း (ဃ)မှ မောင်ရှိုင်းသက်ဝေ၏ မိဘအမည်မှန်မှာ ဦးမင်းခိုင်၊ ဒေါ်ချို ဖြစ်ပါကြောင်း။

ဦးမင်းခိုင်၊ ဒေါ်ချို

ငြင်းချက်ထုတ်ရန် ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌

၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃

ဒေါ်အေးအေးမြင့် နှင့် ဒေါ်ခင်မိုးခိုင်
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၁) ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် (၄၃၂)နေ ဒေါ်ခင်မိုးခိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “ (၁-၈-၂၀၁၄) ရက်စွဲပါ ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်အရ တရားပြိုင်ရယူသွားသော ငွေကျပ်သိန်း (၇၀)ကို ပြန်လည်ပေးအပ်စေလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ရက် (၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(သီတာကျော်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၅)၊ မြေကွက်တည်နေရာ အမှတ်(၂၅၀)၊ ပင်လုံလမ်း၊ (၃၀) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဦးအေးသိန်း [၁၂/သဃက(နိုင်)၀၆၇၀၃၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးအေးသိန်းထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၁၃/၁၈-၁-၁၇ ဖြင့် ပိုင်ဆိုင်သူ ဒေါ်နန်းအေးထွမ်း [၁၃/ကခန(နိုင်)၀၄၅၂၆၉]ထံမှ GP အမှတ်-၁၁၉၄/၂-၂-၁၆ ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးထိန်လင်းအောင်[၅/ခတန(ပြု)၀၀၀၁၆၆] မှ ဂရန်မူရင်း၊ ပါဝါ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိ ကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ မြေခွန် ကြွေးကျန်မရှိကြောင်း ထောက်ခံစာ၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်၊ ပြည်တွင်းအခွန်ပြေစာ၊ နိုင်ကတ်တင်ပြ၍ အမည်ပြောင်းလျှောက်ထားရာ မြေစာရင်းတွင် ၂၀၁၄ ခုနှစ် အရောင်းမြေပုံလျှောက်ထားခဲ့သည့် မှတ်ချက်အား ရှင်းလင်းစေခဲ့ရာ ဝင်စာအမှတ်- ၆၇၁၀/၅-၇-၁၇ ဖြင့် ၂၀၁၄ ခုနှစ်ထုတ်ယူခဲ့သော အရောင်းမြေပုံမှာ ဒေါ်နန်းအေးထွမ်း၏ လက်တွင် ပျောက်ဆုံးသွားပါကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ကိစ္စအဝဝကို ဒေါ်နန်းအေးထွမ်းမှ တာဝန်ယူဖြေရှင်းပေးပါမည်ဟု ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် စဉ် ၇/၁၀၈၂၇(၄-၇-၁၇)ဖြင့် ဝန်ခံကတိ ပူးတွဲတင်ပြလာပါသဖြင့် ဒေါ်နန်းအေးထွမ်း၏ အမည်ပြောင်းလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

ခရီးသွားလုပ်ငန်းလိုင်စင်အမှတ် - ဗဒ/၀၂၅၂

ပေါ်ပြူလာစတား Travel & Services

ဗုဒ္ဓဂယာခရီးစဉ်

သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန၊ နေပါး၊ ဒေလီ၊ တာ့ချ်မဟာ (စရိတ်ငြိမ်း)

၁၄ည/၁၅ရက် –စရန် (၂သိန်းကျပ်)+ဒေါ်လာ (၇၀၀)

အဖွဲ့ခေါင်းဆောင်အား (၁၂)ဦးလျှင် (၁)ဦးအခမဲ့ / (၆)ဦးလျှင် (၃သိန်းကျပ်)လျှော့ /

သံဃာနှင့်သီလရှင်များ(၃သောင်းကျပ်)လျှော့/ ပတ်စ်ပို့ခကြေး(၃သောင်း၅ထောင်ကျပ်)လျှော့

အောက်တိုဘာ	- ၃၁
နိုဝင်ဘာ	-၁၄ ၊ ၁၅
ဒီဇင်ဘာ	- ၅
ဇန်နဝါရီ	- ၂၃
ဖေဖော်ဝါရီ	-၉ ၊ ၂၃
မတ်	- ၂၇
ဧပြီ	- ၁၃(၇ည/၈ရက်)

ဖေယာဉ်လက်မှတ် ၊ ဗီဇာလျှောက်ထားရန် စရံငွေ (၂)သိန်းကျပ်ဖြင့် (၂)လကြိုတင် စာရင်းပေးသွင်းနိုင်ပါပြီ။

နေရာစုံသို့ မချွင်းမချန် ပို့ဆောင်ပေးခြင်း။ ညမောင်းခရီးစဉ် လုံးဝ မပါရှိခြင်း။ 3 Stars အဆင့်ရှိ ဟိုတယ်တွင် (၂) ညအိပ်တည်းခိုခြင်း။

၁၉နှစ်သက်တမ်းရှိ ဝါရင့်ပိုက်ဂ်ျ၏ ဦးဆောင်မှု။ သူနာပြု ကျန်းမာရေး ဝန်ဆောင်မှု။ နယ်မှဘုရားဖူးများအတွက် တည်းခိုစရာ နှင့် ကြိုပို့စီစဉ်ပေးခြင်း။

ရန်ကုန်ရုံးချုပ်– အမှတ်(၇၄)၊ ပထမထပ်၊ နံ့သာလမ်း၊ ဌာနရပ်ကွက်၊ အလုံမြို့နယ်။ Ph: 01 2301866, 09-5129134, 09-795429379

AKM Tours

အမှတ်-၁၆၊ အခန်း(စီ-၂)၊ ပထမထပ်၊ အရိယမဂ္ဂင်လမ်း၊ ၁၄-ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
☎: 09-264500047, 09-264500087, 09-250065825

ဂျပန်	(၄ည-၅ရက်)	09.Nov	USD-1,520
ဗီယက်နမ် (ဟိုချီမင်း-မွေနဲ-ဒါလတ်)	(၄ည-၅ရက်)	02.Nov	USD-380
ဗီယက်နမ် (ဟန္နိုင်း-ဟလောင်း-ဘာနာဟေး)	(၃ည-၄ရက်)	11.Nov	USD-430
ဘန်ကောက်-ပတ္တရား	(၃ည-၄ရက်)	02.Nov	USD-410
ဘန်ကောက်	(၃ည-၄ရက်)	10.Nov	USD-379
ဘန်ကောက်-ဟွာဟင်	(၃ည-၄ရက်)	10.Nov	USD-420

ဗုဒ္ဓဂယာခရီးစဉ်များ
၇ည - ၈ရက်
၉ သိန်း ၉ သောင်းကျပ်
(Dec.03) (Dec.27) (Jan.24) (Apr.11)
၁၄ည - ၁၅ရက်
၁၁ သိန်း ၉ သောင်းကျပ်
(Dec.27)(Feb.03)(Mar.28)

ဗဟန်း 01.2330054 095160048 09-782470755
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားများစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.beincarrental.com

U ZAY Car Rental
ခရီးသွားကားဝင်းလုံးငှားလုပ်ငန်း
09 42 111 6256
09 77 527 6011

ချောင်းသာ ခရီးစဉ်
စရိတ်ငြိမ်း (တစ်ညအိပ်)
၃၅၀၀၀/ ၆၂၀၀၀ ကျပ်
(Guest House/Hotel)
09443133488,0973133488

Home Since 1996
think of house, think of home

Readymade Flooring

* ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
* ကြမ်းခင်းအမျိုးအစားစုံလင်စွာ တနေရာတည်းတွင် ရရှိနိုင်ပါသည်

သီတင်းကျွတ် အထူးလက်ဆောင်
ကြမ်းခင်း၃ကျင်း ဝယ်လျှင် လက်ဆောင်
Beauty Mirror

Grade A/B/C/D စံနှုန်းမီ ကြမ်းခင်းများ

အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
Building(N), အခန်း(33,34), သိရိရတနာလက်ကားဈေး၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊ မြောက်ဥက္ကလာပ။
HOTLINE: 09-79 700 70 71
09-79 700 70 81
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံးအိုင်ခွဲဆိုင်(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ Max Highway Co.,Ltd.မှ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ရန်ကုန်-ပြည်လမ်း တိုးချဲ့ခြင်းစီမံကိန်းများအတွက် လိုအပ်သော အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ခွဲကျောက်ရွယ်စုံ
(ခ) ကျောက်စရစ် (မြစ်ကျောက်)
(ဂ) သဲ
(ဃ) တောင်မြေ

၂။ တင်ဒါတင်သွင်းရာ၌ ခွဲကျောက်ရွယ်စုံ၊ ကျောက်စရစ်၊ မြစ်ကျောက်၊ သဲတို့အား တင်ဒါ(၁)စောင် တောင်မြေအတွက် တင်ဒါ(၁)စောင်စီ သီးခြားခွဲတင်ရမည်။

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၆၇၀၈၉၁၊ ၀၁-၉၆၇၀၈၉၂၊ ၀၁-၉၆၇၀၈၉၃ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန်	- ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့) - ညနေ ၄း၀၀နာရီ
၅။ တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်	- ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) - မွန်းလွဲ ၂း၀၀နာရီ
၆။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ	- A-2-No (6,7,8,9,10)၊ သီရိရတနာ လက်လီ/လက်ကားဈေးဝင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

အများသိစေရန် အသိပေးကြေညာခြင်း

Supreme Group of Companies, Supreme Water Doctor Co.,Ltd ၏ Admin & Planning Department တွင် Dy.Manager ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်အေးမြမိုး [၁၂/ကမတ(နိုင်)၀၆၂၇၂၇]သည် ကုမ္ပဏီမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိခြင်း၊ ကုမ္ပဏီ၏ ငွေကြေးများအား အလွဲသုံးစားပြုခြင်းတို့ကြောင့် ၂၉-၆-၂၀၁၇ ရက်မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ဒေါ်အေးမြမိုး [၁၂/ကမတ(နိုင်)၀၆၂၇၂၇]၏ လုပ်ဆောင်မှုမှန်သမျှသည် မိမိတို့ Supreme Group of Companies နှင့် လုံးဝပတ်သက်ခြင်းမရှိကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

စန္ဒာဖြူ
(ဒါရိုက်တာ)
Supreme Group of Co.,Ltd.

အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V PATARA V.1 သင်္ဘောသည် ၃၀-၉-၂၀၁၇ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် ဝ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ	သွင်	မင်္ဂလာ (သိမ်ကြီးဈေး)	မင်္ဂလာ (ဒဂုံစင်တာ(၂))	နေပြည်တော်	ရွှေဆောင်	မင်္ဂလာစံပြ
၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃	၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀	၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈	၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂	၀၉ ၄၅၇၈၄၂၈၀၂ ၀၉ ၄၅၇၈၄၂၈၀၃	၀၉၄၅၅၇၈၄၂၀၀၀ ၀၉၄၅၅၇၈၄၂၀၀၁	၀၉ ၂၆၀၀၈၇၀၃၅ ၀၉ ၂၆၀၀၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅
Top Royal (စိန်ဂေဟာ-ဖါရှိ)	မင်္ဂလာဝဇီရာ (လှိုင်သာယာ)	မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်)	ဝင်းလိုက် မန္တလေး	မြို့မ မန္တလေး	မင်္ဂလာဒိုင်းမွန်း မန္တလေး	(မန္တလေး)မင်္ဂလာ မန်းနေပြည်တော်
၀၉၄၂၀၁၈၂၉၁ ၀၉၄၂၀၁၈၂၉၂	၀၉၂၆၁၉၀၁၁၅ ၀၉၂၆၁၉၀၁၁၆	၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃	၀၂-၃၉၁၂၀ ၀၂-၆၀၂၉၁	၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇	၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂	၀၉၉၆၀၉၁၁၂၁၁ ၀၉၉၆၀၉၁၁၃၁၁
မင်္ဂလာထွန်းသီရိ (ပြည်)	မင်္ဂလာ ICON Mall(ပဲခူး)	NEW 3D Cinema တောင်ငူ	မင်္ဂလာစံပြ(မကွေး)			
၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂	၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆	၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၇၉၉၁-၂	၀၉ ၇၆၈၅၂၅၇၄၁ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃			

ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ
၂၉-၉-၂၀၁၇ နေ့မှ ပြသမည့်ဇာတ်ကားသစ်များ

ထမီကျွတ်၍ လွှတ်လိုက်သည်
ရန်ကုန် - သမ္မတ၊
မန္တလေး - ဝင်းလိုက်

ငွတ်ကျား
ရန်ကုန် -သွင်၊မင်္ဂလာ(၁)၊Top Royal၊မင်္ဂလာစံပြ မင်္ဂလာ(ဂမုန်းပွင့်)၊ရွှေဆောင်၊ မင်္ဂလာဝဇီရာ
မန္တလေး - မြို့မ၊ မန်းနေပြည်တော်၊ မင်္ဂလာ ဒိုင်းမွန်း
ပြည်- မင်္ဂလာထွန်းသီရိ မကွေး - မင်္ဂလာစံပြ
ပဲခူး - မင်္ဂလာ Icon တောင်ငူ - NEW 3D CINEMA

ဆယ်လီ
ရန်ကုန် - ရွှေဆောင်

KINGSMAN THE GOLDEN CIRCLE
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(၂)ဒဂုံစင်တာ(၂)၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း
ပြည်- မင်္ဂလာထွန်းသီရိ မကွေး - မင်္ဂလာစံပြ
တောင်ငူ - NEW 3D CINEMA ပဲခူး - မင်္ဂလာ Icon

AMERICAN ASSASSIN
ရန်ကုန် - ရွှေဆောင်၊ မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

IT
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)

LEGEND OF THE NAGA PEARLS
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း



ကြော်ငြာ

ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက် (၂၇)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော(၂၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကိုယ်တိုင်ဆက်ကပ်လှူဒါန်းပြီး တရားတော်နာကြွရောက်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်- (၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ရက်)
၈-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၃၀နာရီ
နေရာ - မနောရမတိုက်ကျောင်းဓမ္မသဘင်ခန်းမ။

ပစ္စည်းလေးပါးထောက်ပံ့ရေး
ဝေယျာဝစ္စအဖွဲ့
ဇ/တောင်၊ သဃ်န်းကျွန်း
ဖုန်း-၅၇၈၄၁၉

RC-1, RUBC, BC (၁၉၇၆-၇၇/၁၉၉၆) ကျောင်းတော်ကြီး၏ ပတ္တမြားရတုနှင့် သတ္တမအကြိမ်အာစရိယ ပူဇော်ပွဲ ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးဖိတ်ကြားခြင်း

အမှတ်(၁) ဒေသကောလိပ် (ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)၊ ဗိုလ်တထောင်ကောလိပ်ကျောင်းတော်ကြီး၏ နှစ်(၄၀)ပြည့် ပတ္တမြားရတု အထိမ်းအမှတ် ဆရာ/ဆရာမများ၊ ဝန်ထမ်းဟောင်းများ၊ ကျောင်းသား/ကျောင်းသူဟောင်းများတွေ့ဆုံပွဲနှင့် သတ္တမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၁-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၀၀ နာရီတွင် RC-1 ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ)တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါ သည်။

နှစ်(၄၀)ပြည့် ပတ္တမြားရတုနှင့်
သတ္တမအကြိမ်အာစရိယပူဇော်ပွဲ
ကျင်းပရေးကော်မတီ

ကား မျိုးစုံ
Alphard,Hiace ၉/၁၃ယောက်စီး၊၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုး အတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ချိုသာ သောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်၊
Ph: 09795549249,095418126
09-795546884

တိုက်ခန်းရောင်းမည်

(၁၂ ပေခွဲ × ၅၅ ပေ)၊ ပထမထပ်၊ အရှေ့လှည့်၊ ဘိုထိုင်အိမ်သာ၊ ရေချိုးခန်း၊ ကြွေပြားကပ်၊ ရေမီးစုံ၊ B.C.C ကျပြီး၊ အသင့်နေနိုင်၊ ဝက်စုမှတ်တိုင်အနီး၊ ဗိုလ်မင်းရောင်လမ်း၊ ဒေါပုံမြို့နယ်။

ဈေးနှုန်း -၂၉၈ သိန်း၊ (ညှိနှိုင်း)

ဖုန်း - ၀၉ ၄၂၂၉၃၉၇၀၃

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး အဆောက်အဦ ဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိအထူးကု ဆေးရုံကြီးတွင် အထူးကုပြင်ပလူနာဌာန ပေ(၂၀၀×၅၀) သံကူကွန်ကရစ် (၁)ထပ် အဆောက်အဦ (၁)လုံး၏ အောက်ခံခုံတုံး၊ Skeleton အကြမ်းထည်လုပ်ငန်း (Column, Beam, Parapat Slab, External 9" Tk Brick Walling, Steel Truss & Roofing Work) တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) သံကူကွန်ကရစ် အဆောက်အဦ ပေ(၂၀၀×၅၀) (၁)လုံး
(1) Substructure (Up To Plinth)
(2) Superstructre (Column, Beam, Parapat Slab, 9" Tk External Brick Walling Work, Steel Truss, Roofing Work)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၉-၂၀၁၇ရက်မှစ၍ နံနက် ၉း၀၀နာရီမှ ၁၆း၃၀နာရီအတွင်း ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းသူသည် အောက်ဖော်ပြပါစာရွက်စာတမ်း အထောက်အထားများနှင့်အတူ အိတ်ဖွင့်တင်ဒါကို ၂၇-၁၀-၂၀၁၇ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

(က) Detail Measurement, Bill of Quantity ကုန်ကျစရိတ် အသုံးပြုတန်ဖိုး
(ခ) ကုမ္ပဏီ၏ ငွေကြေးအခြေအနေ ၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ၊ ဘဏ်အထောက်အထားများ
(ဂ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၅၅၀၁၅၁၊ ၅၅၀၁၅၃

ရွှေဆိုတာ မရှိဝမ်းစာ၊ ရှိတန်ဆာ................
ဒေါ်ဆွဲ
စိန်ရွှေရတနာဆိုင်
ရွှေစုလိုသော Customer များအတွက်
အခေါက်တုံးများကို ၁ ကျပ်သားမှစ၍ အခေါက်ရွှေဈေးအတိုင်း (လက်ခမပါ) ဝယ်ယူရရှိနိုင်ပါသည်။
ကုမ္ပဏီများ အသင်းအဖွဲ့များနှင့် မိသားစုများအတွက် သီးသန့်ခရီးစဉ်များကိုလည်း ထွက်ခွာလိုသည့်ရက်အတိုင်း သင့်တင့်သောဈေးနှုန်း၊ ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်ပေးနေပါပြီရှင် .....

Hotlines 09 2610 20062 , 09 5138 553 / 09 514 7771 , 09 96 121 2222

ဒေါ်ဝင်းဝင်း ဦးစီးသော

ဂယာရွှေပြည် ဗုဒ္ဓဂယာ-သီရိလင်္ကာဘုရားဖူးအဖွဲ့

(၁၅) ရက်ခရီး အထူးဈေးနှုန်း - [၁၁.၅] သိန်း

အိန္ဒိယ၊ နီပေါ (၁၅) ရက် - အောက်တိုဘာ (၁၈)၊ နိုဝင်ဘာ (၁၊ ၁၈)၊ ဒီဇင်ဘာ (၆၊ ၂၃)၊ ဇန်နဝါရီ (၁၀၊ ၂၇)၊ ဖေဖော်ဝါရီ (၁၄)၊ မတ် (၃၊ ၂၁)

အိန္ဒိယ၊ နီပေါ (၈) ရက် - ပြေ (၁၁) သင်္ကြန်ပိတ်ရက် ဟိုတယ် (အိပ်+စား)

သီရိလင်္ကာ (၇) ရက် - အောက်တိုဘာ (၂၉) ဟိုတယ် (အိပ်+စား)

(၂) လ ကြိုတင်စာရင်းသွင်းနိုင်ပါပြီ။ ခရီးစဉ်တိုင်း လူဦးရေကန့်သတ်ထားပါသည်။

အမှတ် (၂၀)၊ ၁၀-လမ်း (လယ်)၊ လမ်းမတော်မြို့နယ်။ ဖုန်း: ၀၁-၂၂၁၅၈၆၊ ၀၉-၇၈၃၇၇၇၃၇၀၊ ၀၉-၄၄၄၉၁၂၇၄၇

အရူပ် 09 457778224 / 09 73121050 / 09 443121050

ဒဂုံမြို့သစ် (အရှေ့ပိုင်း)
ဒဂုံမြို့သစ် (မြောက်ပိုင်း)
ဒဂုံမြို့သစ် (တောင်ပိုင်း)
ဒဂုံမြို့သစ် (ဆိပ်ကမ်း)

မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။

ရွှေစံမှီ ● သီတင်းကျွတ်ပိတ်ရက်အထူးခရီးစဉ်များ Oct 3,4

- ❖ မန္တလေး၊ ပြင်ဦးလွင်၊ ဂုတ်ထိပ်၊ သီပေါ၊ ပေါ်နန်း၊ ခါလိန်ရေတံခွန်၊ ဘော်ကြို 60000
- ❖ ထားဝယ်၊ ရှင်ကိုးရှင်၊ မျော်ရစ်၊ မောင်းမကန်၊ မြိတ်ကျွန်းစု၊ ကျိုက္ကမီ၊ စက်ခဲ 80000
- ❖ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲ၊ ကက္ကူ၊ ထမ့်စမ်း၊ ကျိုင်းကော် 65000
- ❖ မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ဂူ(၅)ဂူ၊ ဇွဲကပင်၊ တစ်ထွန်းဆရာတော် 60000
- ❖ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ကျောက်စိမ်း 50000
- ❖ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်၊ ပခုက္ကူ-သိဟိုဠ်ရှင် 50000
- ❖ မော်လမြိုင်၊ ကျိုက္ကမီဆွမ်းမျှော်ပွဲ၊ ကျိုက်မရော၊ ဘားအံ၊ ဂူ(၅)ဂူ၊ ဇွဲကပင် 25000

09-420420761, 09-420420762, 09-420420763 အပတ်စဉ်-သောကြာ

GUSTO COLLEGE

In Partnership with UNIVERSITY OF GLOUCESTERSHIRE

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာ *October Intake* အတွက်လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင် (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များဖြင့်စစ်ဆေးမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သော Pearson မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက ပြည်တွင်းရှိ GUSTO ၌ပင် နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။ ပြည်ပတွင်ဆက်လက်သင်ယူလိုပါက UK, Singapore စသည့်နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌လည်း တက်ရောက်နိုင်ပါသည်။
  (နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်သင်ယူသည့် GUSTO ကျောင်းသားတိုင်းအတွက် အထူးအခွင့်အရေး Scholarship များရရှိမည်ဖြစ်သည်။)
- ၂၀၁၇ အောက်တိုဘာလ တန်းခွဲသစ် တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

နယ်မှ ကျောင်းသူ/ သားများအတွက် အဆောင်စီစဉ်ပေးသည်၊ Ferry ရှိသည်၊

Call Us : (09) 789 888 222, (09) 429991009

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။

ဝါကျွတ်ချိန်ခါ ပူဇော်ကန်တော့ကြသူတိုင်း
စတုမဓုနှင့်ကန်တော့၍ ကုသိုလ်ယူကြသည်။

ဗုဒ္ဓဘုရားဟောဖော်ကြားသည့် - လေးပါးသြသဓဆေးမည်စွာ

ဦးဘညိန်-သား

စတုမဓု

ကေမ္မာဆေးတိုက်မှထုတ်လုပ်သည်။

TMR-003261

ဆိုင် - ၂၈၊ မိုလ်ချုပ်ဈေး (မြောက်ဖက်တန်း)၊ အပေါ်ထပ်။ ဖုန်း-၂၄၀၉၆၆ (လိုင်းခွဲ) ၄၁၅

ပင်ရင်း - ၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း-၀၁ ၅၄၉၁၁၆

အတွဲ ၂၀၊ အမှတ် ၁၁၊ အောက်တိုဘာလ၊ ၂၀၁၇

ပွဲတက်ဖက်ရှင် ရွေးမယ်ဆိုရင်

ပရဟိတဆိုတာ

အချိန်နှောင်းမှ အောင်မြင်မှုရရှိလာသူများ

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလထုတ် ထွက်ပြီ

၃,၀၀၀ ကျပ် — တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

SAMSUNG

Galaxy Note8

Do bigger things

ကြီးကျယ်ခမ်းနားမှုများကို ဖန်တီးလိုက်ပါ

Dual Camera
အမှတ်တရတိုင်းကို အားလုံးနဲ့ မျှဝေလိုက်ပါ

S Pen
လိုအပ်သလို ရေးမယ်၊ မှတ်မယ်၊ ပြင်မယ်

Infinity Display
ဘောင်တွေကို ဖယ်ပြီး အဆုံးအစမဲ့ မြင်ကွင်းတွေကို ခံစားလိုက်ပါ

Premium Care
ဖုန်းမျက်နှာပြင် ကွဲခြင်းအတွက် အခမဲ့ ပြုပြင်ခြင်း တစ်ကြိမ်

အတိုးနှုန်းမဲ့ ၆လအရစ်ကျ KBZ BANK | telenor Special Package Included 30GB FREE

www.samsung.com/mm

www.myanmarfairs.com

AUTO EXPO MYANMAR

Myanmar International Auto Parts & Accessories Exhibition

မြန်မာ့အပြည်ပြည်ဆိုင်ရာ ယာဉ်အပိုပစ္စည်းများနှင့်ဝန်ဆောင်မှုလုပ်ငန်း ဆိုင်ရာနိုင်ငံတကာစက်မှုကုန်စည်ပြပွဲကြီး

Tatmadaw Exhibition Hall
(U Wisara Road Yangon, Myanmar)
ဦးဝိစာရလမ်း ၊ ရန်ကုန်မြို့ ။

SEPT. 28 – OCT. 1, 2017
၂၀၁၇ ၊ စက်တင်ဘာလ ၂၈ ရက်နေ့ မှ အောက်တိုဘာလ ၁ ရက်နေ့ထိ ။

Children 12 years and under are not admitted
အသက် ၁၂ အောက်ကလေးများဝင်ခွင့်မပြု ။

POWER EXPO MYANMAR

Myanmar International Electrical, Electronics & Electric Power Equipment Fair

မြန်မာ့အပြည်ပြည်ဆိုင်ရာ အီလက်ထရောနစ်နည်းပညာနှင့် လျှပ်စစ်စွမ်းအင်ဆိုင်ရာပြပွဲကြီး

CONTACT
Ms. Myo Kyi Phyu Tun
Tel: 01-9010753 / 01-9010754
E-mail: myokyiphyutun25@gmail.com

ORGANIZERS: Taipei World Trade Center · Yorkers Trade & Marketing Service Co., Ltd.
CO-ORGANIZER: MIA
SUPPORTERS: UMFCCI · MAMDA · AGTI
SPONSORS: TAIWAN EXCELLENCE · DYNA · TAPMA

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

ဆရာမိုး Follow Me Ph.D (USA) IELTS တန်းခွဲသစ် လက်ခံပြီ။

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၊၄၊လ နှင့်

ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ချိန်တက် (၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း။ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း။ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ Sept 30 စမည်။

4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။

ရည်မှန်းချက် ကြီးမားစွာဖြင့် အင်္ဂလိပ်သဒ္ဒါနှင့် အင်္ဂလိပ်စာအရေးအသားကို အဆင့်မြင့်မြင့် တတ်မြောက်ထားချင်သူများအတွက်

အထူးစီစဉ်ဖွင့်လှစ်ပေးသည့် Advanced English Grammar & Writing ၊၅၊လ အထူး

နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျှက်

သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၊၄၊လ အတတ် လက်ခံပြီ။

4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၊၄၊လ အထူး လက်ခံပြီ။

ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။

အင်း၀ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ အမှတ် ၁၈၊ ၅-လွှာ၊ 0943125393
ဝိုင်းသီးသန့် ✥ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 398118, 295798

စိတ်ပညာ လေ့လာလိုက်စားချင်သူများအတွက်

မြမြဆွေ (စိတ်ပညာ) ၏

နွေးနွေးထွေးထွေး စိတ်တံခါးဖွင့်ပေးမယ်

ဖြန့်ချိရေး - ဒေါင်းစာပေ၊ ၁၁၃၊ ၃၃ လမ်း(လယ်)၊ ရန်ကုန်မြို့။ ဖုန်း-၀၁၃၇၃၂၁၀

ထွက်ပြီ

အဆင့်မြင့် လက်ဖက်ရည်ဆိုင် အတွက် ဝန်ထမ်းကောင်းများအလိုရှိသည်

စားပွဲထိုး အသက် ၂၅နှစ်အောက် ကျား ၄၀ (နေ/စား ငြိမ်း) အခြေခံလစာ ၁၀၀၀၀၀ိ/-မှစ၍ အရည်အချင်းပေါ် မူတည်၍ တိုးမြှင့်ပေးသွားမည်။

ထပ်မံအလိုရှိသည့် ဝန်ထမ်းများ

- နံနက်စာကျွမ်းကျင်စွာချက်ပြုတ်နိုင်သူ (မုန့်ဟင်းခါး၊ အသုတ်၊ ရှမ်းအစားအစာများ)
- အဖျော်ဆရာ
- မုန့်ဆရာ
- Dimsum ဆရာ
- မီးဖိုခန်းအကူ
- သန့်ရှင်းရေး/ပန်းကန်ဆေး

ဆက်သွယ်ရန်လိပ်စာ

အမှတ်-၂၂၊ သစ်ယာပင်လမ်း၊ သဃ်န်းကျွန်းမြို့နယ်။
ဖုန်း ၀၉ ၉၇၀၀၀၇၇၈၀၊ ၀၉ ၉၇၀၀၀၇၇၀၈

JEWEL HOTEL Yangon

ဂျူးဝဲလ်ဟိုတယ်
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျှက်ရှိပါသည်။

No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တန်ဖိုးနည်းအိမ်ရာ တည်ဆောက်လိုသူများနှင့် ရင်းနှီးမြှုပ်နှံလိုသူများ ဆက်သွယ်နိုင်ပါသည်။ ဘုရင့်နောင်တံတားမှ (၁၀)မိုင်၊ လှိုင်သာယာ တိုးဂိတ်မှ(၃)မိုင်၊ဒဂုံ-ဇရာအဝေးပြေးမှ(၅)မိုင် ရန်ကုန်-ပုသိမ်လမ်းမအနီး၊ အဝင်လမ်း (၃၀)ပေ လမ်းသား၊ မြေပြုပြင်ပြီး၊ လန(၃၉)ကျပြီး၊ မြေ(၉)ဧက

ညှိနှိုင်းဈေး 1 Sqft = 3500 Ks

Ph: 09-797920009

GW 0973226006 0973133528 0973077569

အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်၆၉၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း

ပြန်လည်ရုပ်သိမ်းခဲ့ပြီးကြောင်း

လူမှုကွန်ရက်တွင် EPS စာမေးပွဲဖြေစရာမလိုဘဲ ကိုရီးယားနိုင်ငံသို့ ကျား/မ မရွေး ဤသင်တန်းမှ တက်ရောက်ပြီး တိုက်ရိုက်သွားနိုင်သည်ဟူသော ဖော်ပြချက်သည် စာဖတ်သူမှ မှားယွင်းထင်မြင်ယူဆခဲ့မှုကို စိုးရိမ်ပါ၍ ၎င်းနေ့ မှပင် ချက်ချင်း Face book ကနေ ပယ်ဖျက်ခဲ့သည့်အပြင် ယနေ့အချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပို့ဆောင်ပေးခဲ့ခြင်းလည်း မရှိခဲ့ပါ။ ဖတ်ရှုသူများမှ ဤသင်တန်းကျောင်းမှ တိုက်ရိုက်စေလွှတ်ပေးသည်ဟူသော လွဲမှားစွာ ထင်မြင်ယူဆခဲ့မည်ကို စိုးရိမ်မိ၍ သတင်းစာမှ ပြန်လည်ရုပ်သိမ်းခဲ့ပြီးကြောင်း ကြေညာအပ်ပါသည်။

မလှလှမြင့် ဖုန်း-၀၉-၇၉၅၈၃၂၀၀

Winner Super Diamond Pile Co., Ltd.
W.S.D Group

GUARDIAN INDEPENDENT CERTIFICATION · UKAS QUALITY MANAGEMENT 045
ISO 9001:2015 Cert. No. 734649

W.S.D Pile

YCDC Licence No.PL-12, MCDC Licence No.PI-006

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊ မြေညီထပ်၊၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ [လှိုင်သာယာမြို့နယ်၊ မင်းရဲကျော်စွာ (၁၄)လမ်းအတွင်းရှိ] နှစ် (၆၀)ဂရန်မြေကွက်ကြီး(၂)ကွက်နှင့်စပ်လျဉ်း၍-

(၁) မြေကွက်အမှတ်-၆၇၊ ဧရိယာ (၀. ၀၅၅)ဧကရှိ ဂရန်အမည်ပေါက် ဒေါ်တင်ဦး (အေအေ-၀၁၀၈၄၃)၏ အခွင့်ရမှတ်ပုံတင် အထူးကိုယ်စားလှယ်စာအမှတ် (၈၃၄/၂၀၁၄)ရသူ ဦးကျင်အေး[၁၂/မဂဒ(နိုင်)၀၉၃၉၉၁]ထံမှလည်းကောင်း၊

(၂) မြေကွက်အမှတ်-၆၈၊ ဧရိယာ (၀. ၀၅၅)ဧကရှိ ဂရန်အမည်ပေါက် ဒေါ်စန်းမြင့် (အေအေ-၀၁၀၈၁၀)၏ အခွင့်ရမှတ်ပုံတင် အထူးကိုယ်စားလှယ်စာအမှတ် (၈၃၃/၂၀၁၄)ရသူ ဦးကျင်အေး[၁၂/မဂဒ(နိုင်)၀၉၃၉၉၁]ထံမှလည်းကောင်း၊

အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေများက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ငြိမ်း (ဖောင်တော်သီ) (စဉ်-၂၃၀၂)	**ဒေါ်ခင်မေသန်း (စဉ်-၃၂၂၈)**
B.A(Law), LL.B, D.B.L, D.M.L	**LL.B, D.B.L, D.M.L, D.I.L**
Ph:09-5108521	**Ph:09-5015316**

တရားလွှတ်တော်ရှေ့နေများ

အမှတ်-၁၆၂၊ ပထပ်၊ ၃၅-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ဦးကျော်မျိုးမောင် (၁၂/မဂတ(နိုင်)၀၀၃၉၉၄) ၏ သင်္ဘောသားမှတ်ပုံတင်စာအုပ် SID မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၇၉၅၅၃၉၆၃၉၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၆ဒီ (၁၄၊၁၅၊၁၆)ကြို့ကုန်းမြေကွက်အမှတ်-၁၁၉/A၏တစ်စိတ်တစ်ဒေသ၁၁၉/A²၊ဧရိယာ (၀.၀၄၇)ဧကၢမြေကွက်တည်နေရာအမှတ်-၄၅၀၊၄လမ်း(မြောက်)ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက်၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှစီမံခန့်ခွဲခွင့်ရှိသောမြေအားဦးဇော်မင်းဦး(၁၂/အစန(နိုင်)၁၀၄၇၈၃)ကအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာသည့်အတွက်မြေချပေးမည်ဖြစ်ပါသဖြင့်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လွမ်းဆွတ်သတိရခြင်းနှင့်မေတ္တာပို့သခြင်း

ဖခင်ကြီး-ဦးကျော်ဒင် (၉၈နှစ်) ၂၈-၉-၂၀၁၃-ရက်ကွယ်လွန် (၄-နှစ်ပြည့်)

မိခင်ကြီး-ဒေါ်ခင်ထွေး(၆၈နှစ်) ၁၀-၄-၁၉၈၅-ရက်ကွယ်လွန် (၃၁နှစ်-၅လ-၁၉ရက်ပြည့်)

ဖခင်ကြီး၏မွေးနေ့ဖြစ်သော တော်သလင်းလဆန်း ၄ ရက်၌ မိဘများသက်ရှိထင်ရှားရှိစဉ်ကကဲ့သို့ မြင်းခြံမြို့ ပုညသဟာရအာရုံဆွမ်းလောင်းဓမ္မာရုံ၌ မြို့ပေါ်ရှိ သံဃာများအား ဆွမ်းလောင်းလှူခြင်း၊ မြင်းခြံမြို့ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား တစ်နေ့တာ ဆွမ်းလှူဒါန်းခြင်းများ ပြုလုပ်လျက်ရှိပါသည်။

မိဘများ၏ သားရဟန်းဖြစ်သည့် မန္တလေးမြို့ချမ်းသာကြီးမြောက်တိုက် သီရိမာလာကျောင်း၏ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒသရ (မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဇောတိကဓမ္မာစရိယ)၏ ၂-၆-၂၀၁၇ ရက်တွင်ကျင်းပမည့် အန္တိမအဂ္ဂိစျာပနသို့ ကြွရောက်ကြသော ချမ်းသာကြီးကျောင်းတိုက်ရှိ သံဃာ ၂၅၀ ကျော်တို့အား ဆွမ်းနှစ်ရက်ကပ်လှူခြင်း၊ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးခြင်းများကို သမီးတို့ ညီမနှစ်ယောက်တို့က မိဘများကိုယ်စား လှူဒါန်းခဲ့ပါသည်။

သမီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သောကုသိုလ်များကို ကျေးဇူးရှင်မိဘများအား အမျှပေးဝေပါသည်။ အမျှရကြ၍ ကောင်းရာသုဂတိသို့လားကြပါစေ။

ကျွန်ုပ်တို့၏ ကုသိုလ်ကောင်းမှုများကြောင့် ကျွန်ုပ်တို့မိသားစုအပေါ် မေတ္တာစေတနာထားကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မိဘများ၏ကျေးဇူးတရားများကို အောက်မေ့ပြီး လွမ်းဆွတ်တမ်းတလျက်။

သမီးကြီးမိသားစု
ဦးမောင်မောင်-ဒေါ်တင်နွဲ့
မြင်းခြံဆီဆိုင်၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

ဗုဒ္ဓ၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးစိန်ရွှေ (ခရမ်း)
အသက် (၉၄) နှစ်

သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ အမှတ် (၆)၊ ဇာတ်ရုံလမ်းနေ (ဦးဘိုးသိန်း-ဒေါ်ငွေညွန့်)တို့၏သား၊ (ဒေါ်သောင်းညွန့်)၏ခင်ပွန်း၊ ဦးနေဝင်း-ဒေါ်ခင်ခင်ဆွေ၊ ဦးစောဝင်း-ဒေါ်ခင်စန်းဝင်း၊ ဦးသက်ထွန်း-[ဒေါ်သန်းသန်းရွှေ (ခရမ်းရတနာစိန်ရွှေရတနာဆိုင်)]၊ ဦးကြင်မောင်မြင့်-ဒေါ်အေးအေးမူ (ဆုနှင်းရတနာစိန်ဆိုင်)၊ ဦးဖုန်းဇော်-ဒေါ်အေးအေးပြုံး(ခရမ်းဆန်စက်-ဆီဆိုင်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၈ယောက်၊ မြစ် ၁၆ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆-၉-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၇(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဗုဒ္ဓ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်တင်(ချောက်မြို့)
အသက်(၉၂)နှစ်

ချောက်မြို့နေ [ဦးဘစိန် (BOC ငွေစာရင်းအရာရှိအငြိမ်းစား)-ဒေါ်ရီ] တို့၏သမီးကြီး၊ ရေနံတွင်းရိုးတွင်းစား(ဦးသြဘာ-ဒေါ်ငွေယု)တို့၏သမီးချွေးမ၊ ရေနံတွင်းစား(ဦးအောင်ခင်)၏ ချစ်လှစွာသောဇနီး၊ ဦးဇော်မင်းအောင် (နဂါးနီတွင်ခုံလုပ်ငန်း၊ ချောက်မြို့)၊ ဒေါ်မော်မော်(ဆင်မင်းလက်ဖက်စို/ခြောက်ရောင်းဝယ်ရေးလုပ်ငန်း၊ ချောက်မြို့)၊ ဦးအောင်မြင့်(အမှုဆောင်အရာရှိ ပစ္စည်းစီမံ)-ဒေါ်ခင်ဆွေဦး[ဒုတိယအင်ဂျင်နီယာချုပ်(ဆောက်လုပ်ရေး)MOGE လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန]၊ ဦးဌေးဝင်း 3rd Engineer(Liz Star Shipping Co.,Ltd.)၊ ဒေါ်လွင်လွင်ဦး(Director.TSLကုမ္ပဏီ)၊ ဦးကျော်မင်းအောင်(Safty Officer မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ)နှင့် ဒေါ်မိုးကေသီ(စာရင်းကိုင်၊ CNG ဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)တို့၏ ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်တင်တင်(ချောက်မြို့)သည် ၂၃-၉-၂၀၁၇ (စနေနေ့) နံနက်၀၀း၂၃နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂း၃၀ နာရီတွင် မီးသင်္ဂြိုဟ်ဂူသွင်းပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၇(သောကြာနေ့)တွင် နေပြည်တော်၊ ခရေအိမ်ရာ၊ သတ္တိလမ်း၊ တိုက်(၁၁၁)၊ အခန်း(၀၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

၁၉-၉-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာ(ကြော်ငြာ)စာမျက်နှာ(ဃ)ပါ မြောက်ဥက္ကလာပမြို့နယ်၊ ခေမာသီလမ်း၊ အမှတ်(ဃ/၂၈၉)နေ ဦးရွှေဟုတ်(ခ) ဦးမြတ်ဆွေ၊ ဒေါ်နတို့၏သားဖြစ်သော ဓာတ်ပုံဆရာ မောင်မြတ်သူရိန်ထွန်း [၁၂/ဥကမ(နိုင်)၂၂၅၅၉၉]၏ ရှေ့နေမှတစ်ဆင့် ထည့်သွင်းသည့်ကြော်ငြာနှင့် ပတ်သက်၍ အများသိစေရန် ပြန်လည်ဖြေရှင်းခြင်းနှင့် သတိပေးတားမြစ်ခြင်း

ကျွန်ုပ်တို့အမှုသည်ဖြစ်သော လသာမြို့နယ်၊ (၆)ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အမှတ်(၁၅၉)၊ ၅-လွှာနေ အဖ ဦးသံချောင်း၏သမီးဖြစ်သည့် မနန်းသန္တာအောင်(ခ) သရုပ်ဆောင် မော်ဒယ် သွန်းရတီ[၁၂/လသန(နိုင်)၀၂၄၃၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဖြစ်ရပ်မှန်ကို အများသိစေရန်နှင့် သတိပေးတားမြစ်မှု ပြုပါသည်။

၁။ မနန်းသန္တာအောင်(ခ)သရုပ်ဆောင် မော်ဒယ်သွန်းရတီနှင့် အသက်(၃၀)နှစ်ခန့်ရှိပြီး ယခင်အိမ်ထောင်လည်းရှိဖူးသည်ဆိုသော မောင်မြတ်သူရိန်ထွန်းတို့သည် ပဋိညာဉ်ပြုနိုင်သော အရွယ်ရောက်သူ၊ လွတ်လပ်ကြသူများဆိုသော စကားရပ်တွင် မနန်းသန္တာအောင်(ခ) သရုပ်ဆောင် မော်ဒယ် သွန်းရတီသည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ လက်ထပ်ထိမ်းမြားရန် အရွယ်ရောက်သူ လုံးဝမဟုတ်ခဲ့။ ရှေ့နေတစ်ဦးနှင့် ပွဲစားတို့ဖြင့် မောင်သူရိန်ထွန်းက ၁၇-၇-၂၀၁၇ ရက်၌ မိဘတို့၏သဘောတူခွင့်ပြုချက်မပါဘဲ ကျွန်ုပ်တို့၏အမှုသည်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုယူကာ ကွန်ပျူတာဖြင့် ပွားယူပြီး အသက်ကိုပြင်ရေးကာ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုဖြင့် **ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေရီ**၏ရှေ့မှောက်၌ **"ထိမ်းမြားမင်္ဂလာကတိသစ္စာပြုဆိုလွှာ"**ကို ညနေ ၅ နာရီခန့်၌ လက်မှတ်ရေးထိုးခိုင်းခဲ့ခြင်းသာ ဖြစ်ပါသည်။ အဆိုပါ **"ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာ"**တစ်စောင်ကို ကျွန်ုပ်တို့၏ အမှုသည် အား ပေးအပ်ခြင်းမပြုဘဲ မောင်မြတ်သူရိန်ထွန်းက ယူဆောင်သွားခြင်းဖြစ်ပါသည်။

၂။ ထို့နောက် မိဘ၏အုပ်ထိန်းမှုအောက်ရှိ ကျွန်ုပ်တို့၏အမှုသည်အား မိဘများ၏သဘောတူခွင့်ပြုချက်မပါဘဲ အနက်ရောင်ကားအမှတ် -2F/9815(YGN) ဖြင့် ထိုင်း-မြန်မာ နယ်စပ် တာချီလိတ်မြို့အထိ အဆင့်ဆင့်ခေါ်ဆောင်သွားကာ ဗီဒီယိုရိုက်ခြင်း၊ သားမယားအဖြစ် အကြိမ်ကြိမ်ပြုကျင့်မှုများပြုလုပ်ခဲ့ပြီး ကျွန်ုပ်တို့၏အမှုသည်အား ရန်ကုန်မြို့သို့ ပြန်ခေါ်လာ၍ ကျွန်ုပ်၏အမှုသည်မှ မောင်မြတ်သူရိန်ထွန်းလက်မှလွတ်အောင် မရမက လုပ်ဆောင်ပြီး မိဘများအိမ်သို့ ပြန်လာခဲ့ရခြင်းဖြစ်ပါသည်။

၃။ ထိုသို့ ကျွန်ုပ်တို့၏အမှုသည်မှ မိဘများထံ ခွင့်ပန်ပြီး မိဘများနှင့်အတူ နေထိုင်နေသည်ကို ကိုမောင်မြတ်သူရိန်ထွန်းသည် မကျေမနပ်ဖြစ်ကာ တယ်လီဖုန်းဖြင့် ခြိမ်းခြောက်မှုများ၊ နေအိမ်အပေါက်ဝ၌ အသံဖမ်းစက်ဟု ယူဆရသော ကိရိယာကို လာထားခြင်း၊ လမ်းအတွင်း၌ အော်ကြီးဟစ်ကျယ်ဖြင့် အနီးပတ်ဝန်းကျင်နေထိုင်သူတို့ကြားအောင် ပြုမူပြောဆိုခြင်း၊ အင်တာနက်လူမှုကွန်ရက်စာမျက်နှာ Facebook တွင် အမျိုးမျိုးဖော်ပြပြီး မိသားစုတစ်ခုလုံး ဂုဏ်သိက္ခာကျဆင်းပြီး အရှက်တကွဲ အကျိုးနည်းဖြစ်စေရန် ခြိမ်းခြောက်စော်ကား ရေးသားမှုအမျိုးမျိုး ပြုလုပ်နှောင့်ယှက်ပါသည်။

၄။ ထို့ပြင် ၁၇-၈-၂၀၁၇ရက်စွဲဖြင့် ဂုဏ်သိက္ခာနှင့် ပညာပြည့်ဝကာ အမှန်တရားလိုလားသော တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုးထွန်းဖြင့် Notice ပေးပြီး ကျွန်ုပ်တို့၏အမှုသည်သာမက မိခင်ဖြစ်သူကိုပါ တရားစွဲဆိုမည်ကဲ့သို့ အကြောင်းကြားလာ၍ တရားလွှတ်တော်ရှေ့နေ ရောဘတ်စန်းအောင်မှတစ်ဆင့် ၂၃-၈-၂၀၁၇ ရက်၌ အကြောင်းပြန်ကြားကာ **"ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာ"၏ ဓာတ်ပုံမိတ္တူ တစ်စောင်ကို (၁၀)ရက်အတွင်း ပေးပို့ရန်နှင့် ပေးပို့ခြင်းမရှိပါက အကြောင်းကြားစာကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်သည်**ဟု အသိပေးအကြောင်း ပြန်တောင်းဆိုချက်ကို မောင်မြတ်သူရိန်ထွန်းဘက်မှ ဆောင်ရွက်မပေးဘဲ တရားလွှတ်တော်ရှေ့နေဦးအောင်စိုးထွန်းမှတစ်ဆင့် ၃၁-၈-၂၀၁၇ ရက်စွဲဖြင့် အကြောင်းပြန်ကြားခဲ့ပါသည်။ ၅-၈-၂၀၁၇ ရက်တွင် ကျွန်ုပ်၏အမှုသည်နှင့် မိခင်တို့ လားရှိုးမြို့၊ အမှတ်(၆)ရပ်ကွက်သို့ ခေတ္တခဏသွားရောက်စဉ် မောင်မြတ်သူရိန်ထွန်းသည် ကိုယ်တိုင်အနက်ရောင်ကားအမှတ်-2F/9815(YGN)ဖြင့် လိုက်လံနှောင့်ယှက် ခြိမ်းခြောက်မှုများပြုလာသဖြင့် ကျွန်ုပ်၏အမှုသည်၏မိခင်က မလွှဲမရှောင်သာတော့ဘဲ သက်ဆိုင်ရာများသို့ စာဖြင့် တိုင်ကြားခဲ့ရပါသည်။

၅။ ယခုအခါ ကျွန်ုပ်၏ အမှုသည်နှင့်တကွ မိခင်တို့က မောင်မြတ်သူရိန်ထွန်း၏ အကြိမ်ကြိမ် စော်ကားနှောင့်ယှက် ခြိမ်းခြောက်မှုများကို သည်းမခံနိုင်တော့သဖြင့်----

(က) မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်လက်ထပ်ခွင့်မရှိဘဲ ကျွန်ုပ်အမှုသည်အား နိုင်ငံသားစိစစ်ရေးကတ်ပြားအတုကို ရှေ့နေတစ်ဦး၊ အမှုပွဲစားတစ်ဦး နှစ်ဦးဖြင့် "ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာ"ကို ပြုလုပ်မှုအတွက် ၁၉၈၂ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ-၂၁အရ တရားစွဲဆိုအရေးယူပေးရန်ကိုလည်းကောင်း။

(ခ) အင်တာနက် လူမှုကွန်ရက်စာမျက်နှာ Facebook တွင် စိတ်အနှောင့်အယှက်ဖြစ်စေပြီး စော်ကားသော အရေးအသား၊ ခြိမ်းခြောက်မှုဖြင့် ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)အရ အရေးယူပေးရန်၊

(ဂ) နေအိမ်အဝင်အထွက် အပေါက်ဝတွင် အသံဖမ်းစက်ဟု ယူဆရသော ကိရိယာလာထားမှုအတွက် ၂၀၁၇ခုနှစ် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေပုဒ်မ-၁၀ အရလည်းကောင်း၊

(ဃ) ကျွန်ုပ်၏အမှုသည် နေထိုင်ရာလမ်းအတွင်း ကိုယ်ပိုင်ကားဖြင့် မသင်္ကာစရာလူများခေါ်လာပြီး အနှောင့်အယှက်ပေးစော်ကားမှု

(င) တရားဝင်လင်မယားအရာမြောက်ပါသည်ဟု ယုံကြည်အောင် **"ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာ"**ပြုလုပ်ပြီး ကာမစပ်ယှက်မှုအတွက် ရာဇသတ်ကြီး ဥပဒေအရ တရားစွဲဆိုအရေးယူပေးရန် သက်ဆိုင်ရာများသို့ တင်ပြထားပြီးဖြစ်ပါသည်။

၆။ ကျွန်ုပ်တို့၏အမှုသည်မှာ မောင်မြတ်သူရိန်ထွန်း၏ တရားဝင်အကြင်လင်မယားအဖြစ် မည်သည့်အချိန်ကမျှ ကျရောက်ခြင်းမရှိပါလျက် ၁၉-၉-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာ၌ မမှန်မကန်ဖော်ပြမှုကို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ဝန်ချတောင်းပန်လျက် ပြန်လည်ရုပ်သိမ်းပေးခြင်းမရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ထပ်မံ၍ အင်တာနက်လူမှုကွန်ရက် စာမျက်နှာအရပ်ရပ်၌ ကျွန်ုပ်တို့၏အမှုသည်နှင့်တကွ မိသားစုအား ထပ်မံစော်ကားနှောင့်ယှက်၊ ခြိမ်းခြောက်ခြင်း၊ ဥပဒေနှင့်မညီသော အခြားနည်းလမ်းတစ်စုံတစ်ရာဖြင့် နှောင့်ယှက်စော်ကားခြင်းတို့ကို မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။

မနန်းသန္တာအောင်(ခ)သရုပ်ဆောင်မော်ဒယ်သွန်းရတီ၏လွှဲအပ်ညွှန်ကြားချက်အရ

HYGIENIC LEGAL CLINIC

ရောဘတ်စန်းအောင်	**ဒေါ်အေးအေးသက်(ပုသိမ်)**	**ဒေါ်အေးအေးဝင်း(ပုသိမ်)**
(စဉ်-၂၄၆၉)	**(စဉ်-၈၂၂၀)**	**(စဉ်-၈၈၃၄)**
ဒေါ်မေနှင်းဦး(ထီလာ)	**ဦးမျိုးမင်းဇော်(မန္တလေး)**	**ဒေါ်သန်းသန်းစိုး(မန္တလေး)**
(စဉ်-၁၀၇၆၁)	**(စဉ်-၁၂၉၄၄)**	**(စဉ်-၁၃၂၆၅)**

တရားလွှတ်တော်ရှေ့နေများ

ဦးကြည်သာဖုန်းမြင့်(သံတွဲ)	**ဒေါ်မြတ်ဆု(ဘိုကလေး)**	**ဒေါ်သဲနုဝေ(ဘိုကလေး)**	**ဒေါ်အေးအေးမျိုး(ကြံခင်း)**
(စဉ်-၄၃၄၃၄)	**(စဉ်-၄၆၈၉၅)**	**(စဉ်-၄၆၉၃၈)**	**(စဉ်-၄၀၉၀၇)**
ဒေါ်မွန်မွန်ချို(ဘိုကလေး)	**ဦးကျော်လတ်စိုး**	**ဦးရန်နိုင်လင်း**	**ဦးစိုးပြည့်လင်း**
(စဉ်-၄၆၉၀၃)	**(စဉ်-၄၀၅၀၈)**	**(စဉ်-၄၈၅၅၆)**	**(စဉ်-၃၀၈၈၁)**

အထက်တန်းရှေ့နေများ

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ ကောင်စီဝင် ဒေါ်ခင်ဆွေဦး၏ မိခင်ဖြစ်သူ ဗုဒ္ဓ၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်တင်တင်(ချောက်မြို့) အသက်(၉၂) နှစ်သည် ၂၃-၉-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး

ဝမ်းနည်းကြေကွဲခြင်း

ဗုဒ္ဓ၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်သန်းသန်းကြည်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ ရဲမှူးချုပ်ဇော်မိုးသန်း (ရဲလေ့ကျင့်ရေးအရာရှိချုပ်) - ဒေါ်သက်သက်နိုင်တို့၏ မိခင် ဒေါ်သန်းသန်းကြည်သည် ၁၈-၉-၂၀၁၇ ရက် ည (၇ း၂၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျင်ဦး
ဥက္ကဋ္ဌ
ပေါ်ပြူလာပလပ်စတစ်လုပ်ငန်းစု

ရဟန်းဒါယိကာမကြီး

ဒေါ်ကြည်ငွေး (၆၇)နှစ်

ရေဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ ဦးတင်မောင် - ဒေါ်ပန်းရင်တို့၏ သမီးကြီး၊ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လိုင်လင်းတယ်ရွာနေ (ဦးလာငယ်-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဦးအောင်ဗန်း-ဒေါ်သန်းစိန်၊ (ဦးသန်းစိန်)-ဒေါ်တင်သန်း၊ ဦးဖိုးတုတ်-ဒေါ်အေးမြင့်တို့၏ အစ်မကြီး၊ ဦးသန်းမြင့်-ဒေါ်ဝင်းဝင်းမော်၊ ဦးမောင်မြင့်-ဒေါ်အေးအေးမော်၊ မသန်းသန်းမော်၊ ကိုအောင်နိုင်-မသီတာမော်၊ ကိုအောင်ဇော်မင်း-မအေးသူဇာတို့၏မွေးသမိခင်၊ ဝိုင်းဝိုင်း၊ ပြည့်ပြည့်၊ ဖိုးသား၊ ဂျူးဂျူး၊ ဖိုးသောကြာတို့၏ အဘွား၊ အမှတ်(၅၂)၊ ခိုင်သဇင်လမ်း၊ ပုလဲ (၃)ရပ်ကွက်နေ [ဦးစန်းဦး (တပ်ကြပ်ကြီး-ငြိမ်း၊ ရကတ)]၏ချစ်လှစွာသောဇနီးသည် ၂၆-၉-၂၀၁၇(အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက်တွင် (ဦးစန်းဦး-ဒေါ်ကြည်ငွေး)တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဗုဒ္ဓ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှတင်(ခ)ဦးအုံးလှိုင်
(အိုင်ကလောင်)
ငွေစာရင်းမင်းကြီးရုံး(ငြိမ်း)
အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ အမှတ် (၉)၊ မိုးမခလမ်းနေ (ဦးအောင်ကြွယ်-ဒေါ်ဒိုစီ)တို့၏သား၊ (ဦးမောင်မောင်လေး-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ဒေါ်ခင်စန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသက်နိုင်ဦး(C/E Marinar Shipping Co.,Ltd.)-ဒေါ်ယဉ်ယဉ်လဲ့(J.A.T-ငြိမ်း)၊ ဦးချစ်သိန်း-ဒေါ်ချိုချိုဦး(ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး)၊ ဦးဘုန်းနိုင်-ဒေါ်နီနီဝင်း၊ ဦးဇော်မျိုးထိုက်-ဒေါ်ခင်ခင်လေးတို့၏မွေးသဖခင်၊ မြေး ၁၂ ယောက်တို့၏ အဘိုးသည် ၂၆-၉-၂၀၁၇ (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြင်ဆင်ဖတ်ရှုပါရန်

၈-၉-၂၀၁၇ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၈)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ အမှတ်စဉ် (၁၇)တွင် စမ်းချောင်းမြို့နယ်အစား လမ်းမတော်မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တိုက်ခန်းအမြန်ရောင်းမည်

ပုဇွန်တောင်မြို့နယ်၊ ၅၃ လမ်း၊ ၅-လွှာ(ယာ)၊ ပေ (၁၂-×၆၀) တိုက်ခန်းအား အမြန်ရောင်းမည်။ သိန်း (၅၂၀)

ဖုန်း-၀၉-၂၅၀၀၀၀၉၇၁

မောင်ဝင်းကျော်[၁၂/ပဇတ(နိုင်)၀၃၄၁၁၇]ကို အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေမြောက်ရပ်ကွက်၊ မြေနုလမ်း၊ အမှတ်(၃၃)၊ (၇)လွှာ(အေ)နေ ဦးဝင်းသိန်း(ခ)ဦးသိန်းဝင်း[၁၂/ကမရ(နိုင်)၀၄၂၄၄၇]၊ ဒေါ်သန်းဝင်း(ခ)စွန်မော်သန်း [၁၂/ဗတထ(နိုင်)၀၂၃၈၆၁]တို့၏ သားဖြစ်သူ မောင်ဝင်းကျော်သည် ကျန်းမာရေးမကောင်းသဖြင့် အိပ်ရာထဲလဲနေသော ဖခင်ဖြစ်သူနှင့် မိခင်တို့အား ဆဲဆိုကြိမ်းမောင်း ခြိမ်းခြောက်ခြင်း၊ မိဘများ၏ဆိုဆုံးမမှုကို မနာခံခြင်း၊ မိဘနှစ်ပါးကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အမြဲဆောင်ရွက်နေခြင်း၊ ဆွေမျိုးသားချင်းများကိုလည်း မဖွယ်မရာပြောဆိုဆက်ဆံပြီး ၂-၉-၂၀၁၇ ရက်တွင် နေအိမ်မှဆင်းသွားခဲ့ပါသည်။

ထို့ကြောင့် မိဘနှစ်ပါးနှင့် ဆွေမျိုးများကို ရန်သူသဖွယ် ပြုကျင့်ဆက်ဆံခဲ့သော သားဖြစ်သူ မောင်ဝင်းကျော်ကို အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း၊ (သွာနုတ္တသား)ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မောင်ဝင်းကျော်နှင့်ပတ်သက်၍ လူမှုရေးကိစ္စ၊ ငွေကြေးကိစ္စ၊ စီးပွားရေးကိစ္စများနှင့်ပတ်သက်၍ တာဝန်ယူရှင်းလင်းပေးမည်မဟုတ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရုံး-အမှတ်(၅၀)စီ/၃၊ (ပ)ထပ်၊ ဘဏ်လမ်း၊	**ဦးလှမင်း(ပေါင်းတည်)**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	**LL.B (ADVOCATE)**
ဖုန်း-၀၉-၅၀၃၃၁၇၂	**တရားလွှတ်တော်ရှေ့နေ**
	(စဉ်-၅၅၅၅/၉၁)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆ ဒီ-၁၄၊ ၁၅၊ ၁၆)၊ မြေကွက်အမှတ်(၅၄)၊ ဧရိယာ(၀. ၀၇၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၇၆)၊ မဟာသုခိတာ(၂)လမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးခင်ကြည်[၁၂/စခန(နိုင်)၀၄၃၈၇၉]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်း အဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသက်ထွန်း	**ဒေါ်ကြည်ကြည်ငွေး**
B.A,(Law),LL.B	**B.A,(Law),LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၅၇)	**တရားလွှတ်တော်ရှေ့နေ**
နှင့် နိုကြီးပဗ္ဗလစ်	**(စဉ်-၂၃၆၇)**

အမှတ်(၆စီ-၂)၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄၊
E-mail:thettun.law@gmail.com

ကြော်ငြာ

အထူးကျေးဇူးတင်လွှာ
ဒေါ်ငွေးငွေးကြည် (မိတ္ထီလာ)
အသက် (၈၁)နှစ်
ပြည်ထောင်စုဆိုင်ရာ အဆုတ်ရောဂါဌာန (UTI-ငြိမ်း)

၂၀-၉-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ငွေးငွေးကြည်၏ နာရေးကိစ္စကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော သန်လျင်မြို့ရှိ နာရေးကူညီမှုအသင်း၊ အုတ်ဖိုစုရပ်ကွက် နာရေးကူညီမှုအသင်း၊ ပြည်ထောင်စုဆိုင်ရာ အဆုတ်ရောဂါဌာန(UTI)မှ ဝန်ထမ်းများ၊ သက်န်း၊ ရေသန့်နှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို ပေးပို့လှူဒါန်းကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်ဆွေများနှင့် ဝိုင်းဝန်းကူညီပံ့ပိုးကြသူအားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ရဲမှူးကြီး ဝင်းကြည်(ငြိမ်း)
စစ်တက္ကသိုလ်အမှတ်စဉ်(၁၀)
အသက် (၇၁)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးအောင်ကို-ဒေါ်ပန်းမြတ်ခိုင် တို့၏ ဖခင် ရဲမှူးကြီး ဝင်းကြည်(ငြိမ်း)သည် ၂-၉-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်လှ
အသက် (၇၁)နှစ်

သူငယ်ချင်း ဗိုလ်မှူးရန်နောင်စိုး-ဗိုလ်ကြီးစောစန္ဒာတို့၏ မိခင် ဒေါ်ခင်လှ သည် ၂၀-၉-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်မြင့်
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၁၁)လမ်း၊ တိုက်(၉)၊ အခန်း(၁၀၃)နေ မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်မ် လူငယ်များ (ဘာသာရေး)အဖွဲ့ မ-မ-လဌာနချုပ် ဒု-ဥက္ကဋ္ဌ ဦးကျော်မြင့် အသက်(၆၄)နှစ်သည် ၁၀-၉-၂၀၁၇ ရက် (တနင်္ဂနွေနေ့)တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မ-မ-လ ဌာနချုပ်

ဆေးလိပ်၊ ကွမ်းယာအန္တရာယ်
သတိပေးနှိုးဆော်ချက်

ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် ဆေးပါသော ကွမ်းစားခြင်းတို့ကြောင့် -

- ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါ အမျိုးမျိုး၊
- နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊
- အဆုတ်ပွရောဂါ၊ ပြင်းထန်သည့်သွေးတိုးရောဂါ၊
- ခြေပုပ်လက်ပုပ်ရောဂါ၊
- ပန်းသေပန်းညှိုးရောဂါစသည်တို့ ဖြစ်ပွားနိုင်ပါသည်။

ကိုယ်ဝန်ဆောင်မိခင်များတွင်-

- ကိုယ်ဝန်ပျက်ခြင်း၊
- ကလေးအသေမွေးခြင်း၊ လမစေ့ ပေါင်မပြည့်သော ကလေးမွေးဖွားခြင်း၊
- မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းသည့် ကလေးမွေးဖွားခြင်း၊
- မွေးစကလေး ရုတ်တရက်သေဆုံးခြင်းများဖြစ်ပွားနိုင်ပါသည်။

ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းသည် ကျန်းမာရေးကိုထိခိုက်စေရုံသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေနိုင်သဖြင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို အစမပြုမိစေရန်နှင့် သုံးစွဲနေပါကလည်း ဖြတ်နိုင်ရန် ကြိုးစားပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ရဟန်း ဒါယိကာမကြီး
ဒေါ်ခင်အေးအေးစိန်
အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မေခလမ်း၊ အမှတ်(၁၆-G)နေ (ဦးမောင်စိန်-ဒေါ်အမာခင်)တို့၏သမီးကြီး၊ (ဦးမြရွှေ)၏ ချစ်လှစွာသောဇနီး၊ (ဗိုလ်ကြီးလန်းမောင်)-ဒေါ်မြသီတာစိန်၊ ကိုသန့်ဇင်ဦး-မအေးသီတာစိန်၊ မမြသူဇာတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ တူ/တူမ ရှစ်ယောက်တို့၏ကြီးကြီး၊ မောင်ဈာန်ရဲရင့်ထူး၏ ဘွားဘွားသည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသောင်းအောင်
အသက် (၄၇)နှစ်
(တောင်လုံးပြန်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၆)နေ (ဦးတင်အောင်-ဒေါ်သောင်းကြည်)တို့၏သား၊ ဒေါ်သီသီအောင်၊ ဦးမျိုးညွန့် (Model Pharma Co., Ltd.)-ဒေါ်ဒေါ်လေး၊ ဦးသန်းဆွေ-ဒေါ်ရီရီခိုင်တို့၏မောင်၊ မောင်ပြည့်ဖြိုးပိုင် (ကမ္ဘာ့ရတနာဘဏ်)၊ မောင်မင်းခန့်ပိုင်တို့၏ ဦးလေးသည် ၂၆-၉-၂၀၁၇ (အင်္ဂါနေ့) ည ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမင်းဆွေ
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အလယ်ဘလောက်၊ အမှတ်(၁၅၁)နေ (ဦးလှဝင်း-ဒေါ်ခင်အေး)တို့၏ သား၊ ဒေါ်သန်းသန်းစိုး ၏ ခင်ပွန်း၊ ဦးဝင်းဆွေ၏ ညီ၊ ဒေါ်အေးဝင်း၊ ဒေါ်ချယ်ရီတို့၏အစ်ကို၊ ဦးအောင်မျိုးထွန်း-မနီလာဆွေတို့၏ဖခင်၊ မောင်မင်းသွေး၊ မောင်အောင်ဖုန်းမြတ်တို့၏ အဘိုးသည် ၂၄-၉-၂၀၁၇ရက် မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၇ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၇ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမင်းသန့်ဇင်
အသက်(၄၃)နှစ်
အင်ဂျင်နီယာဌာန (ရေ/သန့်)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ စက်မှုဇုန်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၆၈)နေ (ဦးဘိုလှ-ဒေါ်မြင့်ကြည်)တို့၏ သား၊ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နေ (ဦးမှတ်တင်)-ဒေါ်အမာတင်တို့၏ သားသမက်၊ မောင်ဘုန်းပြည့်စုံ Pre-KG (STLC)၏ မွေးသဖခင်ကျေးဇူးရှင် ဒေါ်ကေသီမြင့် (Mascots Pharmaceuticals & Healthcare)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက်တွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ စက်မှုဇုန်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၆၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄B)၊ မြေကွက်အမှတ်(၁၇၆)၊ မြေကွက်တည်နေရာအမှတ်(၄)၊ ၅-လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးမြင့်ဆွေး(၁၂/မဂတ(နိုင်)၀၅၁၀၄၈)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးမြင့်ဆွေး(၁၂/မဂတ(နိုင်)၀၅၁၀၄၈)မှဂရန်ပျောက်ဆုံးကြောင်းသက်ဆိုင်ရာရပ်ကွက်ရဲစခန်းထောက်ခံစာနှင့်မြေငှားဂရန်ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်းနှင့်အဆိုပါမြေအားရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊လှူဒါန်းထားခြင်းမရှိပါကြောင်းဦးမြင့်ဆွေးကိုယ်တိုင်ကျမ်းကျိန်ထားသည့်ပုဇွန်တောင်မြို့တရားရုံးကျမ်းကျိန်လွှာအမှတ် ၁၅၈၁/၁၇(၃-၃-၁၇)နှင့်ဂရန်ပျောက်ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ဂရန်မိတ္တူမှန်လျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာရာမြေပြင်တွင် ၂၃/၁၇ ×၅၀=၁၂၅၀စတုရန်းပေသာရှိပြီးမြေပြင်အတိုင်းအတာအတိုင်းလက်ခံရယူမည်ဖြစ်ကြောင်းဝန်ခံကတိတင်ပြလာသဖြင့်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

၁။ သာကေတမြို့နယ်၊ (၁/အနော်မာ)ရပ်ကွက်၊ အနော်မာ(၁၁)လမ်း၊ အမှတ်(၄၇၄/က)တွင် ၁ခန်းတည်း (၅½)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဒေါ်အုန်းကြည်(GP)ဦးမြဝင်း၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်အေးသဥ္ဇာအောင် (LC-960)၊ လိုင်စင်ရ အင်ဂျင်နီယာ ဦးချစ်တိုး (LS-1646)တို့ဖြင့် ဤဌာနမှ (၅-၈-၂၀၁၅)ရက်စွဲပါ စာအမှတ်၊ ၁၈၃၀/၁၈၂၆/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၁ခန်းတည်း (၅½)ထပ်တိုက်အဆောက်အဦ ဆောက်လုပ်ခွင့်အား မူလကြီးကြပ်လိုင်စင်ရကန်ထရိုက်တာ ဒေါ်အေးသဥ္ဇာအောင် (LC-960) အစား လိုင်စင်ရကန်ထရိုက်တာ ဦးစိုးမျိုးထွန်း(ခ)သာထက် (LC-761)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့်လိုင်စင်ရကန်ထရိုက်တာ (၂)ဦးတို့မှ ဌာနသို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

၁။ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၄/၀[illegible]/F)တွင် ၂ခန်းတွဲ (၃)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဒေါ်အိဖြူဝင်း (GP) ဒေါ်စုစုလှိုင်၊ လိုင်စင်ရကန်ထရိုက်တာ ဦးကျော်စွာထွန်း(LC-626)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးကျော်စွာထွန်း (LS-707) တို့အား ဤဌာန၏ (၂၅-၈-၂၀၁၅) ရက်စွဲပါ စာအမှတ်၊၂၁၂၄/၂၁၂၁/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ် ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၂ခန်းတွဲ (၃)ထပ်တိုက်အဆောက်အဦ ဆောက်လုပ်ခွင့်အား ဆောက်လုပ်ရန် ဆန္ဒမရှိတော့သဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရ ကန်ထရိုက်တာနှင့် လိုင်စင်ရ အင်ဂျင်နီယာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ

အနိစ္စ

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခင်ဝင်းကြည်
အသက် (၈၄)နှစ်

ပြည်မြို့၊ ကျောင်းကြီးရပ်နေ (ဦးဘခင်-ဒေါ်တင်တင်)တို့၏ သမီးထွေး၊ ပြည်မြို့၊ အမှတ် (၆၆/က)၊ ယက္ကန်းလမ်းနေ ဦးခင်မောင်သိန်း (ခရိုင်မန်နေဂျာ၊မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း၊ မြန်မာမွတ်စလင် အမျိုးသားရေးအဖွဲ့ချုပ်၊ တိုင်းခွဲဥက္ကဋ္ဌ၊ တော်ဝင်ရတနာလူမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ)၏ ချစ်လှစွာသောဇနီး၊ ပြည်မြို့နေ ဒေါ်ခင်မမတင်၊ (ဒေါ်ခင်မြတ်မြတ်လွင်)၊ ဒေါ်ခင်မိုးမိုးသိန်း (မ-မြတ်-မိုး အထည်ဆိုင်)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်ဝင်းကြည်(ခ) FATIMA BIသည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် အေးငြိမ်းရာ မွတ်စလင်သုသာန်၌ ဒါဖွာနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးမျိုးဟန်
အသက် (၇၃)နှစ်
အထက(၃)၊ ဖျာပုံမြို့၊ အထကကျောင်းဆရာ(ငြိမ်း)

မြောက်ဒဂုံမြို့နယ်၊ အမှတ် (၁)၊ ပင်လုံလမ်း၊ (၃၂)ရပ်ကွက်နေ ဦးမျိုးသူလှိုင်၊ ဒေါ်ပြည့်ဖြိုးဟန်တို့၏ဖခင် ဦးမျိုးဟန်သည် ၂၇-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၁၀-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်ဆန်း
(တရားလွှတ်တော်ရှေ့နေ)
လယ်/သစ် စီမံစာရင်း(ငြိမ်း)
အသက် (၇၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ် (၂၂)၊ ထူပါရုံ (၁၉)လမ်း၊ (၂/မြောက်)ရပ်ကွက်နေ (ဦးလှမောင်-ဒေါ်ဟန်တင်)တို့၏ သား၊ ဒေါ်ကြည်မြ (အငြိမ်းစားကျောင်းအုပ်)၏ ခင်ပွန်း၊ ဦးမြင့်ဇော် - ဒေါ်နွယ်နီအောင်၊ ဦးပြည့်စုံ-ဒေါ်စန္ဒာဝင်း၊ ဦးဇော်မင်းဦး-ဒေါ်ဆွေဆွေအောင်၊ ဦးဥက္ကာခိုင်ဝေ-ဒေါ်လွင်လွင်အောင် တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၆-၉-၂၀၁၇ (အင်္ဂါနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၇(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆အေ၊ မြေကွက်အမှတ် V ၁၂၂၊ မြေကွက်တည်နေရာအမှတ် (ဂ၉)၊ ဥယျာဉ်လမ်း၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ [illegible]

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ကြီး (စစ်တွေမြို့)
အသက် (၉၄)နှစ်

လှိုင်သာယာမြို့နယ်၊ (D-49)၊ အေးသာယာလမ်း၊ F.M.I City နေ ဒေါ်မြင့်မြင့်-ဦးရဲလွင်(MECH 72)၊ ဦးထွန်းစိန်သာ-ဒေါ်စန်းစန်းရီ၊ ဒေါက်တာတင်အေး-ဒေါ်လှလှဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်မြတ်သူအေး၊ (ဒေါ်သန္တာညို)-ဦးဝင်းဇော်ထွန်း၊ ဒေါ်ခိုင်သန့်စင်၊ ဒေါ်နွယ်စုလှိုင်-ဦးမျိုးခန့်၊ ဦးဇော်မျိုးသန့်-ဒေါ်အေးမြသန္တာ၊ ဦးမျိုးကိုကိုတင်-ဒေါ်ကေခိုင်မိုး၊ ဦးကျော်ကိုကိုတင်တို့၏ အဘောင်ရှင်၊ မဟေသာနန္ဒာဦး၊ မမိုးမြင့်သော်တာ၊ မဂျက်စီကာ၊ မောင်အောင်ဘုန်းမြတ်တို့၏ ဖီးဖီးသည် ၂၆-၉-၂၀၁၇ ရက် ည ၈ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး
ဦးမောင်သန်း
အသက် (၈၅)နှစ်
ရွှေဇရက်ဖိနပ်လုပ်ငန်း
ကျောက်မြောင်းခြင်းလုံးအားကစားရုံ ကန်တော့ခံ

ရန်ကုန်မြို့နေ (ဦးစံတင်-ဒေါ်ငွေစိန်)တို့၏ သား၊ (ဦးမှတ်-ဒေါ်ကြည်)တို့၏ သားသမက်၊ (ဒေါ်သိန်းတင်)၏ ခင်ပွန်း၊ ဦးငွေဝင်း-ဒေါ်နီနီဝင်း၊ ဦးအောင်ကျော်ဦး(အလုပ်ရုံစုမှူး-၁၊အင်းစိန်စက်ခေါင်းစက်ရုံ)-ဒေါ်မြင့်မြင့်ကြည်၊ ဦးသန့်ဇင် (WAKHEMA TRADING Co.,Ltd.)-ဒေါ်စမ်းစမ်းကြည်၊ (ဦးဝင်းမြင့်)-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးခင်မောင်လင်း-ဒေါ်အေးအေးမြင့် (သန်လျင်မြို့မဈေး)၊ ဦးထိန်လင်း-ဒေါ်ခင်မျိုးမြင့်၊ ဦးစိုးနိုင်-ဒေါ်အိအိဆွေ (ကျောက်မြောင်းဈေး)၊ ဦးအောင်မြင့်ဝင်း-ဒေါ်အိအိပြုံးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၉ ယောက်တို့၏ အဘိုး၊ မြစ်ရှစ်ယောက်တို့၏ ဘိုးဘိုးကြီး ဦးမောင်သန်းသည် ၂၆-၉-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၂း၁၅နာရီတွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်အိမ်ရာ၊ C-ဘလောက်၊ (၁၄)လမ်း၊ တိုက်(၃၂)၊ အခန်း(၂၀၃)၊ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိုးမြင့်(ခ)ဦးမောင်မောင်တင်(လေးမျက်နှာ)
အသက်(၇၂)နှစ်
ရှုပဝတီအလှပြင်ဆိုင်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၂)နေ (ဦးစံမြင့်-ဒေါ်သန်းကြည်)တို့၏ သား၊ (ဦးရန်တင့်-ဒေါ်မြရီ)တို့၏ သားသမက်၊ ဦးမောင်မောင်လွင်-(ဒေါ်ခင်တင့်)တို့၏ ညီ၊ ဦးမျိုးကျော်စိုး (YACL Company Ltd.)-ဒေါ်သန့်သဇင်ဦး(ခ)ကေကေ (Max. Myanmar Hotel Co.,Ltd.)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်တင်ယဉ် (ရှုပဝတီအလှပြင်ဆိုင်)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၆-၉-၂၀၁၇(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၇(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၇ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-လေးဒေါင့်ကန်၊ မြေကွက်အမှတ်-၈၁၈၊ မြေကွက် တည်နေရာ-အမှတ်(၃၇၆)၊ ရန်ကင်းလမ်း၊ လေးဒေါင့်ကန် ရပ်ကွက်၊ သင်္ဃန်းကျွန်း (ဦးသန်း / RGN ၀၀၁၂၀၁) အမည်ပေါက် (ပါမစ်)မြေအား အမည်ပေါက် ဦးသန်းထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်သိန်း (၁၂/သဃက(နိုင်)၀၉၁၃၉၃)၊ ဦးလှအေး (၁၂/သဃက(နိုင်) ၀၉၄၄၁၃)၊ ဦးဟုတ်ကြည် (၁၂/သဃက(နိုင်) ၁၅၆၁၄၄)၊ ဒေါ်ကြည်ကြည်ပြုံး (၁၂/သဃက(နိုင်)၀၉၁၄၅၆)၊ ဒေါ်မြင့်မြင့်ဝင်း (၁၂/သဃက(နိုင်)၀၉၅၂၃၂)၊ ဦးတင်ငွေး (၅/ဒပယ(နိုင်) ၀၀၃၆၄၉)၊ ဒေါ်ခင်ခင်ဝင်း (၁၂/သဃက(နိုင်) ၀၉၃၀၂၀) တို့က ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားမှုအပေါ် လုပ်ထုံးလုပ်နည်းအရ အဆင့်ဆင့် စိစစ်ဆောင်ရွက်ပြီး ဂရန်ထုတ်ရန် အဆင့်တွင် ဒေါ်ခင်သိန်းနှင့် ခင်ပွန်း ဦးသန်းရွှေတို့ ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းဝင်း (၁၂/သဃက(နိုင်)၀၉၂၈၅၃)၊ ဒေါ်အေးအေးစန်း (၁၂/သဃက(နိုင်) ၀၇၁၇၃၉)၊ ဦးကိုကိုမောင် (၁၂/သဃက (နိုင်)၀၆၅၀၇၂)၊ ဦးဇော်ဇော်အောင် (၁၂/သဃက(နိုင်)၀၀၀၈၅၄) တို့က သားသမီးတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းများ တင်ပြ၍ ဦးလှအေး+၅ တို့နှင့် ပူးတွဲကာ ဂရန်သစ် လျှောက်ထားခြင်းအား ကွင်းဆင်း စစ်ဆေးရာ၌ ဧရိယာ (၂၅'×၅၀') တွင် တစ်ထပ်ပျဉ်ထောင် (၃)လုံးနှင့် နှစ်ထပ်ပျဉ်ထောင် (၁)လုံးတွင် လျှောက်ထားသူ (၃)ဦး နေထိုင်ကြောင်း တွေ့ရှိရပြီး တင်ပြ ပါမစ်မှာခေါက်ပုံ၊ မြေရာဇဝင်အကျဉ်းချုပ်၊ အိမ်ယာဆောက်လုပ် နေထိုင်ခွင့်သာ ပါရှိ၍ မှီခိုသူများစာရင်း ပါဝင်မှု မရှိဘဲ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၀တောင်၊မြေကွက်အမှတ်-၈၄၁/ခ၊ မြေကွက်တည်နေရာအမှတ်-၈၄၁/ခ၊မဟာရုံလမ်း၊၁၀တောင်ရပ်ကွက်၊သာကေတမြို့နယ်၊ ၁။ဦးတင်ထွန်း(၁၂/သကတ(နိုင်)၀၆၅၆၉၀)၊၂။ဒေါ်ညိုတင်(၁၂/သကတ(နိုင်)၀၆၄၆၀၂) အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဖခင်ဖြစ်သူဦးတင်ထွန်းသည်(၂၈-၈-၂၀၁၁)ရက်နေ့တွင်လည်းကောင်း၊မိခင်ဖြစ်သူဒေါ်ညိုတင်သည်(၇-၅-၂၀၁၄)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်ကြသဖြင့် ၁။ဦးကျော်မြင့်ဦး(၁၂/သကတ(နိုင်)၁၅၇၆၄၃)၊၂။ဦးတင်မောင်စိုး(၁၂/သကတ(နိုင်)၀၆၆၂၅၇)၃။ဒေါ်စန္ဒာမြင့်(၁၂/သကတ(နိုင်)၀၆၄၆၀၃)တို့မှသားသမီးများတော်စပ်ကြောင်း၊၎င်းတို့မောင်နှမ(၃)ဦးတည်းကိုသာမွေးဖွားကြောင်း၊အခြားသောသားသမီး၊မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်းနှင့်အမွေစားအမွေခံကိစ္စမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိကြောင်းပုဇွန်တောင်မြို့နယ်တရားရုံး၏(၂၇-၁၂-၂၀၁၆)ရက်စွဲပါကျမ်းကျိန်အမှတ်စဉ်(၄၅၄၁/၂၀၁၆)ထပ်ဆင့်ကျမ်းကျိန်လွှာ၊သေစာရင်း၊ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာကွင်းဆင်းစစ်ဆေးရာတွင် (၂)ထပ်အုတ်ညှပ်အဆောက်အဦးတစ်လုံးရှိပြီးလျှောက်ထားသူများထဲမှဒေါ်စန္ဒာမြင့် နေထိုင်သဖြင့်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှ စ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မောင်တောမြို့နယ်အတွင်းရှိ ပျောက်ဆုံးနေသည့် ဟိန္ဒူဘာသာဝင်များအား ဆက်လက်ရှာဖွေလျက်ရှိ

နေပြည်တော်   စက်တင်ဘာ   ၂၇

ဩဂုတ် ၂၆ ရက်တွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် မောင်တောမြို့ရှိ ဆောက်လုပ်ဆဲ ခရိုင်တရားရုံး၌ ဟိန္ဒူဘာသာဝင် ခြောက်ဦး၊ နေအိမ်အတွင်းရှိ ဟိန္ဒူဘာသာဝင် ကလေးငယ် တစ်ဦး စုစုပေါင်း ခုနစ်ဦးတို့မှာ သတ်ဖြတ်ခံခဲ့ရကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ဟိန္ဒူဘာသာဝင် မိသားစု ၅၆၃ စု၊ လူဦးရေ ၂၇၅၂ ဦးတို့သည် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ကြရပြီး စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် အိမ်ထောင်စု ၃၂၁ စု၊ လူဦးရေ ၁၂၆၂ ဦး၊ မောင်တောမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် အိမ်ထောင်စု ၂၄၁ စု၊ လူဦးရေ ၁၄၈၇ ဦး၊ ဘူးသီးတောင်မြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု တစ်စု၊ လူဦးရေ သုံးဦးတို့ အသီးသီးခိုလှုံနေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မောင်တောမြို့နယ်အတွင်းရှိ ဟိန္ဒူဘာသာဝင်များ ပျောက်ဆုံးနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဟိန္ဒူဘာသာရေးခေါင်းဆောင် ဦးနီမောလ်ပါ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ဟိန္ဒူဘာသာဝင်များနှင့်အတူ စက်တင်ဘာ ၂၄ ရက် **စာမျက်နှာ ၉ ကော်လံ ၄ သို့**

ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော် ငါးရက်တိုင် ကျင်းပမည်

ရန်ကုန်   စက်တင်ဘာ   ၂၇

ပုဇွန်တောင်မြို့နယ်ရှိ ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပုဇွန်တောင်မြို့နယ် အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ပြောသည်။

"ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ငါးရက်တိုင်တိုင် ကျင်းပမှာဖြစ်ပါတယ်။ လုံခြုံရေးပိုင်းအနေနဲ့လည်း သေသေချာချာ စီစဉ်ဆောင်ရွက်ထားပါတယ်။ ပွဲတော်စည်ကားဖို့အတွက် ပွဲတော်ကျင်းပရေးကော်မတီတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ ပွဲတော်လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အားတွေအပြင် ပွဲတော်ကျင်းပမယ့်နေရာတိုင်းမှာ CCTV တွေပါ တပ်ထားတယ်။ ကျွန်တော်တို့ ပုဇွန်တောင်မြို့နယ် (၉)ရပ်ကွက်အပြင် (၇)ရပ်ကွက်၊ (၁၀)ရပ်ကွက်တို့မှာလည်း ဖျော်ဖြေရေးအစီအစဉ်တွေ ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက်၊ (၉) ရပ်ကွက်နှင့် (၁၀)ရပ်ကွက်တို့အပြင် မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်တော်ရပ်ကွက်နှင့် ဗိုလ်တထောင်မြို့နယ်များပါ ပူးပေါင်းကျင်းပကြသဖြင့် ပိုမိုစည်ကားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ သိရသည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် သိမ်ဖြူလမ်းဆုံရာ မီးပွိုင့်မှစတင်ကာ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် ဗိုလ်တထောင်ဘုရားလမ်းဆုံအထိလည်းကောင်း၊ ရေကျော်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံရာ ရေကျော်မီးပွိုင့်မှစတင်ကာ ရေကျော်လမ်းတစ်လျှောက် အထက်ပုဇွန်တောင်လမ်းဆုံအထိလည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော် ခင်းကျင်းရောင်းချသွားမည်ဖြစ်သည်။

"အရင်တုန်းက ရေကျော်မီးထွန်းပွဲတော်ကို ဇာတ်ကြီးဆယ်ဘွဲ့ပြဇာတ်၊ တေးသရုပ်ဖော်၊ ရာမဇာတ်၊ အက အမျိုးမျိုးတွေနဲ့ ကျင်းပကြတယ်။ အခုနောက်ပိုင်းမှာ ကာတွန်းပြပွဲတွေလည်း ပါလာတယ်"ဟု ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့**

မြန်မာနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

အိမ်ရှင် မြန်မာယူ-၁၆ အသင်း တောင်ကိုရီးယားကို ရှုံးနိမ့်

ရန်ကုန်   စက်တင်ဘာ   ၂၇

အာရှယူ-၁၆ ခြေစစ်ပွဲအုပ်စု (H) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ တောင်ကိုရီးယားနှင့် တရုတ်အသင်း နိုင်ပွဲဆက်ခဲ့ပြီး မြန်မာအသင်းရှုံးပွဲကြုံတွေ့ခဲ့သည်။

တောင်ကိုရီးယား ယူ-၁၆ - လေးဂိုး
မြန်မာ ယူ-၁၆ - ဂိုးမရှိ

အိမ်ရှင်မြန်မာအသင်း ရလဒ်ကောင်းရရန်ကြိုးပမ်းခဲ့သော်လည်း တောင်ကိုရီးယားအသင်းက အာရှထိပ်သီးအသင်း ပီသစွာကစားပြီး ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အရှုံးကြောင့် ခြေစစ်ပွဲမအောင်တော့ဘဲ တောင်ကိုရီးယားနှင့် တရုတ်တို့ အပြိုင်ဖြစ်လာခဲ့သည်။

မြန်မာအသင်းသည် အကောင်းဆုံးလူစာရင်းဖြင့် ပွဲထွက်လာခဲ့ပြီး တောင်ကိုရီးယားအသင်းမှာလည်း နိုင်ပွဲဆက်ရေးအတွက် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့သည်။ မြန်မာအသင်းသည် တောင်ကိုရီးယားတိုက်စစ်ကို အဆင့်ဆင့် ပိတ်ဆို့ခဲ့သော်လည်း ဟာကွက်များ ဖြစ်ပေါ်ကာ အခွင့်အရေးများပေးခဲ့ရသည်။ တောင်ကိုရီးယားအသင်းသည် အချိန်အများစု ဖိကစားနိုင်ခဲ့သော်လည်း မြန်မာအသင်းကစားပုံကြောင့် ဂိုးရရန် ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရသည်။ ၁၅ မိနစ်တွင် တောင်ကိုရီးယားအသင်း ဂိုးစရခဲ့ပြီး ယွန်ဆွတ်ဂျူက ခေါင်းတိုက်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် တောင်ကိုရီးယားအသင်းက ဂိုးထပ်မံရရန် ကြိုးပမ်းခဲ့ပြီး ၃၈ မိနစ်တွင် လီဂျန်ဆွတ်၊ ၅၇ မိနစ်တွင် ဂျောင်ဆန်ဘင်တို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ တောင်ကိုရီးယားအတွက် စတုတ္ထဂိုးကို ၈၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဟောင်ယွန်ဆောင်က သွင်းယူပေးခဲ့သည်။ နှစ်ပွဲဆက်အနိုင်ရခဲ့သည့် တောင်ကိုရီးယားနှင့် တရုတ်အသင်းတို့ နောက်ဆုံးပွဲမှာ ခြေစစ်ပွဲအောင်မြင်ရေးအဆုံးအဖြတ်ပွဲဖြစ်လာမည်ဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**